မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၄၅)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ သောကြာနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေ၊ ဖင်လန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံနှင့် အီတလီနိုင်ငံများသို့ တရားဝင်ခရီးသွားရောက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖင်လန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူလီနီနီစတို၊ ဩစတြီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟိန်းဇ်ဖစ်ရှာ၊ အီတလီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျော်ဂျီယို နာပိုလီတာနို၊ နော်ဝေနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဂျန်း(စ်) စတိုလ်တန်ဘတ်ခ်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ဟိုဆေးမန်နျူရယ် ဘာရိုဆို တို့၏ ဖိတ်ကြားချက်အရ မကြာမီကာလအတွင်း နော်ဝေ၊ ဖင်လန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံနှင့် အီတလီနိုင်ငံများသို့ တရားဝင်ခရီး သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတွင် သံအမတ်ကြီးအဆင့်ကို လာမည့်မေလတွင် စတင်ထားရှိရန်စီစဉ် ပညာရေးနှင့်ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Ivan Mrkic ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဆားဘီးယားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Nino Maljevic လည်း တက်ရောက်သည်။

တွေ့ဆုံရာ၌ ပညာရေးနှင့်ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ စွမ်းအင်၊ သစ်တော၊ ရော်ဘာ၊ စားသောက်ကုန်ထုတ်လုပ်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များတွင် ဆားဘီးယားနိုင်ငံမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့အတူ နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားခဲ့ရာ၌ ဆားဘီးယားနိုင်ငံသမ္မတက ၎င်း၏သမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ မိမိအား ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိကလည်း အဆွေတော်တို့၏ သမ္မတကြီးအား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ဖိတ်ကြားပါကြောင်းဖြင့် ပြောကြားခဲ့ပြီး ဆားဘီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ဘဲလ်ဂရိတ်မြို့တွင် မြန်မာသံအမတ်ကြီးထားရှိပြီးဖြစ်၍ ဆားဘီးယားနိုင်ငံကလည်း မြန်မာနိုင်ငံတွင် သံအမတ်ကြီးအဆင့်ကို လာမည့်မေလတွင် စတင်ထားရှိရန် စီစဉ်ထားပါကြောင်းဖြင့် ဆွေးနွေးတင်ပြခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Ivan Mrkic အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ယနေ့ မာတိကာ

မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသည့် ဖော်ရွေပျူငှာမှု၊ ညှိဝတ်ကျေမှု၊ သနားကြင်နာမှု စသည့် မြန်မာ့ဓလေ့ထုံးတမ်းကို အပြည့်အဝ ပေးကြရမည် *ခေါင်းကြီး* *စာမျက်နှာ - ၂*

အမျိုးသားရေးကြိုးစားပေး SEA GAMES ပြိုင်ပွဲကြီး အောင်မြင်ရေး *စာမျက်နှာ - ၆*

ရေအားနည်းရပ်ကွက်များသို့ မန်းစည်ပင်က ရေပေးဝေ *စာမျက်နှာ - ၁၀*

မန်စီးတီးကွင်းမှာ စီးချင်းထိုးမယ့် ချယ်လ်ဆီး *စာမျက်နှာ - ၁၃*

တစ်နေ့တခြား လူကြိုက်များလာနေသည့် ငါးမြစ်ချင်းခြစ် *စာမျက်နှာ - ၁၄*

ကျေးလက်များဖွံ့ဖြိုးရေး ချေးငွေများထုတ်ချေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် မြန်မာနိုင်ငံတစ်ဝန်း ကျေးရွာတစ်ရွာတွင် ကျပ်သိန်း ၅၀၀ ထုတ်ချေးသွားမည်ဖြစ်ကြောင်း သမဝါယမဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျေးရွာတွေဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ချေးငွေထုတ်ချေးတာဖြစ်ပါတယ်။ ဒီလိုထုတ်ချေးတဲ့ငွေကြေးအရင်းအနှီးတွေနဲ့ ကျေးရွာအလိုက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေကိုပြုလုပ်နိုင်ဖို့ အထောက်အကူပြုမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

အဆိုပါ ချေးငွေများဖြင့်ကျေးရွာများတွင် အသေးစားစက်မှုလုပ်ငန်း၊ တစ်ပိုင်တစ်နိုင်ထုတ်ကုန်လုပ်ငန်းနှင့် ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ကျေးလက်ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ပြုလုပ်လာနိုင်ခြင်းကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကိုလည်း အကျိုးပြုနိုင်မည်ဖြစ်သည်။

ထိုသို့ ချေးငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လာမည့် နှစ်အနည်းငယ်အတွင်း ကျေးရွာများ ကိုယ်ပိုင်အနေအထား တစ်ခုသို့ ရောက်ရှိရပ်တည်လာနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးထုတ်ကုန်များရောင်းဝယ်ခြင်း လုပ်ငန်းများကိုလည်း ထိုက်သင့်သည့် ငွေကြေးများဖြင့် ကျေးလက်နေပြည်သူများ လုပ်ကိုင်လာနိုင်ကြမည်ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့် မြို့များသို့ ဆက်သွယ်သည့်လမ်းများနှင့် တံတားများ စသည်တို့ကို ဖော်ဆောင်ပေးလျက်ရှိရာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ရရှိလာမည်ဖြစ်သည်။

အာကာဟိန်း-ရေးသည်

(မြန်မာ့အလင်း)

နောက် နှစ် ရက် အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

သာယာမည်

၂၂-၂-၂၀၁၂

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ခရီးသွားလုပ်ငန်းတိုးတက်အောင်မြင်ရေး

ခရီးသွားလုပ်ငန်းသည် ယနေ့ကမ္ဘာပေါ်တွင် အလျင်အမြန်ကြီးပွားတိုးတက်နေသည့် စီးပွားရေးလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေပြီး နိုင်ငံခြားငွေများကိုလည်း ရှာဖွေသောလုပ်ငန်းဖြစ်သည်။ ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သောစက်ရုံဟုလည်း တင်စားခေါ်ဝေါ်ကြသည်။ ယင်းလုပ်ငန်းသည် သဘာဝအရင်းအမြစ်များ ထုတ်ယူသုံးစွဲမှုမပြုဘဲနှင့် ပြည်သူများ ဝင်ငွေရရှိသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေမြေတောတောင် သဘာဝအရင်းအမြစ်များ ဖြစ်တည်လျက်ရှိပြီး ယင်းသဘာဝအလှအပများသည် ခရီးသွားပြည်သူတို့ကို ဆွဲဆောင်လျက်ရှိသည်။ မြန်မာ့မြေပေါ်တွင် ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ဇီဝမျိုးစုံ၊ မျိုးကွဲများ ထိန်းသိမ်းကာကွယ်ထားသည့် သဘာဝတောများ၊ သဘာဝကျွန်းတောများ၊ ရှေးဟောင်း စေတီပုထိုး၊ ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝကမ်းခြေများ ဖြစ်တည်လျက်ရှိသည်။ နိုင်ငံအတွင်း ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝမှုများသည် ကမ္ဘာလှည့်ခရီးသွားများအတွက် စိတ်ဝင်စားဖွယ်ရာ နေရာများဖြစ်စေပါသည်။

မြန်မာနိုင်ငံ၏ ပွင့်လင်းမြင်သာသော ပြောင်းလဲမှုများကြောင့် နိုင်ငံတကာမှ ပိုမိုစိတ်ဝင်စားမှုများ များပြားလာပြီး လာရောက်လည်ပတ်သူများလည်း တိုးတက်များပြားလာခဲ့သည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ဟိုတယ်လုပ်ငန်းသည်လည်း အရေးပါလာခဲ့သည်။ ဝင်ရောက်လာသည့် ဧည့်သည်များ လက်ခံနိုင်ရေး ဟိုတယ်အရေအတွက်များလည်း ပိုမိုလိုအပ်လာသကဲ့သို့ နိုင်ငံတကာအဆင့်မီရန်နှင့် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများကို အပြည့်အဝပေးနိုင်ရန်လည်း လိုအပ်သည်။ ဝန်ဆောင်မှုအရည်အသွေး မြင့်မားလာသည်နှင့်အမျှ ဟိုတယ်လုပ်ငန်းသည်လည်း တိုးတက်အောင်မြင်သော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်လာမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် အဓိကခရီးသွားထွက်ကုန်ဖြစ်သော သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုအမွေအနှစ်အခြေခံခရီးသွားလုပ်ငန်း၊ အပျော်စီးသင်္ဘောနှင့် မြစ်တွင်းသွားလာမှုအခြေခံသော ခရီးသွားလုပ်ငန်းများအပြင် လူမှုအဖွဲ့အစည်းအခြေခံခရီးသွားလုပ်ငန်း ပါဝင်လာခြင်းဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတကာမှ ခရီးသွားများ ပိုမိုရောက်ရှိလာရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများသည် အဓိကကျသဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို အဘက်ဘက်က ပြည့်စုံကောင်းမွန်ရန် အပြည့်အဝဖြည့်ဆည်းပေးနိုင်ရမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် ဆင့်ပွားအကျိုးကျေးဇူးများအဖြစ် ဒေသတွင်းရှိ ပြည်သူများအလုပ်အကိုင်အခွင့်အလမ်း၊ နိုင်ငံတကာဆက်ဆံရေးအခွင့်အလမ်း၊ နည်းပညာ အသိပညာ တိုးတက်နိုင်မှုအခွင့်အလမ်း၊ ရင်းနှီးမြှုပ်နှံနိုင်မှုအခွင့်အလမ်းနှင့် ဆင်းရဲနွမ်းပါးမှုလျော့နည်းစေသည့် အခွင့်အလမ်းများကို ရရှိစေသည်။

ခရီးသွားလုပ်ငန်း တိုးတက်အောင်မြင်ရေးအတွက် နိုင်ငံအတွင်း ရောက်ရှိလာသည့် ဧည့်သည်များ ထပ်မံလည်ပတ်စေရန်နှင့် လာရောက်လည်ပတ်ချင်သူများအား ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ အတွေ့အကြုံများ မျှဝေပေးနိုင်ရန် မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသည့် ဖော်ရွေပျူငှာမှု၊ ဧည့်ဝတ်ကျေမှု၊ သနားကြင်နာမှုစသည့် မြန်မာ့ဓလေ့ထုံးတမ်းကို အပြည့်အဝပေးကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

လိုက်ဆည်ရေသောက်စနစ်ဖြင့် သီးထပ်သီးညှပ်များ အောင်မြင်စွာစိုက်ပျိုးနိုင်သည့် တစ်ဆက်တစ်စပ်တည်း စံပြစက်မှုလယ်ယာမြေ ဧက ၃၀၀၀ စိုက်ကွင်းဖွင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်သည် တောင်သူများ နိုးကြားစည်းရုံးမှုရှိသည့်နယ်မြေဖြစ်၍ စံပြစက်မှုလယ်ယာမြေစံပြစိုက်ကွင်းကို လိုက်ဆည်ရေသောက်စနစ်ဖြင့် သီးထပ်၊ သီးညှပ်များအောင်မြင်စွာ စိုက်ပျိုးနိုင်သည့် တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေ ဧက ၃၀၀၀ အားရွေးချယ်ပြီး ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပြုပြင်ခြင်း၊ မြေညှိခြင်း၊ ဆည်ရေသောက်စနစ် အဆင့်မြင့်ပြုပြင်ခြင်း၊ ရေသွင်းမြောင်း၊ ရေနုတ်မြောင်းနှင့် ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးပညာရှင်များက မျိုးကောင်း မျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပြီး သိပ္ပံနည်းကျစိုက်နည်းစနစ်များကို စိုက်ပျိုးပြသခြင်း နည်းလမ်းအပါအဝင် ရိတ်သိမ်းခြွေလှေ့ရာတွင် လိုအပ်သောစက်ယန္တရားများ ပြည့်စုံစွာ စုဖွဲ့ရောက်ရှိ ပြင်ဆင်ထားရှိပြီးဖြစ်သည်။

ယင်းစိုက်ကွင်းအတွင်း သက်တမ်းတိုရက် ၁၀၀ ပုလဲသွယ် စပ်မျိုးစပါးစိုက်ခင်းများ၊ တစ်ဧက တင်း ၁၀၀ ထွက် အစေ့ထုတ်ပြောင်း စိုက်ခင်းများ၊ တစ်ဧကတင်း ၅၀ ထွက် စပ်မျိုးနေကြာသီးနှံစိုက်ခင်းများကိုလည်း စံနမူနာပြစိုက်ပျိုးထားရှိပြီး မတ်လ ၂ ရက်တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့အား ကြိုဆိုဂုဏ်ပြုကျင်းပမည့် စိုက်ကွင်းဖွင့်ပွဲနှင့် ကောက်စိုက်ပွဲအခမ်းအနား ပြင်ဆင်ထားရှိမှုများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် သွားရောက်ပြီး ပုလဲသွယ်စပ်မျိုးစပါး၊ နေကြာ၊ မြေပဲ၊ ပဲပုပ်၊ ဝါဂွမ်းနှင့် ကြံသီးနှံ မျိုးကောင်းမျိုးသန့်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ရိတ်သိမ်းခြွေလှေ့စက်၊ ဘက်စုံသုံး လက်တွန်းထွန်စက်၊ မြောင်းတူးစက်၊ ရိတ်ဖြတ်စက်၊ ထွန်ယက်စက်၊ ပေါင်းရိတ်ဖြတ်စက်၊ ဘောင်ပလတ်စတစ်အုပ်စက်၊ ထွန်ယက်စက်၊ ဘောင်ဖော်စက်၊ စပါးရိတ်စက်၊ ထွန်ခြစ်စက်နှင့် မြေထွန်စက် စသည်များအား ကြည့်ရှုစစ်ဆေးပြီး အဆိုပါစက်များ လက်တွေ့အသုံးချနိုင်ရေး လယ်ယာလုပ်သား လူငယ်များအား လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။

ထို့နောက် တစ်ဧကတင်း ၁၀၀ ထွက် မြေပဲစိုက်ခင်းဧက ၅၀ ဖြစ်ထွန်းအောင်မြင်နေမှုများ၊ ငရုတ်သီးနှံနှင့် မြေပဲသုတေသနစိုက်ခင်းများ၊ခေတ်မီစက်ကိရိယာများနှင့် မျိုးစေ့သန့်စင်စက်ကြီးများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၀ ရက်က စီမံချက်ဖြင့် ယာဉ်စည်းကမ်းမလိုက်နာသော ဆိုင်ကယ်စီးသူများ ဦးထုပ်ဆောင်းခြင်း ရှိ မရှိ၊ မေးသိုင်းကြိုးတပ်ဆင်ခြင်း ရှိ မရှိ၊ ယာဉ်ကြွေခိုင်မှု ရှိ မရှိ စစ်ဆေးမှုများကို တာဝန်ရှိသူများ ဆွမ်းပရာဘွမ်လမ်းမကြီးပေါ်တွင် စိစစ်အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ကြစဉ်။

လဘန်အောင်(ကချင်မြေ)

နေပြည်တော်ရှိ မြတ်ပါရမီလူမှုကူညီရေးအသင်း အောက်ဆီဂျင်ဘူးအခမဲ့ငှားရမ်းကူညီ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ မြတ်ပါရမီ လူမှုကူညီရေးအသင်းသည် နေပြည်တော်ရှိ ဝန်ထမ်းများ၊ မိသားစုများနှင့် ပြည်သူများအား အောက်ဆီဂျင်ဘူး လိုအပ်နေသည့် လူနာများအတွက် အောက်ဆီဂျင်ဘူး အခမဲ့ ငှားရမ်းကူညီပေးနေကြောင်း သိရသည်။

"ကျွန်တော်တို့ အသင်းမှာ အောက်ဆီဂျင်ဘူး တစ်လုံးကို ကျပ်တစ်သိန်းသုံးသောင်းနဲ့ အောက်ဆီဂျင်ဘူး(အလတ်)ဆိုက် အလုံး ၃၀ ကျော်ရှိပါတယ်။ အသင်းရဲ့ နာယကများ၊ အလုပ်အမှုဆောင်များ၊ အသင်းသူ အသင်းသားများနဲ့ စေတနာရှင် အလှူရှင်များက စုပေါင်းလှူဒါန်းထားတဲ့ အောက်ဆီဂျင်ဘူးများဖြစ်ပါတယ်။ မည်သူ့ကိုမဆို အခမဲ့ငှားရမ်းကူညီပေးမှာပါ"ဟု အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆက်သွယ်နိုင်

မြတ်ပါရမီလူမှုကူညီရေးအသင်းသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီး၏ ဘာသာရေး၊ လူမှုရေး၊ သာရေး၊ နာရေးစသည့် လူမှုကူညီမှုလုပ်ငန်းများကို အသင်း၏ ဆောင်ပုဒ်ပါအတိုင်း "အများအပူ မျှဝေယူ၍ စိတ်ဖြူမွန်မြတ်ဒို့ပေးဆပ်၏" ဆိုသကဲ့သို့ ကူညီလျက်ရှိရာ ဖုန်း-၀၉-၄၂၀၇၁၀၀၆၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မောင်မောင်သန်း(ကော့မှူး)

ကျောက်တန်းမြို့နယ်တွင် တောင်သူပညာပေးဆွေးနွေး

ကျောက်တန်း ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဌာန ဦးစီးမှူး ဦးဝင်းမြင့်၏ လမ်းညွှန်ချက်အရ မြေအသုံးချရေးရုံးချုပ်နှင့် ခရိုင်၊ မြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁၉ ရက် နံနက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် သနပွင်ချင်းကျေးရွာတွင် တောင်သူပညာပေးဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် မြေအသုံးချရုံးခွဲတာဝန်ခံ ဒေါ်ဝင်းဝင်းမိုးက နွေထယ်ရေးခံခြင်း၊ သီးထပ်ပဲသီးနှံစိုက်ပျိုးရေး၊ မြေဩဇာအသုံးပြုမှုနှင့် မြေဩဇာဥပဒေများကိုလည်းကောင်း၊ မြေအသုံးချရေးရုံးချုပ်မှ ဒုတိယ ဦးစီးမှူး ဒေါ်နန်းရှုန်အေးက မြေငန်များတွင် ဂျစ်ပဆန်ကျောက်မှုန့် အသုံးပြု၍ မြေပြုပြင်ခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်းနှင့် သစ်စိမ်းမြေဩဇာ(ပဲမျိုးစုံ)စိုက်ပျိုးရေးကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးငွေမောင်က ရိုးပြတ်မကျန် သီးထပ်စိုက်ပျိုးရေးနှင့် သီးနှံများ ဧကပြည့်စိုက်ပျိုးရေးတို့ကို ပညာပေးဆွေးနွေးကြပြီး တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားဆွေးနွေးကြသည်။

အလားတူ တောင်သူပညာပေးဆွေးနွေးပွဲများကို ယင်းနေ့မွန်းလွဲပိုင်းက ဘော်ဂလွတ်ကျေးရွာအုပ်စု၊ ချောင်းဝကျေးရွာအုပ်စုနှင့် မီးပြကျေးရွာအုပ်စုတို့တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(၀၁၉)**

ထင်သာမြင်သာ ပြုပြင်စရာ

နေပြည်တော်- ရန်ကုန် အမြန်လမ်းမ မိုင်တိုင်အမှတ်(၅၂)အနီးတွင် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၄ နာရီခွဲခန့်က ကုန်တင်ယာဉ်တစ်စီး ဖြတ်သန်းမောင်းနှင်နေစဉ်။ (အဆိုပါ အမြန်လမ်းမကြီးများပေါ်တွင် ကုန်တင်ယာဉ်များမောင်းနှင်ခြင်းမပြုရန် ကြိုတင်သတိပေး တားမြစ်ထားသည်။) **(သန့်စင်)**

အမြို့မြို့အနယ်နယ် ပုံ့သည့်သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

(၆၅) နှစ်မြောက် ချင်း အမျိုးသားနေ့ အထိမ်းအမှတ် ဂုဏ်ပြု မိတ်ဆုံ စားပွဲကို နေပြည်တော်ရှိ မြန်မာ အပြည်ပြည် ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟို ဌာန၌ ကျင်းပစဉ်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် ဂုဏ်ပြုမိတ်ဆုံစားပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

(၆၅)နှစ်မြောက် ချင်းအမျိုးသားနေ့အထိမ်းအမှတ် ဂုဏ်ပြုမိတ်ဆုံစားပွဲကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးနန္ဒကျော်စွာနှင့် ဦးမြညိမ်း၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ၊ အနယ်နယ်အရပ်ရပ်မှ ချင်းတိုင်းရင်းသားများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ချင်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့က ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး ချင်းတိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုက ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ပါရဂူဘွဲ့ရရှိသည့် ချင်းတိုင်းရင်းသားများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် ဂုဏ်ပြုမိတ်ဆုံစားပွဲသို့ တက်ရောက်ချီးမြှင့်ကြသည့် ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား ချင်းတိုင်းရင်းသား ကိုယ်စားလှယ်များက တိုင်းရင်းသားရိုးရာ အဆိုအကများ၊ ရိုးရာအစားအသောက်များဖြင့် ဂုဏ်ပြုဧည့်ခံကျွေးမွေးသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်အား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေရေးနှင့်ကုသရေးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် WARMTH (WORLD ASSOCIATION OF RADIOPHARMACEUTICAL & MOLECULAR THERAPY) အဖွဲ့အစည်းတို့ပူးပေါင်း၍ National Symposium on Nuclear Medicine in Routine Clinical Practice ဆွေးနွေးပွဲကို ရန်ကုန်မြို့ Chatrium Hotel ၌ မတ်၁၀ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ တက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဏုမြူရောင်ခြည်ဖြင့်ရောဂါရှာဖွေရေးနှင့် ကုသရေးဌာနသို့ မတ် ၆ ရက်မှ ၈ ရက်အထိ ရုံးချိန်အတွင်း ကြိုတင်လာရောက် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် လူဦးရေကန့်သတ်ထားကြောင်း သိရှိရသည်။

(ဆွေဆွေနိုင်-သတင်းစဉ်)

လူ့အခွင့်အရေးနှင့်ပတ်သက်သည့် လွှတ်တော်အတွင်း လွှတ်တော်ပြင်ပဆောင်ရွက်နေမှုများ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဌေးဦးအား အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီမှ ညွှန်ကြားရေးမှူး Dr. David Yang ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိပြည်သူ့လွှတ်တော် ကော်မတီအဆောင် အမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ ပြောင်းလဲကျင့်သုံးနေသည့်စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်လာသော ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ လူ့အခွင့်အရေးနှင့်ပတ်သက်သည့် လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပဆောင်ရွက်နေမှုများ၊ ကော်မတီ၏လုပ်ငန်းများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ် အေးချမ်းမှုရရှိရေးကိစ္စရပ်များနှင့် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



မာလီနိုင်ငံသို့ တပ်ဖွဲ့ဝင် ၃၃၀ စေလွှတ်ရန် ဂျာမနီအစိုးရ သဘောတူ

ဘာလင် ဖေဖော်ဝါရီ ၂၁

အနောက်အာဖရိက နိုင်ငံဖြစ်သည့် မာလီနိုင်ငံအတွင်းရှိ ပြင်သစ်ဦးဆောင်သော စစ်ပွဲကို ထောက်ပံ့ရန် တပ်ဖွဲ့ဝင် ၃၃၀ကျော် ဖြန့်ကြက်မှုကို ဂျာမနီအစိုးရက သဘောတူထောက်ခံလိုက်ကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က ပရက်စ်တီဗွီသတင်း၌ ဖော်ပြသည်။

ထုတ်ပြန်ခဲ့

အဆိုပါတပ်ဖွဲ့ဝင်များသည် ပြင်သစ်နှင့်အနောက်အာဖရိက တပ်ဖွဲ့ဝင်များကို သယ်ယူပို့ဆောင်မှုနှင့် ထောက်ပံ့မှုအစီအမံများအပြင် မာလီတပ်ဖွဲ့အား လေ့ကျင့်မှုကိုပါ တာဝန်ယူထမ်းဆောင်မည်ဖြစ်ကြောင်း ဘာလင်အစိုးရက ဖေဖော်ဝါရီ ၂၀ ရက်တွင်ဆုံးဖြတ်ပြီး ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဂျာမနီအထူးတပ်ဖွဲ့ကို တိုက်ခိုက်မှုတွင်ပါဝင်ရန် ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ စတတ်ဖန်စီးဘတ်က ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

မာလီတပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးရန် ရည်ရွယ်ချက်ဖြင့် ဥရောပသမဂ္ဂလေ့ကျင့်ရေးအဖွဲ့ (အီးယူတီအမ်)နောက်ဆုံးအဆင့် ထူထောင်ဖွဲ့စည်းမှုတွင် အီးယူနိုင်ငံခြားရေးဝန်ကြီးများ တရားဝင်သဘောတူထောက်ခံခဲ့ပြီးနောက် အချိန်တိုတွင်းမှာပင် ယင်းဆုံးဖြတ်ချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ကူညီပေးသွားမည်

ဂျာမနီတပ်ဖွဲ့ဝင် ၁၈၀ တို့သည် အီးယူတီအမ်နှင့်အတူ ပူးပေါင်းမည်ဖြစ်ပြီး အခြား ၁၅၀တို့မှာ တစ်နှစ်တာဝန်ထမ်းဆောင်စဉ်အတွင်း အာဖရိကနှင့် ပြင်သစ်တပ်ဖွဲ့ဝင်များကို လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ရာတွင် ကူညီပေးသွားမည်ဖြစ်ကြောင်း ဂျာမနီအစိုးရက ပြောကြားသည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင် စုစည်းသည်

ဒရုန်းလေယာဉ်များကြောင့် လူ ၄၇၀၀ ခန့်သေဆုံး အမေရိကန် အထက်လွှတ်တော်အမတ် ပြောကြား

နယူးယောက် ဖေဖော်ဝါရီ ၂၁

အမေရိကန်ဒရုန်းလေယာဉ် တိုက်ခိုက်မှုများကြောင့် အရပ်သားများအပါအဝင် လူပေါင်း ၄၇၀၀ ခန့် သေဆုံးခဲ့ကြောင်း အမေရိကန်အထက်လွှတ်တော်အမတ်တစ်ဦး၏ ပြောကြားချက်ကို ဖေဖော်ဝါရီ ၂၁ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

မိမိတို့ဒရုန်းလေယာဉ်များဖြင့် လူပေါင်း ၄၇၀၀ ကို သတ်ဖြတ်ခဲ့ကြောင်း၊ ဒရုန်းအသုံးပြုတိုက်ခိုက်မှုကို အခိုင်အမာထောက်ခံသူတစ်ဦးဖြစ်သည့် ရီပတ်ဘလီကင်အထက်လွှတ်တော်အမတ် လင့်ဆေးဂရာဟန်က ပြောကြားခဲ့ကြောင်း ဖေဖော်ဝါရီ ၂၀ ရက်က အေအက်ဖ်ပီသတင်းတွင် ဖော်ပြပါ ရှိသည်။

ရံဖန်ရံခါတွင် အပြစ်မဲ့ပြည်သူများအား ထိခိုက်မှုနှင့် ပတ်သက်ပြီး မိမိအနေဖြင့် မနှစ်သက်ခဲ့ကြောင်း၊ သို့သော်လည်း မိမိတို့သည် အလွန်အဆင့်မြင့်သည့် အယ်လ်ခိုင်ဒါအဖွဲ့ဝင်များကို တိုက်ခိုက်နေရသည့် စစ်ဆင်မှုရှိနေကြောင်း ဂရာဟန်က ထပ်လောင်းပြောကြားခဲ့သည်။ အဆိုပါ ဒရုန်းယာဉ်သည် အသုံးပြုရန်လိုအပ်သည့် လက်နက်တစ်ခုဖြစ်ကြောင်း၊ ပင်လယ်ရပ်ခြားနိုင်ငံများကို တိုက်ခိုက်မှုများလုပ်ဆောင်ရာတွင် သမ္မတဘားရက်အိုဘားမား၏ ဒရုန်းယာဉ်များအသုံးပြုမှုအပေါ် ဂရာဟန်က ကာကွယ်ပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းဒရုန်းယာဉ်သည် နည်းဗျူဟာလက်နက်တစ်ခုဖြစ်ကြောင်း၊ လက်နက်တပ်ဆင်ထားသည့် မောင်းသူမဲ့ယာဉ်တစ်စင်းလည်းဖြစ်ကြောင်း အထက်လွှတ်တော်အမတ်က မှတ်ချက်ပြုပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် ၂၀၀၄ ခုနှစ်ကတည်းက အမေရိကန်ဒရုန်းလေယာဉ်များ တိုက်ခိုက်မှုကြောင့် သေဆုံးသူလူပေါင်း ၂၆၂၇ ဦးမှ ၃၄၅၇ ဦးအကြားရှိကြောင်း၊ ယင်းတို့ထဲတွင် အရပ်သားသေဆုံးမှုမှာ ၄၇၅ ဦးမှ ၉၀၀ နီးပါးအထိရှိကြောင်း လန်ဒန်အခြေစိုက် စုံစမ်းစစ်ဆေးရေးသတင်းစာဗျူရို၏ဖော်ပြချက်အရသိရသည်။ **(ပရက်စ်တီဗွီ)**

ဩစတြေးလျစွမ်းအင်ဝန်ကြီး တီမောလက်စ်တေသို့ သွားရောက်

ကင်ဘာရာ ဖေဖော်ဝါရီ ၂၁

ဩစတြေးလျနိုင်ငံ သဘာဝအရင်းအမြစ်နှင့် စွမ်းအင်ဝန်ကြီး မာတင်ဖာဂူဆန်သည် တီမောလက်စ်တေနိုင်ငံသို့ ရေနံနှင့်ဓာတ်ငွေ့အရင်းအမြစ်များ စီမံခန့်ခွဲရေးတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်ကာ ဖေဖော်ဝါရီ ၂၁ ရက်က နှစ်ရက်ကြာအလည်အပတ်ခရီးစဉ် စတင်ခဲ့သည်။

ဖာဂူဆန်သည်တီမောလက်စ်တေနိုင်ငံ၌ သမ္မတကြီးအပါအဝင် ပါလီမန်ခေါင်းဆောင်များ၊ ရေနံနှင့်တွင်းထွက်ပစ္စည်းအရင်းအမြစ်ဝန်ကြီးဌာနစသည့် အရေးကြီးပုဂ္ဂိုလ်များနှင့် တွေ့ဆုံရန် မျှော်လင့်ထားသည်။ သူသည် ရေနံဖွံ့ဖြိုးတိုးတက်မှုနယ်မြေဒေသ (ဂျေပီဒီအေ)၌ ဩစတြေးလျနှင့် တီမောလက်စ်တေနိုင်ငံတို့အကြား ရေနံနှင့်ဓာတ်ငွေ့အရင်းအမြစ်များ စီမံခန့်ခွဲမှုပူးပေါင်းဆောင်ရွက်ရေးကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးမည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ဆီးရီးယားတပ်ဖွဲ့ လက်နက်များသိမ်းဆည်းရမိ

ဒမတ်စကတ် ဖေဖော်ဝါရီ ၂၁

ဆီးရီးယားအစိုးရတပ်ဖွဲ့သည် နိုင်ငံတစ်ဝန်း စစ်ဆင်ရေးတစ်ရပ်ဆောင်ရွက်စဉ်အတွင်း ပြည်ပကျောထောက်နောက်ခံပြုနေသော စစ်သွေးကြွအများအပြားကို သတ်ဖြတ်ချေမှုန်းပြီး ၎င်းတို့၏လက်နက်များသိမ်းဆည်းခဲ့ကြောင်း **(အောက်ပုံ)** အစိုးရတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။

သိမ်းဆည်းရမိ

ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်များသည် အစိုးရအုပ်ချုပ်မှုအောက်ရှိ ဒမတ်စကတ်၊ ဟွမ်းစ်၊ အလတ်ပိုလီနှင့် အီလစ်မြို့များတွင် ဖေဖော်ဝါရီ ၂၀ ရက်က စတင်ပြီး စစ်သွေးကြွအများအပြားကို ဆန့်ကျင်တိုက်ခိုက်မှုများဆောင်ရွက်ခဲ့ကြောင်း၊ ယင်းစစ်ဆင်ရေးတွင် စစ်သွေးကြွအများအပြားသေဆုံးခဲ့ကြောင်း အစိုးရပိုင်ဆာနာသတင်းဌာနက ထုတ်ပြန်သည်။ ထို့အပြင် ဆီးရီးယားတပ်ဖွဲ့သည် စစ်သေနတ်များ၊ ရိုင်ဖယ်များ၊ ဒုံးကျည်လောင်ချာများ၊ လက်ပစ်ဗုံးများ၊ စိန်ပြောင်းများနှင့် တင့်ကားဖျက်ဒုံးကျည်များကို သိမ်းဆည်းရမိခဲ့သည်ဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

တူရကီနိုင်ငံအတွင်းရှိ ဆီးရီးယားအမျိုးသမီးဒုက္ခသည်များကို အာရပ်နိုင်ငံများသို့ရောင်းချနေဟုဆို

တူရကီနိုင်ငံ ဒုက္ခသည်စခန်းများရှိ ဆီးရီးယားအမျိုးသမီးများနှင့် ကလေးများကို ဤသို့တွေ့ရသည်။

အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၂၁

တူရကီနိုင်ငံ ဒုက္ခသည်စခန်းများရှိ ဆီးရီးယားအမျိုးသမီး ဒုက္ခသည်များကို ကြွယ်ဝချမ်းသာသည့် အာရပ်နိုင်ငံများသို့ ရောင်းချလျက်ရှိနေကြောင်း တူရကီအတိုက်အခံ ရီပတ်ဘလီကင်ပြည်သူ့ပါတီ၏ ဒုတိယဥက္ကဋ္ဌ ဖာရတ်လိုင်ဂေါ့ကူ၏ ပြောကြားချက်ကို ဖေဖော်ဝါရီ ၂၁ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ပို့ဆောင်လျက်ရှိ

တူရကီနိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် လူသားချင်းစာနာထောက်ထားမှုများကို ချိုးဖောက်ပြီး အမျိုးသမီးနှင့် မိန်းကလေးငယ်များကို ငွေကြေးနှင့်ဖလှယ်ရန်အတွက် အနီးဝန်းကျင်ရှိ ကြွယ်ဝချမ်းသာသော အာရပ်နိုင်ငံများသို့ ပို့ဆောင်လျက်ရှိနေကြောင်း တူရကီအရာရှိ၏ဝေဖန်ဆန်းစစ်မှုကို ပါလီမန်သို့ ဖေဖော်ဝါရီ ၂၀ ရက်က အကြောင်းကြားခဲ့ကြောင်း တူရကီ တာရတ်ဖ် နေ့စဉ်ထုတ်သတင်းစာတွင် ဖော်ပြသည်။

ဆီးရီးယားမှ ဒုက္ခသည် ကလေးငယ်များကိုလည်း သေနတ်များအသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပေးပြီး ဆီးရီးယားအစိုးရတပ်ဖွဲ့သို့ ပို့ဆောင်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တူရကီအစိုးရသည် နိုင်ငံတောင်ပိုင်းရှိ ဒုက္ခသည်စခန်းများတွင် ဆီးရီးယားဒုက္ခသည် ၁၈၀၀၀၀ အထိ လက်ခံထားသည်ဟုဆိုသည်။

တူရကီနိုင်ငံရှိ ယာယီစခန်းများတွင် ရောက်ရှိနေသော ဆီးရီးယားဒုက္ခသည်များ၏ ၇၅ ရာခိုင်နှုန်းမှာ အမျိုးသမီးများနှင့်ကလေးငယ်များဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ထုတ်ပြန်ချက်များအရ သိရှိရသည်။ **(ပရက်စ်တီဗွီ)**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄၅)လမ်း၊ အမှတ် ၁၉/၂၁ ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးပိုင် မြေကွက်တွင် (၁၂)ထပ်အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ ယင်းအဆောက်အအုံတွင် ယာဉ်ရပ်နားနေရာနှစ်ထပ်နှင့် ရုံးခန်းနေရာ ၁၀ထပ်ပါဝင်မည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်သူမှ အပြည့်အဝရင်းနှီးမြှုပ်နှံ၍ အချိန်ကာလနှစ်နှစ်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် အကျိုးအမြတ်ခွဲဝေခြင်းစနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသော ပြည်တွင်းနိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၁၅-၃-၂၀၁၃ ရက် နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။

၄။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို အောက်ပါနေရာများတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်

(ခ) မြန်မာနိုင်ငံစာရင်းကောင်စီရုံး၊ ရန်ကုန်မြို့

၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဖုန်း - ၀၆၇-၄၀၇၃၂၆၊ ၀၆၇-၄၀၇၃၂၇၊ ၀၁-၂၂၃၀၄၃

(ခ) Fax - ၀၆၇-၄၀၇၃၂၆၊ ၀၆၇-၄၀၇၃၂၇၊ ၀၁-၂၂၃၀၄၃

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

❍ ကျောဖုံးမှ

လုပ်ငန်းရှင်ပေ့ါ။ သူတို့ဆီမှာတော့ ပြောင်းပြန်ပဲ၊ စက်မှုကို ဈေးလျှော့တယ်။ ပြည်သူလူထုကိုတောင် တန်းတူနှုန်းမပေးဘူး။ အခြေခံ လူတန်းစားကို အနည်းဆုံးဈေးနဲ့ အရှုံးခံပေးလိုက်တယ်။ သတ်မှတ်ထားတဲ့ ယူနစ်ကျော်သုံးရင်တော့ Sorryပဲ။ ဒီနှုန်းနဲ့မရတော့ဘူး။ နှစ်ဆပဲ။ Air-com သုံးတဲ့လူကို ဈေးလျှော့မပေးဘူး။

နောက်တစ်ခါ SMEs တွေကို တစ်ခါထပ်ပြီး ခွဲထားတယ်။ Small ဆိုတဲ့ အသေးစားလုပ်ငန်းကို ဆင်းရဲသားထက်သာသာ အရှုံးတောင်ခံပေးလိုက်တယ်။ ပြီးတော့မှ Medium ဆိုတဲ့အလတ်စားနဲ့ အကြီးစားတွေကို သတ်မှတ်ကောက်ခံတယ်။ ပြည်သူတွေကတော့ ဥပမာ-ငွေကျပ် ၅၀၀၀ ဖိုးအထိကို ၃၅ ကျပ်နဲ့ ကောက်ပြီး ကျော်သွားရင် သုံးဆပဲ။ စက်ရုံထက် ပိုတောင်းတယ်။ သုံးနိုင်ရင်သုံး၊ မသုံးနိုင်ရင်ပိတ်ပဲ။ ဒါကြောင့် အပြင်ထွက်ရင် လျှပ်စစ်၊ Aircom ပိတ်ပဲ၊ မသုံးရဲတော့ဘူး။ ဒီထက်ပိုကြီးတဲ့နှုန်းကတော့ Hotel တွေပဲ။ ကျွန်တော်တို့ဆီမှာ ပြောင်းပြန်ဖြစ်နေတယ်။ မကြာခင် ကျွန်တော်တို့ FDI တွေ၊ နိုင်ငံတကာတွေနဲ့ ယှဉ်ပြိုင်ရတော့မယ်။ သေနတ်ရှိပြီး ကျည်ဆန်မရှိရင်တော့ ပစ်လို့မရပါဘူး။

ဒေါက်တာခင်မောင်ဦး
(ကော်မတီအထွေထွေအတွင်းရေးမှူး)

မီးစက်နဲ့ တစ်ယူနစ်လည်ရင် စရိတ်က လေးဆမကဘူး။ လျှပ်စစ်နဲ့က တစ်ယူနစ်ကို ၇၅ ကျပ် ကုန်ကျပါတယ်။ SMEs လုပ်ငန်း အသေးလေးတွေမှာတော့ မီးစက်မသုံးနိုင်ကြပါဘူး။ မီးစက်မရှိတဲ့အတွက် မီးမလာရင် မထုတ်နိုင်ဘူး။ SMEs လုပ်ငန်းမှာတောင် မီးစက်ရှိတဲ့လူနဲ့ မရှိတဲ့လူရှိပါတယ်။ မီးစက်မရှိတဲ့လူက အလုပ်မရှိတော့ဘူး။ သူ့အလုပ်သမားလို လစာပဲပေးပြီး ဒီအတိုင်းထိန်းနေရတယ်။ ထုတ်လုပ်မှု အများကြီး ကျသွားတာပေ့ါ။ မီးပြတ်တာ တစ်နှစ်မှာ လေးငါးလဆိုရင် ထိန်းပြီးရပ်တည်နိုင်ပေမယ့် ရေရှည်ဆိုရင်တော့ သူတို့ရပ်တည်ဖို့ ခက်ခဲလာပါလိမ့်မယ်။ ကျွန်တော်တို့ လှိုင်သာယာစက်မှုဇုန်မှာတော့ အခုသတ်မှတ်ထားတဲ့ SMEs နှုန်းနဲ့ဆိုရင် SMEs အနည်းစုရှိပေမယ့် Medium အပေါ် နည်းနည်းရောက်နေတယ်။ လုပ်ငန်းအနေနဲ့ကတော့ ဒီဘက်ပိုင်းမှာ တိုးတက်လာပါတယ်။ ဒါပေမယ့် စက်မှုလုပ်ငန်းရဲ့ အဓိက အသက်သွေးကြောက လျှပ်စစ်ဓာတ်အားပါပဲ။ ဒါကြောင့် မီးစက်နဲ့ လည်မယ်ဆိုရင် တစ်ယူနစ်ကို ငွေကျပ် ၃၀၀နဲ့ ၄၀၀ ကြားရှိတော့ နိုင်ငံခြားနဲ့ဘယ်လိုမှ ယှဉ်ပြိုင်နိုင်မှာမဟုတ်ဘူး။

ဦးအောင်ရွှေ
[ကော်မတီအတွင်းရေးမှူး(၁)]

စက်မှုလက်မှုလုပ်ငန်း လုပ်မယ်ဆိုရင် လျှပ်စစ်ကလိုကိုလိုပါတယ်။ ၂၄ နာရီလည်း လာရမယ်။ မီးအားလည်း မှန်ရမယ်။ မီးအားမပြည့်ရင်

“စက်မှုလုပ်ငန်းရဲ့ အဓိက အသက်သွေးကြောက လျှပ်စစ်ဓာတ်အားပါပဲ”။
ဒေါက်တာခင်မောင်ဦး
(ကော်မတီအထွေထွေအတွင်းရေးမှူး)

လည်း ကွန်ပျူတာတွေ စက်တွေ လုံးဝပျက်စီးသွားမယ်။ ကျွန်တော်တို့ ဆီစက်လုပ်ငန်းဆိုရင်လည်း လုပ်လို့မရတော့ဘူး၊ အဓိကတော့ မီးပါပဲ။ ဒါ့ပြင်ရေကောင်းဖို့လိုတယ်၊ လမ်းကောင်းဖို့လိုတယ်၊ အခြေခံ အဆောက်အအုံတွေကောင်းဖို့လည်း လိုပါတယ်။ ဒါမှသယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်တွေနည်းပြီး နိုင်ငံတကာနဲ့ ယှဉ်နိုင်မယ်။

လက်ရှိ ကုန်ထုတ်စွမ်းအားပိုင်းကတော့ မှန်းရခက်တယ်။ မီးမလာရင် ကျွန်တော့်ဆီစက်ကို မီးစက်နဲ့ မောင်းနေရတာကိုး။ ရပ်ထားလို့မှမရဘဲ။ ရပ်ပြီဆိုရင်လည်း အလုပ်သမားတွေက အလုပ်မရှိတော့ဘူး။ အလုပ်မရှိရင် ရှာပြန်သွားကြမှာပဲ။ မီးလာမှ ပြန်ခေါ်ဆို ဒီဝန်ထမ်းတွေက တခြားစက်ရုံတို့၊ တစ်နေရာရာတို့ ရောက်ချင်လည်း ရောက်နေမှာ၊ နောက်ဆက်တွဲ ပြဿနာတွေပေ့ါ။ အဲဒါစက်ရုံ၊ အလုပ်ရုံလုပ်တဲ့သူတွေရဲ့ ကြီးမားတဲ့ တာဝန်ပဲ။ အခြားကုန်ရောင်းကုန်ဝယ် လုပ်တဲ့သူတွေမှာ ဒီပြဿနာမျိုး မရှိဘူး။

ဦးအေးထွန်း
[ကော်မတီအတွင်းရေးမှူး(၂)]

နိုင်ငံတကာမှာလည်း ဒီစက်မှုဇုန်လုပ်ငန်း အသေးလေးတွေကပဲ တဖြည်းဖြည်းကြီးလာတာပေ့ါ။ နိုင်ငံတကာနဲ့ယှဉ်ရင်တော့ မြန်မာနိုင်ငံမှာလုပ်နေတဲ့ ငွေပမာဏ၊ လုပ်သားပမာဏနဲ့ဆိုရင် SMEs ထဲမှာ ပါနေတယ်။ SMEs တွေကို မြှင့်တင်ဖို့က ပေါ်လစီပိုင်း၊ ဥပဒေပိုင်း၊ နည်းပညာပိုင်းနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုပိုင်းတွေလိုတယ်။ ကျွန်တော်တို့ နိုင်ငံမှာ လျှပ်စစ်ဓာတ်အားသုံးတာ တော်တော်နည်းသေးတယ်။ Industry ကို Support လုပ်လို့ မဖြစ်နိုင်ဘူး။

အထက်ပါ ဆွေးနွေးမေးမြန်း

ပြည်တွင်းသတင်း

လျှပ်စစ်မီးက ၂၄ နာရီလည်း လာရမယ်။ မီးအားလည်း မှန်ရမယ်။
ဦးအောင်ရွှေ
[ကော်မတီအတွင်းရေးမှူး(၁)]

ချက်များကို ပြန်လည်ခြုံငုံသုံးသပ်ရပါလျှင် မြန်မာ့စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဆင့်မူဝါဒများ၊ ဥပဒေနှင့် နည်းဥပဒေများ၊ ကုန်သွယ်ရေးမူဝါဒများ၊ ဘဏ်လုပ်ငန်းမူဝါဒများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊ လောင်စာစွမ်းအင် အပါအဝင် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များစသည် စသည်ဖြင့် တစ်ခုနှင့်တစ်ခု အညမညဆက်စပ်နေမှုကို တွေ့မြင်ရမည်ဖြစ်ပေသည်။

သို့ဆိုလျှင် မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်သွားပင်နယန်များ ချောမွတ်စွာဆက်စပ်လည်ပတ်နိုင်ရေးသည် အရေးကြီးသည်။ တစ်နေရာရာ၌ အံဝင်ခွင်ကျမရှိ လွဲချော်သွား၍မဖြစ်၊ အံချော်သွား၍မဖြစ်။

မြန်မာ့အနာဂတ်

အဘယ်ကြောင့်ဆိုမူ ကျွန်တော်တို့နိုင်ငံတွင် အနာဂတ်အတွက်ပါ အခြေခိုင်ခံ့နိုင်စေမည့် သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း နားခိုနိုင်သည့် စက်မှုအခြေပြု ကုမ္ပဏီကြီးများ၊ နည်းပညာအခြေပြု ကုမ္ပဏီကြီးများ မရှိ သလောက် နည်းပါးနေသောကြောင့်ဖြစ်သည်။ ထို့ပြင် မြန်မာ့အနာဂတ် အခြေခိုင်ခံ့ရန်အတွက် မြန်မာလုပ်ငန်းရှင်ကြီးများပိုင် စက်မှုအခြေပြု ကုမ္ပဏီကြီးများ၊ နည်းပညာအခြေပြု ကုမ္ပဏီကြီးများ ပိုမိုပေါ်ထွန်းလာရေးကို ရှေးရှု၍ဖော်ပြလိုက်ရပါသည်။

အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီနှင့်သတင်းမီဒီယာများ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီနှင့် သတင်းမီဒီယာများ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ကော်မတီ အဆောင်အမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်း**(အပေါ်ပုံ)**က ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြား၍ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီဝင်များ၊ ပြည်တွင်း ပြည်ပသတင်းမီဒီယာများမှ သတင်းထောက်များတက်ရောက်ကြသည်။

(သတင်းစဉ်)



မြေ နှင့် အိမ် ရောင်းရန်ရှိသည်

ဆောင်းပါး

အမျိုးသားရေးကြိုးစားပေး SEA GAMES ပြိုင်ပွဲကြီး အောင်မြင်ရေး

ခင်မောင်ချို(ကညွတ်ကွင်း)

၂၀၁၃ ခုနှစ် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကျင်းပရန်အချိန်ကာလသည် တဖြည်းဖြည်းနှင့်နီးကပ်လာနေပြီ ဖြစ်ပါ၏။ ယခုကျင်းပမည့် (၂၇) ကြိမ်မြောက်အရှေ့တောင် အာရှ အားကစားပြိုင်ပွဲကြီးသည် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးမည့် ပြိုင်ပွဲကြီး ဖြစ်၍ မြန်မာ့အားကစားပရိသတ်များ အတွက် တစ်မူထူးခြားနေပေလိမ့်မည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၆၉ ခုနှစ် ၅ ကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးခဲ့ပြီးသည့်နောက်ပိုင်း နှစ်ပေါင်း ၄၄ နှစ်အကြာ ကာလတွင်မှ အိမ်ရှင်နိုင်ငံအဖြစ် တတိယအကြိမ်မြောက်တစ်ကျော့ပြန်ပြန်လည်ကျင်းပပေးနိုင်ခဲ့ခြင်းလည်း ဖြစ်ပေသည်။

ထို့ကြောင့်လည်း (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှုဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီ ၁၃ ခုတို့မှ ဖွင့်ပွဲ ပိတ်ပွဲ အခမ်းအနားအပါအဝင် အားကစားပြိုင်ပွဲများကို အရှေ့တောင် အာရှ အားကစားပြိုင်ပွဲ အဆင့်အတန်းနှင့်အညီ အခြားသော အာဆီယံနိုင်ငံများထက် မနိမ့်ကျစေဘဲ ကျင်းပရေး၊ ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစား အမျိုးအစားတိုင်းတွင် အိမ်ရှင်နိုင်ငံက ပါဝင်ယှဉ်ပြိုင်ပြီး အနိုင်ရရှိအောင်ပွဲဆင်ရေး၊ ပြိုင်ပွဲကာလအတွင်း အားကစား စီမံခန့်ခွဲမှုစနစ်များ မှန်ကန်စနစ်ကျ၍ ခေတ်နှင့်အညီဖြစ်ပြီး တရားမျှတစွာ စီမံပြီးစီးနိုင်ရေးဟူသော ရည်ရွယ်ချက်၊ ရည်မှန်းချက်များထားရှိပြီး ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပထမအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ၁၁ ဆုရရှိကာ နိုင်ငံအလိုက် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဒုတိယ အကြိမ်မြောက်အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် မြန်မာနိုင်ငံက ၁၉၆၁ ခုနှစ်တွင် လက်ခံကျင်းပပေးခဲ့ပြီး ရွှေတံဆိပ် ၃၅ဆု ရရှိကာ နိုင်ငံအလိုက် ပထမနေရာမှ ဂုဏ်ယူ ဝင့်ကြွားစွာရပ်တည်နိုင်ခဲ့သည်။ ထို့အတူ ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် မြန်မာနိုင်ငံက ၁၉၆၉ ခုနှစ်တွင် ထပ်မံ လက်ခံကျင်းပပေးခဲ့ပြီး ရွှေတံဆိပ်ဆု ၅၇ ဆုရရှိကာ နိုင်ငံအလိုက် ပထမ နေရာမှပင် ထူးချွန်အောင်မြင်စွာနှင့် ရပ်တည်ပြနိုင်ခဲ့ပြန်သည်။

၁၉၇၇ ခုနှစ် ကိုးကြိမ်မြောက် ပြိုင်ပွဲတွင်မူ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်းတို့ ပါဝင်ယှဉ်ပြိုင်လာကြသည့်အတွက် ပိုမိုကျယ်ပြန့်သည့် အဓိပ္ပာယ်ဖြင့် "အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ" ဟု အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ ယခုဆိုလျှင် အရှေ့တီမော နိုင်ငံတိုးလာသည့်အတွက် ပြိုင်ပွဲဝင် နိုင်ငံ ၁၁ နိုင်ငံအထိ ရှိလာခဲ့ပြီဖြစ်သည်။

ပြိုင်ပွဲသက်တမ်း နှစ်ပေါင်း ၅၀ ကျော်အတွင်း နောက်ဆုံးကျင်းပပြီးစီးခဲ့သည့် ၂၆ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ မြန်မာနိုင်ငံအနေဖြင့် တစ်ကြိမ်တစ်ခါမျှ ပျက်ကွက်ခြင်းမရှိဘဲ ပြိုင်ပွဲတိုင်းပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အိမ်ရှင်နိုင်ငံအဖြစ် နှစ်ကြိမ်တိုင်တိုင် လက်ခံကျင်းပပေးနိုင်ခဲ့ပြီး အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးခဲ့သည့်ပြိုင်ပွဲ နှစ်ကြိမ်စလုံးတွင် နိုင်ငံအလိုက် ပထမနေရာမှ ရပ်တည်နိုင်ခဲ့သည်။

ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့အနေဖြင့် နိုင်ငံအလိုက်အဆင့်များကို ပြန်လည်ဆန်းစစ်ကြည့်လျှင် ၁၉၅၉ ခုနှစ်က ဒုတိယ၊ ၁၉၆၁ ခုနှစ်က ပထမ၊ ၁၉၆၅ခုနှစ်က စတုတ္ထ၊ ၁၉၆၇ ခုနှစ်ကစတုတ္ထ၊ ၁၉၆၉ ခုနှစ်က ပထမ၊ ၁၉၇၁ခုနှစ်က စတုတ္ထ၊ ၁၉၇၃ခုနှစ်က စတုတ္ထ၊ ၁၉၇၅ ခုနှစ်က တတိယ၊ ၁၉၇၇ ခုနှစ်က စတုတ္ထ၊ ၁၉၇၉ ခုနှစ်က တတိယနေရာ အသီးသီးတွင် ရပ်တည်ခဲ့ပြီးနောက်ပိုင်း ပြိုင်ပွဲများ၌ နိုင်ငံအလိုက် အဆင့်များ ကျဆင်းလာခဲ့သည်ကို အားကစားသမိုင်း မှတ်တမ်းများအရ တွေ့ရှိနိုင်ပေသည်။

အားကစားပြိုင်ပွဲများ၏ နိုင်ငံအလိုက်ပထမနေရာဟူသည် ရရှိသည့်နိုင်ငံ၏ အားကစား အဆင့်အတန်းမြင့်မားမှု၊ အားကစား အင်အားကြီးမားမှုဂုဏ်ကို အခြားပြိုင်ပွဲ ဝင်နိုင်ငံများက အသိအမှတ်ပြု လက်ခံလိုက်ရခြင်းပင်ဖြစ်ရာ ပြိုင်ပွဲဝင်နိုင်ငံတိုင်းက မက်မောတတ်ကြသည့် နေရာအဆင့်ဖြစ်ပေသည်။

နောက်ဆုံး ကျင်းပပြီးစီးခဲ့သည့် ၂၆ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များက အားကစားနည်း ၂၇နည်း၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေ ၁၆ခု၊ ငွေ ၂၇ခု၊ ကြေး ၃၇ခု စုစုပေါင်းဆုတံဆိပ် ၈၀ ရရှိပြီး နိုင်ငံအလိုက် သတ္တမနေရာ၌သာ ရပ်တည်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

ဆန်းစစ်ကြည့်မည်ဆိုပါက ၂၆ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ အားကစား အဖွဲ့အနေဖြင့် အားကစားနည်းခြောက်နည်းမှ ရွှေတံဆိပ် ၁၆ခု ဆွတ်ခူးရရှိခဲ့ရာ အောင်မြင်မှု အရှိဆုံးမှာ ရိုးရာလှေ အားကစားနည်းဖြစ်ပြီး ရွှေတံဆိပ် ၉ခု ဆွတ်ခူးပေးနိုင်ခဲ့သည်။ မြန်မာတစ်မျိုးသားလုံးက မယုံမရဲနှင့် အားခဲမျှော်လင့်ခဲ့ကြရသည့် မြန်မာအမျိုးသား ဘောလုံးအသင်းမှာ ထိပ်ဆုံးလေးသင်းစာရင်းဝင်ကာ တတိယကြေးတံဆိပ်ဆုဆွတ်ခူးနိုင်၍ ဘောလုံးချစ်ပရိသတ်များအတွက် ဖြေဆည်ရာရခဲ့သည်ဟု ဆိုရပေမည်။

အဆိုပါ ၂၆ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှရရှိခဲ့သည့် အောင်မြင်မှုအခြေအနေ၊ ဆုတံဆိပ်ရရှိမှု အနေအထား၊ ရပ်တည်မှုအဆင့်အတန်းများသည်ကား အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပချိန်တွင် မိမိတို့ရယူလိုသော အောင်မြင်မှုအဆင့်တစ်ခုအတွက် မည်ရွေ့မည်မျှ ဆက်လက်ကြိုးပမ်းလေ့ကျင့်အားထုတ်ရဦးမည်ကို ပြဆိုနေသော အညွှန်းကိန်းများဖြစ်သည်ဟု သုံးသပ်ယူဆလျှင် သင့်တော်ပေလိမ့်မည်။

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ ကဏ္ဍစုံမှ အားထုတ်ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိရာတွင် အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍထည့်သွင်းထားပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိသည်။

အားကစားသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာမြင့်မားရေးနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသည့်အတွက် အားကစားဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် **"မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်"** ဟူသည့် ရည်မှန်းချက်ချမှတ်ပြီး **"အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်"**၊ **"အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်အတန်းကို ရောင်ပြန်ဟပ်စေသည်"**၊ **"အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကိုပါ ဖော်ပြသည်"** ဟူသည့် လေးနက်သော အားကစားခံယူချက်များအဖြစ် သတ်မှတ်၍ အကောင်အထည်ဖော်ပေးလျက်ရှိနေသည်။

> **အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့် ရရှိချိန်တွင် ရရှိထားသည့်အားသာချက် အခွင့်အရေးကို လက်လွတ်မခံဘဲ မိမိမြေ၊ မိမိရေ၊ မိမိပရိသတ်ရှေ့မှောက်၌ လေ့ကျင့်သား ပြည့်ဝမှု၊ စိတ်ဓာတ်ရေးရာမြင့်မားမှု၊ အနိုင်မခံအရှုံးမပေးဘဲ သန့်ရှင်းပြီး တရားမျှတစွာ ယှဉ်ပြိုင်လိုမှုတို့ဖြင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာ မြှင့်တင်ပေးနိုင်ရန် လိုအပ်နေပေသည်။**

တစ်ခေတ် တစ်ခါက အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တစ်လျှောက် ပြေးခုန်ပစ်မှ ဂျင်မီကရမ်တန်၊ ဂျနီဖာတင်လေး၊ ရေကူးမှ တင်မောင်နီ၊ ဂျူဒိုမှခင်မူမူ၊ ကျွမ်းဘားမှ မြင့်အောင်၊ သေနတ်ပစ်မှ ကျော်ရှိန်၊ ဘော်လီဘောမှ ထွန်းထွန်းဝင်း၊ အလေးမမှ စန်းမြင့် အစရှိသည့် အားကစားနည်းအလိုက် ရွှေတံဆိပ် အများဆုံးရရှိသူ၊ မြန်မာနိုင်ငံ၏ အအောင်မြင်ဆုံးချန်ပီယံများနေရာတွင် အစားထိုးနေရာယူနိုင်မည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာမှု အားနည်းခဲ့ခြင်းကြောင့် မြန်မာ့အားကစားအဆင့်အတန်း နိမ့်ကျလာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။

ထို့ကြောင့်လည်း မကြာမီကျင်းပတော့မည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအတွက် ပဏာမလက်ရွေးစင် အားကစားသမားများ ရွေးချယ်ရာတွင် နိုင်ငံကိုယ်စားပြုလက်ရွေးစင်များကို စခန်းသွင်း လေ့ကျင့်ယှဉ်ပြိုင်လျက်ရှိသည့် အားကစားအဖွဲ့ချုပ်များ၊ လက်ရွေးစင် အားကစားသမားများ မွေးထုတ်ပေးနေသည့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ သိပ္ပံ (ရန်ကုန်၊ မန္တလေး)၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးလက်ဒေသများပါမကျန် အရည်အသွေးရှိသူ ရှက်ပုန်းသီးအားကစားလူရည်ချွန်များ ပေါ်ထွက်လာစေရေးအတွက် ဒုတိယအကြိမ် ကျင်းပပေးပြီးဖြစ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်ကိုယ်စားပြု အားကစားနည်းအလိုက် ကလပ်ပေါင်းစုံပြိုင်ပွဲ (Champion Challenge Cup Tournament)၊ တက္ကသိုလ် ကောလိပ်နှင့်အခြေခံပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများမှ ထူးချွန်ထက်မြက်၍ အလားအလာရှိသော အားကစားသမားများကို စိစစ်ရွေးချယ်ကာ အဖွဲ့ချုပ် အားကစား လေ့ကျင့်ရေးစခန်းများ၊ အားကစားဝန်ကြီးဌာန နေပြည်တော် လေ့ကျင့်ရေးစခန်းများတွင် စခန်းသွင်း လေ့ကျင့်ပေးလျက် ရှိနေသည်ကို တွေ့ရှိရသည်။

စိစစ်ရွေးချယ်ထားသော ပဏာမလက်ရွေးစင် အားကစားသမားများ အနေဖြင့်လည်း (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး မကျင်းပမီ အကြိုအားကစားပြိုင်ပွဲ (Pre Sea Games) တစ်ခုကို ၂၀၁၃ ခုနှစ်တွင် ကျင်းပရန် အစီအစဉ်ရှိနေ၍ အားကစားအဆင့် ရွှေ၊ ငွေ၊ ကြေးမှတ်ကျောက်အတင်ခံရဦးမည် ဖြစ်သည်။

နိုင်ငံကိုယ်စားပြု အားကစားသမားတိုင်းသည် နေ့ချင်းညချင်း ချန်ပီယံဖြစ်လာကြသူများ မဟုတ်ကြပေ။ အရှုံးကိုရင်ဆိုင်ပြီးမှ အောင်မြင်မှုလမ်းကြောင်းပေါ် တက်လှမ်းလာကြသူများသာဖြစ်သည်။ စိတ်ပျက်အားငယ်နေရန်အကြောင်းမရှိပေ။ သူတို့စွမ်းဆောင်နိုင်သကဲ့သို့ မိမိလည်း စွမ်းဆောင်နိုင်ရပေမည်။ သူကခြေတစ်လှမ်းဆိုလျှင် မိမိကခြေနှစ်လှမ်း၊ သူကခြေနှစ်လှမ်းဆိုလျှင် မိမိကခြေသုံးလှမ်းလှမ်းနိုင်ရပေမည်။ ထိုကဲ့သို့သာ ထိထိမိမိ ကြိုးစားအားထုတ်ကြမည်ဆိုလျှင် ငွေအဆင့် ကြေးအဆင့်နှင့် တင်းတိမ်ကျေနပ်ခဲ့ရသော အားကစားနည်းများတွင် အောင်မြင်မှု အမြင့်မားဆုံးရွှေဆုကို ဆွတ်ခူးရရှိနိုင်မည်သာဖြစ်ပေသည်။

အားကစားပြိုင်ပွဲ တစ်ရပ်တွင် ပြိုင်ဘက်များကို တရားသဖြင့် ယှဉ်ပြိုင်အနိုင်ယူကာ ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်သူ၏ အမျိုးသားသီချင်းသံနှင့်အတူ နိုင်ငံတော်အလံအမြင့်ဆုံးသို့ တက်သွားချိန်၌ ခံစားရသော ပီတိသောမနဿမှာ ကြက်သီးမွေးညင်းထသည်အထိဖြစ်ရသည်။ စိတ်မထိန်းနိုင်သူများ ဝမ်းသာ ကြည်နူးမှု မျက်ရည်ကျသည်အထိ ဖြစ်ရသည်။ ဤသည်မှာ ရွှေတံဆိပ်ဆုရယူ ဆွတ်ခူးနိုင်သည့် နိုင်ငံတိုင်းမှ အားကစားသမားများ၊ နိုင်ငံသားများကြုံတွေ့ခံစားကြရသည့် အမျိုးသားရေးပီတိဟုဆိုနိုင်ပေသည်။

ထို့ကြောင့်လည်း ယခုကဲ့သို့ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိချိန်တွင် ရရှိထားသည့် အားသာချက်အခွင့်အရေးကို လက်လွှတ်မခံဘဲ မိမိမြေ၊ မိမိရေ၊ မိမိပရိသတ်ရှေ့မှောက်၌ လေ့ကျင့်သား ပြည့်ဝမှု၊ စိတ်ဓာတ်ရေးရာမြင့်မားမှု၊ အနိုင်မခံအရှုံးမပေးဘဲ သန့်ရှင်းပြီး တရားမျှတစွာ ယှဉ်ပြိုင်လိုမှုတို့ ဖြင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာ မြှင့်တင်ပေးနိုင်ရန် လိုအပ်နေပေသည်။ အဆိုပါ လိုအပ်ချက်နှင့်အညီ အောင်စိတ်မွေးကာ အောင်မြင်မှု ရွှေဆုပန်းတိုင်ကို လက်ဝယ်ပိုင်ပိုင် လှမ်းကိုင်နိုင်ရေး တာဝန်သည် ပြိုင်ပွဲဝင်အားကစားသမားတိုင်း၏ အမျိုးသားရေးတာဝန်သာဖြစ်ပါ၏။

ပြိုင်ဘက်များ အနေဖြင့်လည်း ယခုအချိန်တွင် အိပ်နေနားနေကြမည်တော့မဟုတ်ပါ။ စံချိန်များကောင်းသည်ထက် ကောင်းအောင်၊ ကြံ့ခိုင်မှုစွမ်းရည်များ မြင့်မားသည် ထက်မြင့်မားအောင် လေ့ကျင့်နေကြမည်သာဖြစ်သည်။ မြန်မာအားကစားအဖွဲ့များ အနေဖြင့် တစ်ပန်းသာသည်က အိမ်ရှင်အဖြစ် ရေမြေအနေအထား အသာစီး ရယူထားနိုင်ပြီးဖြစ်၍ အားကစား အရည်အသွေးရှိသူများကို ခေတ်မီ အားကစားပစ္စည်းများ ဖြည့်တင်းပြီး ခေတ်မီအားကစားနည်းစနစ်များဖြင့် လေ့ကျင့်ပေးနိုင်လျှင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် အမြင့်ဆုံး အောင်ဆုများ ရရှိလာနိုင်ပေလိမ့်မည်။

တစ်ဆက်တည်းမှာပင် နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ နောက်ကွယ်မှ ငွေကြေးနေအင်အား၊ လူအားနှင့် ပံ့ပိုးကူညီနေသည့် အားကစားအဖွဲ့ချုပ်များ၏ လုပ်ရှားမှု အခန်းကဏ္ဍနှင့်တာဝန်များကို ပြန်ကြည့်လျှင် နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာအတွက် အမျိုးသားရေးရည်မှန်းချက်များ ထားရှိဆောင်ရွက်နေကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။

တစ်ဆက်တည်းမှာပင (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် အဓိကကျသူများမှာ အားကစားဝါသနာရှင် ပွဲကြည့် ပရိသတ်များဖြစ်သည်။ အားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များ၏ အားပေးမှုလက်ခုပ်သံသည် အားကစားပြိုင်ပွဲ အောင်နိုင်မှုအတွက် စိတ်ဓာတ်ရေးရာအရ အလွန်အရေးပါလှသည်မှာ အမှန်ပင်ဖြစ်ပါ၏။ သို့သော် နိုင်ငံတော်၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေး စရိုက်လက္ခဏာကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်ရန်၊ မြန်မာ့အားကစားစိတ်ဓာတ်အဆင့်အတန်းမြင့်မားမှုကို ဖော်ထုတ် ပြသနိုင်ရန်အတွက် နိုင်ငံသားတိုင်း တာဝန်ရှိနေသည်ကိုသတိထားသင့်ပေသည်။

၂၀၀၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲ၊ ဒုတိယအကျော့ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ခဲ့ကြသော မြန်မာနှင့်အိုမန် လက်ရွေးစင်ဘောလုံးအသင်းတို့ပွဲမှ ဖြစ်ရပ်များကို သင်ခန်းစာယူကြရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဖီဖာ၏စည်းမျဉ်း အမှတ် ၆၅ (ခ)၊ (ဂ)တို့ကို ဖောက်ဖျက်ခဲ့၍လည်းကောင်း၊ ဖီဖာ၏ စည်းမျဉ်း အမှတ် ၆၇ အပိုဒ်ခွဲ ၅ကို မလိုက်နာခဲ့၍လည်းကောင်း၊ ၂၀၀၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပရေး ကော်မတီ၏ ပုဒ်မ ၄ အပိုဒ်ခွဲ ၅၊ ပုဒ်မ ၆ အပိုဒ်ခွဲ ၅ တို့ကို မလိုက်နာခဲ့၍လည်းကောင်း ပြစ်ဒဏ်များ ချမှတ်ခံခဲ့ရသည်ကို ပရိသတ်များ သတိပြုရန် လိုအပ်နေမည်ဖြစ်သည်။

ထို့ကြောင့် အားကစားစိတ်ဓာတ်ဟူသော စကားတွင် သည်းခံမှု၊ ဖွဲ့ရှိမှုအနစ်နာခံမှု၊ တစ်ကိုယ်ကောင်းမဆန်မှု၊ ရေသာမခိုမှု၊ စုပေါင်းစိတ်ဓာတ်ရှိမှု၊ ဥပဒေကိုလေးစားတတ်မှု၊ မှန်ကန်သောဆုံးဖြတ်ချက်ကို မငြိုမငြင်ခံယူတတ်မှု၊ အရှုံးကိုအပြုံးဖြင့် ရင်ဆိုင်တတ်မှု၊ တရားသဖြင့် အောင်မြင်မှုကို ရယူဆွတ်ခူးမှုတို့ အကျုံးဝင်ဆက်စပ်နေသည်ဖြစ်ရာ ဤသဘောကို အားကစားသမားတိုင်း အလေးအနက်ခံယူတတ်ရန်နှင့် အားကစားဝါသနာရှင်ပွဲကြည့်ပရိသတ်တိုင်း နားလည်သဘောပေါက်ရန် လိုအပ်နေမည်သာဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀ကျော်အတွင်းက နိုင်ငံအလိုက် ရပ်တည်မှုအဆင့်၆၊ အဆင့် ၇ထက် ပိုမိုမြင့်မားသည့် အဆင့်တစ်ခု ရရှိရေးအတွက် ရည်မှန်းချက်ထားကြိုးပမ်းသွားကြရပေတော့မည်။

ထို့အတူ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အရည်အသွေး၊ အဆင့်အတန်းမနိမ့်ကျစေဘဲ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် အိမ်ရှင်နိုင်ငံအနေဖြင့် ရည်မှန်းချက်ထားကြိုးပမ်းသွားကြရပေတော့မည်။

အဆိုပါရည်မှန်းချက်နှစ်ရပ်လုံးကို ပြန်ကြည့်လျှင် အိမ်ရှင်မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာအတွက် အရေးကြီးသော အမျိုးသားရေးရည်မှန်းချက်များဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်လုံး ပြီးပြည့်စုံရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ရာတွင် စိန်ခေါ်မှုများစွာကစောင့်ကြိုနေမည်သာ ဖြစ်သည်။ ထိုကဲ့သို့ စောင့်ကြိုနေမည့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကျော်ဖြတ်ပြီး မြန်မာ့အားကစားအဆင့်အတန်းမြင့်မားရေး၊ ပြိုင်ပွဲကြီးတစ်ခုလုံး စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် အောင်အောင်မြင်မြင်နှင့် ကျင်းပပြီးစီးရေးအတွက် ထမ်းဆောင်ရမည့်တာဝန်များသည် အားကစားကိုချစ်မြတ်နိုးကြသည့် နိုင်ငံသားအားလုံး၏ အမျိုးသားရေးတာဝန်များသာ ဖြစ်ပါတော့သည်။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

မြေပွေးအဆိပ်ဖြေဆေးကို မူလလျာထားချက်ထက်ကျော်လွန်အောင် ထုတ်လုပ်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ယနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေး(၁၈)ရက်မြောက်နေ့ကို အစီအစဉ်(၉)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်း၊ နည်းဥပဒေ(၁)ခု အတည်ပြုခြင်းနှင့် လွှတ်တော်နှစ်ရပ်သဘောထားကွဲလွဲချက်များအပေါ် ဥပဒေကြမ်းကော်မတီက တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မေးမြန်းဖြေကြားခြင်း ကဏ္ဍ၌ စက်မှုဝန်ကြီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မြွေပွေးအဆိပ်ဖြေဆေးအလုံးရေ (၂၅၀၀၀)နှင့် မြွေဟောက်အဆိပ်ဖြေဆေး အလုံး(၅၀၀၀) ထုတ်လုပ်ရန် လျာထားသတ်မှတ်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်အထိ မြွေပွေးအဆိပ်ဖြေဆေးအလုံး(၂၅၀၀၀)နှင့် မြွေဟောက်အဆိပ်ဖြေဆေး(၁၆၀၂)လုံး ထုတ်လုပ်ခဲ့ရာ တစ်နှစ်လုံး လျာထားချက်အပေါ် (၈၈ ဒသမ ၇)ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါကြောင်းဖြင့် ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အဆင့် ဆေးရုံများတွင် မြွေဆိုးအန္တရာယ်ကုသနိုင်ရန် ထိုးဆေးမည်မျှ ထုတ်ပေးထားသည်၊ ဆေးဝါးလုံလုံလောက်လောက် ဖြန့်ဝေနိုင်ရန်အတွက် ထိုးဆေးမည်မျှ တိုးတက်ထုတ်လုပ်နိုင်ရန် ဆောင်ရွက်မည်တို့ကို သိရှိလိုကြောင်း** မေးမြန်းချက်အပေါ် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်တွင် မြွေဟောက်အဆိပ်ဖြေဆေးအလုံး (၅၀၀၀) ထုတ်လုပ်ရန်လျာထားခဲ့ပြီး စက်မှုဝန်ကြီးဌာနအနေဖြင့် လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်စွမ်းရှိသော်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ လိုအပ်ချက်အရသာ ထုတ်လုပ်လျက်ရှိပါကြောင်း၊ စုစုပေါင်း မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှု လျာထားချက်အလုံး(၃၀၀၀၀) ပြည့်မီစေရေးအတွက် မြွေပွေးအဆိပ်ဖြေဆေးကို မူလလျာထားချက်ထက် ကျော်လွန်အောင် ထုတ်လုပ်သွားမည် ဖြစ်ပါကြောင်း၊ လစဉ်ထုတ်လုပ်ခဲ့သည့် မြွေဆိပ်ဖြေဆေးများအနက် ၂၀၁၃ခုနှစ် ဇန်နဝါရီအထိ ကျန်းမာရေးဝန်ကြီးဌာနသို့ မြွေပွေးအဆိပ်ဖြေဆေး အလုံး(၁၉၃၀၀)၊ ကာကွယ်ရေးဝန်ကြီးဌာနသို့ အလုံး(၄၀၀)နှင့် ပြင်ပပုဂ္ဂိုလ်များသို့ (၉၆၉)လုံး စုစုပေါင်း(၂၀၆၆၉)လုံး၊ ယခင်ဘဏ္ဍာနှစ် လက်ကျန်အပါအဝင် ကျန်းမာရေးဝန်ကြီးဌာနသို့ မြွေဟောက်အဆိပ်ဖြေဆေး(၃၉၉၅)လုံး၊ ပြင်ပပုဂ္ဂိုလ်များသို့အလုံး(၅၀) စုစုပေါင်း(၄၀၄၅)လုံး ရောင်းချထားပြီး ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ဇန်နဝါရီအထိ စက်မှုဝန်ကြီးဌာနမှ မြွေပွေးအဆိပ်ဖြေဆေးအလုံး(၁၉၃၀၀)၊ မြွေဟောက်အဆိပ်ဖြေဆေး (၃၉၉၅)လုံး စုစုပေါင်းမြွေဆိပ်ဖြေဆေး (၂၃၂၉၅)လုံးနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ အသိအမှတ်ပြုဆေးကုမ္ပဏီများထံမှ မြွေမျိုးစိတ်(၃)မျိုးအထက် မြွေဆိပ်ဖြေဆေး အလုံး(၆၆၈၀၀)တို့ကို ဝယ်ယူခဲ့ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ဝယ်ယူထားပြီးဖြစ်သော အဆိုပါ မြွေဆိပ်ဖြေဆေး(၉၀၀၉၅) လုံးနှင့် ပတ်သက်၍ စစ်ကိုင်း၊မန္တလေး၊ မကွေးနှင့် ပဲခူးတိုင်းဒေသကြီးနယ်မြေအတွင်း မြွေကိုက်နည်းသည့် မြို့နယ်အဆင့် ဆေးရုံများသို့ တစ်လလျှင် ပျမ်းမျှ(၆)လုံးခန့်နှင့် မြွေကိုက်များသည့် မြို့နယ်အဆင့် ဆေးရုံများသို့ တစ်လလျှင် ပျမ်းမျှ(၄၉)လုံးခန့်တို့ကို လျာထားဖြန့်ဖြူးပေးလျက်ရှိပါကြောင်း။

စက်မှုဝန်ကြီးဌာန အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြွေပွေး အဆိပ်ဖြေဆေးအလုံး (၃၅၀၀၀) နှင့် မြွေဟောက်အဆိပ်ဖြေဆေး အလုံး (၅၀၀၀)ကို ထုတ်လုပ်သွားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ဖြေကြားချက်အပေါ် မေးခွန်းရှင် **ဦးသန်းမြင့်**က "မြွေကိုက်ခံရတာတွေကြောင့် နှစ်စဉ်သေဆုံးမှုတွေရှိတဲ့အတွက် မြွေဆိပ်ဖြေဆေး လုံလုံလောက်လောက်ထုတ်ဖို့၊ ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းချပေးဖို့၊ လူတိုင်းသက်တမ်းစေ့ နေထိုင်နိုင်ဖို့ ရည်ရွယ်ပြီး မေးမြန်းခြင်းဖြစ်ပါတယ်၊

ဒုတိယဝန်ကြီး ဦးသိန်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

စက်မှုဝန်ကြီးဌာနက ထုတ်လုပ်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုပြုလုပ်နိုင်ဖို့ ဆောင်ရွက်ပေးတာ၊ ကျေးလက်ဒေသဆေးဆိုင်တွေမှာ ဈေးနှုန်းသက်သက်သာသာ ရောင်းချနိုင်ဖို့ ဆောင်ရွက်ပေးတာတွေ လုပ်ပေးနိုင်မှသာ ကျေးလက်နေပြည်သူတွေရဲ့ မျှော်လင့်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ်လို့ ယူဆယုံကြည်ပါတယ်" ဟု ပြောပြခဲ့သည်။

နည်းဥပဒေအတည်ပြုခြင်းကဏ္ဍ၌ ၂၀၁၃ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းက သက်ဆိုင်ရာ အပိုဒ်၊အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ဥပဒေကြမ်းကော်မတီက ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ပြီး နည်းဥပဒေတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုဆောင်ရွက်ခဲ့သည်။

ထို့ပြင် **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း** အပေါ် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အချက်များနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီကတင်ပြပြီး သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

ယင်းဥပဒေကြမ်းအပေါ် ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက "နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ယေဘုယျအားဖြင့် လက်ခစားလုပ်ငန်းတွေ၊ ကုန်ချောပို့ကုန်လုပ်ငန်းတွေ၊ ဟိုတယ်လုပ်ငန်းတွေ ပါဝင်ပါတယ်။ ကင်းလွတ်ခွင့်သုံးနှစ်ကျော်ရင်(၁၀)ရာခိုင်နှုန်း အခွန်ပေးဖို့လိုပါတယ်။ ရင်းနှီးမြှုပ်နှံမှုဥပဒေပါခွင့်ပြုမိန့်အရ ဝင်ငွေခွန်ကို နိုင်ငံခြားငွေနဲ့ (၂) ရာခိုင်နှုန်းထက်ပိုတဲ့ ပျမ်းမျှ (၃) ရာခိုင်နှုန်းမှာ (၃ ဒသမ ၅) ရာခိုင်နှုန်း ပေးနေရပါတယ်။ နိုင်ငံခြားငွေနဲ့ပဲ (၂)ရာခိုင်နှုန်းထက် ပိုနိုင်ပါတယ်။

အခုဥပဒေအရ ခွင့်ပြုချက်မယူဘဲ သာမန်ပို့ကုန်လုပ်ငန်းအပေါ်မှာ နိုင်ငံခြားဝင်ငွေအတွက် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်နှစ်ရပ်ပေါင်း (၁၀) ရာခိုင်နှုန်းသာဖြစ်ပါတယ်။

ဟိုတယ်လုပ်ငန်း ရင်းနှီးမြှုပ်နှံ ခွင့်ပြုမိန့်အရ လုပ်ငန်းတွေ သက်သာခွင့်ရတဲ့ကာလကျော်ရင် နိုင်ငံခြားဝင်ငွေအပေါ် (၂)ရာခိုင်နှုန်းမကလို့ သာမန်ဟိုတယ်လုပ်ငန်းထက် ရေရှည်မှာ ဝင်ငွေခွန်ပိုပေးနေရမှာ ဖြစ်ပါတယ်။

အခုဥပဒေဟာ နိုင်ငံသားတွေ လုပ်ချင်တဲ့လုပ်ငန်းတွေ အပြည့်အဝ လုပ်ပိုင်ခွင့်ပေးထားပါတယ်။ နိုင်ငံခြားသားတွေ လုပ်ငန်းလုပ်ပိုင်ခွင့်ရသကဲ့သို့ နိုင်ငံသားတွေ လွတ်လပ်စွာ လုပ်ကိုင်နိုင်ဖို့ အကာအကွယ်ပေးထားတဲ့ ဥပဒေဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံသို့ ဖေဖော်ဝါရီ(၁၄) ရက်စွဲဖြင့် ပေးပို့ခဲ့သည့် သဝဏ်လွှာနှင့် ပတ်သက်၍ လွှတ်တော်သို့ တင်ပြခဲ့သည်။

ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းမြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

ယင်းသဝဏ်လွှာတွင် ဖေဖော်ဝါရီ (၄)ရက်က ပေးပို့သော နိုင်ငံတော်သမ္မတ၏သဝဏ်လွှာကို လက်ခံရရှိပါကြောင်း၊ လစ်လပ်လျက်ရှိသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး ပြန်လည်ဖွဲ့စည်းရေးအတွက် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အမည်စာရင်းပေးပို့ထားကြပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် ဥက္ကဋ္ဌရာထူးရွေးချယ်မှုတွင် တရားစီရင်ရေးနယ်ပယ်၌ တာဝန်ထမ်းဆောင်ခဲ့သော၊ တရားစီရင်ရေးဆိုင်ရာအတွေ့အကြုံရှိသော ပုဂ္ဂိုလ်များအား ရွေးချယ်တာဝန်ပေးအပ်သင့်သည်ဟု ထင်မြင်ယူဆပါကြောင်း၊ သို့ဖြစ်၍ ဥက္ကဋ္ဌရာထူးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်ခဲ့သော ဦးမြသိန်းအား တာဝန်ပေးအပ်ပါက ပိုမိုသင့်လျော်မည်ဟု ယူဆပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပြန်လည် တာဝန်ပေးအပ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတက ရွေးချယ်သူများမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် အငြိမ်းစား ဦးမြင့်ဝင်း၊ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့ဝင် ဦးသန်းကျော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်လှမျိုးနွယ်တို့ဖြစ်သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်သူများမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ညွှန်ကြားရေးမှူးချုပ် အငြိမ်းစားဦးမြသိန်း၊ တရားလွှတ်တော်ရှေ့နေ၊ နိုတြီပဗ္ဗလစ် ဦးမြသိန်းနှင့် တရားလွှတ်တော်ရှေ့နေ၊ နိုတြီပဗ္ဗလစ် ဦးမြင့်လွင်တို့ဖြစ်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်သူများမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်အငြိမ်းစား ဦးတင်မြင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် အငြိမ်းစား ဒေါ်ကျင်စန်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး အငြိမ်းစား ဦးမျိုးချစ်တို့ဖြစ်ကြောင်း သိရှိရသည်။

အစည်းအဝေးကို မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ရပ်နားခဲ့ပြီး အစည်းအဝေး(၁၉)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

သောက်ရေခပ်(၁) ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်မရှိသေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၁၈)ခုဖြင့် ကျင်းပသည်။

အစည်းအဝေး၌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းထားသည့် **မြန်မာနိုင်ငံသည် ASEAN အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး IAEA အဖွဲ့ဝင်နိုင်ငံလည်းဖြစ်၍ မြန်မာနိုင်ငံတွင် အဏုမြူစွမ်းအင်မှ လျှပ်စစ်ထုတ်ယူမှုကို ဆောင်ရွက်သင့်ကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်(၇)ဦးတို့က ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင်ကဂျပန်နိုင်ငံ၌ အဏုမြူစွမ်းအင်သုံးဓာတ်ပေါင်းဖို(၂၀)၊ တောင်ကိုရီးယားနိုင်ငံ၌ ဓာတ်ပေါင်းဖို(၃၀) တည်ဆောက်ခဲ့ကြပြီး လျှပ်စစ်ဓာတ်အား လုံလောက်အောင် ဖြည့်ဆည်းနိုင်ခဲ့ကြသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်သို့ တက်လှမ်းရောက်ရှိသွားခဲ့ကြပါကြောင်း၊ မိမိတို့နိုင်ငံသည် အဆိုပါနိုင်ငံများထက် ဧရိယာ ပိုမိုကျယ်ဝန်းပြီး လူဦးရေမှာလည်း သိပ်သည်းမှု နည်းပါးသည့်အတွက် ဓာတ်ပေါင်းဖို တည်ဆောက်ရန် မြေ

ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ရှင်းလင်းစဉ်။ (သတင်းစဉ်)

အခြေအနေကောင်းမွန်စွာ တည်ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်မှုရှိသည်နှင့် ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများသည်လည်း အဆပေါင်းများစွာ တိုးတက်လာမှာဖြစ်သဖြင့် ကုန်ကျသလောက် ပြန်လည်ပြီး ဝင်ငွေနှင့် အကျိုးခံစားခွင့်များရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အကြံတူလျှင် နောက်လူသာစမြဲဆိုသည့်စကားအတိုင်း မိမိတို့သည် ရှေ့မှနိုင်ငံများကတည်ဆောက်ခဲ့သည့်၊ တွေ့ကြုံခဲ့သည့် အကောင်းအဆိုးအကျိုးအပြစ်များကို ကောင်းစွာဖော်ထုတ်ပြီး မိမိနိုင်ငံ၊ မိမိဒေသနှင့်ကိုက်ညီသည့် စိတ်အချရဆုံးနှင့် အကောင်းဆုံးဖြစ်မည့် ဓာတ်ပေါင်းဖိုပုံစံကို အာမခံနိုင်စွမ်းရှိသည့် ကုမ္ပဏီများအား စိတ်ကြိုက်ရွေးချယ်ပြီး လေ့လာတည်ဆောက်သွားနိုင်မည်ဖြစ်သည့်အတွက် အနည်းဆုံး ဓာတ်ပေါင်းဖိုတစ်လုံးကို တည်ဆောက်ဖို့ ကြိုးစားသင့်ပါကြောင်း၊ အဆိုရှင်က မည်သည့်ခုနှစ်၊ မည်သည့်ကာလအပြီး ဆောင်ရွက်ရန် သတ်မှတ်ထားခြင်းမရှိဘဲ မူအားဖြင့် ဆောင်ရွက်သင့်ကြောင်းသာ တိုက်တွန်းထားသည်ကို တွေ့ရှိရပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက တည်ငြိမ်သည့်လျှပ်စစ်ဓာတ်အားရရှိရန်၊ အချိန်

မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးတင်မောင်ဝင်း ရှင်းလင်းဖြေကြားစဉ်။ (မြန်မာ့အလင်း)

တိုအတွင်း အိမ်နီးချင်းနိုင်ငံများကို အမှီလိုက်နိုင်ရန်မှာ အဏုမြူစွမ်းအင်သုံး ဓာတ်ပေါင်းဖို တည်ဆောက်မှသာ ဖြစ်နိုင်မည်ဖြစ်ပါကြောင်း၊ ဓာတ်ပေါင်းဖို စတင်တည်ဆောက်သည့် အချိန်တွင်သာ ကုန်ကျစရိတ်များပြားသော်လည်း ရေရှည်တွင် တည်ငြိမ်သည့် လျှပ်စစ်ဓာတ်အားရရှိစေခြင်းကြောင့် စီးပွားရေးအရလည်း တွက်ခြေကိုက်သည်ကို တွေ့ရှိရပါကြောင်း၊ ဂျပန်၊ ဗြိတိန်၊ အမေရိကန်၊ တရုတ်စသည့် နိုင်ငံများစွာတို့တွင်လည်း အဏုမြူစွမ်းအင်သုံးဓာတ်ပေါင်းဖိုများကို လက်ရှိ ဓာတ်ပေါင်းဖိုများအပြင် ထပ်မံတည်ဆောက်နေခြင်းများရှိသည့်အတွက် မိမိတို့နိုင်ငံတွင်လည်း ဆောလျင်စွာ အကောင်အထည်ဖော်သင့်ပါကြောင်းဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်နှင့် အခြားပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) ပင်ရင်းများစွာရှိသော်လည်း ရေရှည်တွင် စက်မှုလုပ်ငန်းများ တိုးတက်ထွန်းကားလာပြီး စက်မှုနိုင်ငံ တည်ဆောက်ရာတွင် လျှပ်စစ်စွမ်းအင်လိုအပ်မှုကို ဖြည့်ဆည်းပေးရန်မှာ အခက်အခဲရှိပါကြောင်း၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီတွင် ကမ္ဘာတစ်ဝန်းလုံး၌ စုစုပေါင်း အဏုမြူစွမ်းအင်သုံးဓာတ်ပေါင်းဖို (၄၃၅)ခု လည်ပတ်လျက်ရှိပြီး တည်ဆောက်ဆဲ(၆၅)ခုရှိပါကြောင်း၊ ထပ်မံတည်ဆောက်နိုင်ရေးအတွက် International Atomic Energy Agency (IAEA)မှ တည်ဆောက်ခွင့်ရရှိရန် စောင့်ဆိုင်းဆဲ(၁၆၇)ခု ရှိပါကြောင်း။

နျူကလီးယားစွမ်းအင်ကိုထုတ်လုပ်ရာတွင် စတင်ရင်းနှီးမြှုပ်နှံမှု ကြီးမားသော်လည်း ရေရှည်တွင် တွက်ခြေကိုက်ခြင်း၊ အခြားစွမ်းအင်ထုတ်ပင်ရင်းများထက် သဘာဝပတ်ဝန်းကျင်ကိုသန့်ရှင်းစေပြီး ဈေးနှုန်းချိုသာသော၊ ထုတ်လုပ်နိုင်မှုစွမ်းရည်အလွန်မြင့်သော စွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်သည့်အလျောက် စနစ်တကျ ရယူသုံးစွဲသင့်သော စွမ်းအင်ဖြစ်ပါကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၄ သို့

ပြည်တွင်းသတင်း

◆ ကျောဖုံးမှ

တိုးတက်အောင် ဆောင်ရွက်ကြရန် လိုပါကြောင်း၊ လုပ်ငန်းများအောင်မြင်တိုးတက်မှသာ ဝင်ငွေတိုးတက်မှုရှိလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှာဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်ကြရန်တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားကို သွားရောက်ကြည့်ရှုလေ့လာရာ တံတားပေါ်၌ မြဝတီ-သဃ်န်းညီနောင်-ကော့ကရိတ်လမ်းကို တာဝန်ယူဖောက်လုပ်နေသည့် ထိုင်းနိုင်ငံမှ Seesang KamYothar ကုမ္ပဏီဥက္ကဋ္ဌ Mr. Siroj Wongsirojkul က လမ်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် ချစ်ကြည်ရေးတံတားအနီးရှိ မြန်မာနယ်စပ်ဂိတ်၌ တာဝန်ကျဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် မြဝတီခရိုင် ပြည်သူ့ဆေးရုံကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လူနာများကို အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သဃ်န်းညီနောင်မှတစ်ဆင့် ဘားအံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ယင်းနောက် ဘားအံတက္ကသိုလ်၌ ဘားအံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၊ နည်းပညာတက္ကသိုလ်(ဘားအံ)နှင့် ပညာရေးကောလိပ် (ဘားအံ)တို့မှ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက တက္ကသိုလ်/ကောလိပ်များသည် အဆင့်မြင့်ပညာရေးကဏ္ဍတွင် ပါဝင်သည့်အတွက် အမှန်တကယ်အဆင့်မြင့်အောင် ကြိုးစားဆောင်ရွက်သွားရန် လိုပါကြောင်း။

တက္ကသိုလ်များသည် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာဌာနကြီးဖြစ်၍ တက္ကသိုလ်၌ တာဝန်ယူသင်ကြားပေးနေသည့် ဆရာ ဆရာမများအနေဖြင့်လည်း အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များ Human Resource များဖြစ်အောင် သင်ကြားပေးရမှာဖြစ်ကြောင်း၊ နောင်တစ်ခေတ် နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုမည့် အရည်အချင်း ပြည့်ဝသည့် ဘွဲ့ရလူငယ်များ မွေးထုတ်ရာမှာ ဆရာ ဆရာမများ၏ တာဝန်သာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများကိုယ်တိုင်ကလည်း မိမိတို့၏ အရည်အသွေးမြင့်မားနေအောင် အစဉ်ကြိုးစားနေရမည် ဖြစ်ကြောင်း။

အရည်အချင်း ပြည့်ဝသည့် ကျောင်းသား ကျောင်းသူ ဘွဲ့ရပညာတတ်များ ထွက်ပေါ်လာပါမှ မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်မှာဖြစ်ပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးအသုံးစရိတ်များကိုလည်း တစ်နှစ်ပြီးတစ်နှစ် တိုးမြှင့်ချထားပေးလျက်ရှိရာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပညာရေးအသုံးစရိတ် ဘီလီယံ ကျပ် ၃၀၀ ကျော် ခွဲဝေပေးပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဘီလီယံ ကျပ် ၆၀၀ ကျော်၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဘီလီယံကျပ် ၉၀၀ ကျော်အထိ တစ်နှစ်ပြီးတစ်နှစ် (၂/၃)ဆ တိုးမြှင့်ချထားပေးလျက်ရှိပါကြောင်း၊ သို့သော် ပညာရေးကဏ္ဍအတွက် ပိုမိုလိုအပ်နေဦးမှာဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်အနေဖြင့် ပညာရေးကို နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်အောင် နိုင်ငံတကာတက္ကသိုလ်များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် ASEAN Community ထူထောင်ပြီးပါက ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာဝင်ရောက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ သတင်းပြန်ကြားရေးစသည့် ရင်ဆိုင်မှုများဖြင့် ကြုံတွေ့ရမှာဖြစ်ပြီး အရည်အသွေးပြည့်ဝမှုဖြင့်ယှဉ်ပြိုင်ရမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ထူးချွန်ထက်မြက်သောဘွဲ့ရလူငယ်များ ပေါ်ထွက်လာအောင် ဆရာ ဆရာမများက သင်ကြားပေးစေလိုပြီး နိုင်ငံတော်အစိုးရအနေဖြင့်လည်း လိုအပ်ချက်များကို ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ခန်းမအတွင်း ခင်းကျင်းပြသထားသော ဘာသာရပ်ဆိုင်ရာ အထောက်အကူပြုစာအုပ်များ၊ ဘားအံတက္ကသိုလ်မှ ဆရာ ဆရာမများ၏ ပါရဂူဘွဲ့ယူကျမ်းများနှင့် ကျောင်းသား ကျောင်းသူများ၏ မဟာဘွဲ့ယူကျမ်းများကိုလည်းကောင်း၊ ဘားအံတက္ကသိုလ် သုံးထပ်စာသင်ဆောင်သစ် (၂) ဆောင် တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဘားအံမြို့ပြည်နယ်ပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ သုံးထပ်ဆောင်သစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘားအံစက်မှုဇုန်ရှိ UMH Company Limited အထည်ချုပ်စက်ရုံ၌ အဝတ်အထည်များ ချုပ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် သမဝါယမသည် အဓိကအခန်းမှပါဝင် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းအများအပြား ဖန်တီးပေးနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းက ပဲခူးမြို့နယ်ရှိ မဇင်းစက်မှုကုန်ထုတ် သမဝါယမအသင်းလီမိတက်သို့သွားရောက်၍အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အစည်းအဝေးခန်းမ၌ကျင်းပသော သမဝါယမအသင်းများ အဆင့်မြှင့်တင်ရေး အခမ်းအနားတွင် အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် သမဝါယမလုပ်ငန်းသည် အဓိက အခန်းမှပါဝင်နေကြောင်း၊ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို သမဝါယမအသင်းများက အများအပြား ဖန်တီးပေးနိုင်ကြောင်း၊ သမဝါယမအသင်းများ အောင်မြင်အောင် ဆောင်ရွက်ရာတွင် အသင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်၍ ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး၊ အရင်းအနှီးများရရှိရေး၊ နည်းပညာရရှိရေး စသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ သမဝါယမအောင်မြင်ရေးသည်ပဓာန၊ ပုဂ္ဂိုလ်ရေးသည်သာမညမှုကိုကျင့်သုံးပြီး လုပ်ငန်းဆောင်ရွက်ရာတွင် သမဝါယမ၏ သဘောတရားကို အခြေခံ၊ လက်တွေ့တွင် ပုဂ္ဂလိက လုပ်ထုံးလုပ်နည်းအတိုင်းလုပ်၍ စံဖြင့်ထိန်းကျောင်းရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တောင်ငူမြို့ ကေတုမတီ ငါးကုန်ထုတ်သမဝါယမအသင်းသို့သွားရောက်၍ လိုအပ်ချက်များကို ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး သမဝါယမ အသင်းစုချုပ်တို့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ထို့ပြင် အပြည်ပြည်ဆိုင်ရာ လေ့လာတွေ့ရှိချက်များအရ နိုင်ငံတိုင်း၏ လျှပ်စစ်စွမ်းအားလိုအပ်ချက်မှာ နေ့တစ်နေ့၏ အချိန်အပိုင်းအလိုက်၊ ရက်သတ္တတစ်ပတ်၏ ရက်ပိုင်းအလိုက်၊ နှစ်တစ်နှစ်၏လပိုင်းအလိုက် အပြောင်းအလဲများရှိနေပြီး တစ်နှစ်လုံးအတွက် အခြေခံလိုအပ်ချက် စွမ်းအင် (Based Load) အား အစဉ်အမြဲ ထုတ်ပေးထားနိုင်ရန် လိုအပ်ပါကြောင်း၊ ယင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးမှာ အပြည်ပြည်ဆိုင်ရာ လေ့လာတွေ့ရှိချက်များအရ စွမ်းအင်ထုတ်ဓာတ်ပေါင်းဖိုများသည်သာ နည်းပညာပိုင်းဆိုင်ရာ အကောင်းမွန်ဆုံးနှင့် အသင့်လျော်ဆုံး ဖြစ်ပါကြောင်း။

သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် လောလောဆယ်တွင် အဏုမြူစွမ်းအင်သုံးဓာတ်ပေါင်းဖိုတည်ဆောက်ရန် အစီအစဉ်မရှိသေးသော်လည်း နောင်တွင်သုံးစွဲရန် လိုအပ်ပါက လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လေ့လာထားရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နျူကလီးယားစွမ်းအင်ထုတ်လုပ်ပေးသော ဓာတ်ပေါင်းဖိုလုံခြုံစွာလည်ပတ်နိုင်ရေး (Reactor Safety)နှင့် ပတ်သက်ပြီး အိမ်နီးချင်းနိုင်ငံများတွင်လည်း အဏုမြူစွမ်းအင်သုံး ဓာတ်ပေါင်းဖိုများ လည်ပတ်သုံးစွဲလျက်ရှိခြင်း၊ တည်ဆောက်ရန်အစီအစဉ်ရှိသော နိုင်ငံများရှိခြင်းတို့ကြောင့် ကြိုတင်လေ့လာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုနှင့် ပတ်သက်၍ လွှတ်တော်၏ဆန္ဒကို ရယူရာ ထောက်ခံမဲ(၂၉)မဲ၊ ကန့်ကွက်မဲ (၁၁၀)မဲရှိပြီး ကန့်ကွက်မဲများသည့်အတွက်အဆိုကို အတည်မပြုကြောင်း ဆုံးဖြတ်သည်။

အဆိုနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးတင်မောင်ဝင်းက ၎င်း၏အမြင်ကိုပြောပြရာတွင် "အဏုမြူစွမ်းအင်ကနေ လျှပ်စစ်ဓာတ်အားထုတ်ယူဖို့နဲ့ပတ်သက်ပြီး လက်ရှိမြန်မာနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး အခြေအနေတွေနဲ့ ဆီလျော်မှု မရှိသေးပါဘူး။ လက်ရှိ နိုင်ငံတကာ ချေးငွေတွေကို နိုင်ငံတော်က ပြန်မဆပ်နိုင်သေးပါဘူး။ ကုန်ကျစရိတ်များလွန်းတဲ့ အဏုမြူဓာတ်အားပေးဓာတ်ပေါင်းဖိုတွေ တည်ဆောက်ဖို့ထက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဦးတည်တဲ့အနေနဲ့ ပြည်သူတွေကို စီးပွားရေးလုပ်ငန်းတွေ ထူထောင်ပေးဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ပေးဖို့ ဦးစားပေးဖို့ လိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံဟာ အဏုမြူလက်နက် ထုတ်လုပ်ဖို့ ကြိုးစားခဲ့တယ်ဆိုတဲ့ စွပ်စွဲပြောဆိုသံတွေ ပျောက်ကွယ်သွားတာ မကြာသေးပါဘူး။ ရေရှည်မှာ နိုင်ငံအတွင်းကပဲ ရရှိအသုံးပြုနိုင်တဲ့ အရင်းအမြစ်တွေနဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုနိုင်ရေးအတွက် သုတေသနပြုဖော်ဆောင်သင့်တယ်လို့မြင်ပါတယ်" ဟု ပြောပြသည်။

ယင်းအဆိုအား အတည်မပြုခဲ့ခြင်းနှင့်ပတ်သက်၍ အဆိုရှင် ဒေါက်တာမြင့်ကြည်က "ဗီယက်နမ်နိုင်ငံမှာ အဏုမြူစွမ်းအင်သုံး ဓာတ်အားပေး ဓာတ်ပေါင်းဖို(၈)လုံး တည်ဆောက်ဖို့ စီစဉ်နေပြီး ရုရှား၊ ဂျပန်နဲ့ IAEA တို့က အကူအညီပေးပြီး ငွေကြေးကိစ္စ၊ နည်းပညာကိစ္စ၊ လူသားအရင်းအမြစ်ကိစ္စတွေကို ဖြေရှင်းဆောင်ရွက်ပေးကြပါတယ်။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာလည်း ဓာတ်ပေါင်းဖို(၂)လုံး တည်ဆောက်ဖို့ ဆောင်ရွက်နေပြီး အလားတူ အကူအညီတွေနဲ့ဆောင်ရွက်မှာဖြစ်ပါတယ်။ အခုကတည်းက စတင်စီမံဆောင်ရွက်ပါမှ နောင်(၅)နှစ်၊ (၁၀) နှစ်အကြာမှာ ဓာတ်ပေါင်းဖိုတွေ တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ချက်ချင်းဆောက်လုပ်လို့ မရပါဘူး။ IAEAနဲ့ အခြားအတွေ့အကြုံရှိတဲ့နိုင်ငံများစွာက ကူညီဆောင်ရွက်မှုတွေယူပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အခုချက်ချင်းကိုယ့်ဘာသာကိုယ် တည်ဆောက်လို့ရတဲ့ ကိစ္စမျိုးလည်း မဟုတ်ပါဘူး။ အခုကတည်းက အစီအစဉ်ရေးဆွဲပါမှ စွမ်းအင်လိုအပ်ချက်နဲ့အတူ အခြားနည်းပညာတွေ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုတွေရှိလာပြီး အာဆီယံနိုင်ငံတွေနဲ့အတူ ရင်ပေါင်တန်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ထို့အတူပဲ နိုင်ငံရေး၊ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကိုလည်း ထိရောက်စွာ အကျိုးရှိမှာဖြစ်တယ်လို့ယူဆတဲ့အတွက် ဒီအဆိုကိုတင်ပြခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောပြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးစောတော်ပလဲ မေးမြန်းသည့် **သောက်ရေခပ်(၁) ရေအားလျှပ်စစ်စီမံကိန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က သောက်ရေခပ်(၁) ရေအားလျှပ်စစ်စီမံကိန်းသည် တောင်ငူမြို့ အရှေ့ဘက်(၂၆)မိုင်ခန့်အကွာ သောက်ရေခပ်ချောင်းပေါ်တွင် တည်ရှိပါကြောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ သောက်ရေခပ် ရေအားလျှပ်စစ်စီမံကိန်းဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ၁၉၇၃ ခုနှစ်တွင် အမေရိကန်နိုင်ငံ Engineering Consultant Inc. (ECI) ကုမ္ပဏီကို တာဝန်ပေးအပ်ခဲ့ရာ ECI ၏ ပဏာမဒီဇိုင်းအစီရင်ခံစာအရ စက်တပ်ဆင်အင်အားမှာ (၁၅၀)မဂ္ဂါဝပ်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှထုတ်လုပ်မည့် ဓာတ်အားမှာ(၇၈၀) သန်းကီလိုဝပ်နာရီရှိသည်ဟု သိရှိရပါကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် သောက်ရေခပ်(၁) ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

အစည်းအဝေးကို ညနေ ၃နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆားဘီးယားသမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Ivan Mrkic အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဆားဘီးယား သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Ivan Mrkic ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အားယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မတီအတွင်းရေးမှူးများဖြစ်ကြသော ဒေါက်တာစိုးရင်၊ ဦးမောင်တိုးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဆားဘီးယား နှစ်နိုင်ငံအစိုးရချင်း၊ နှစ်နိုင်ငံလွှတ်တော်ချင်း၊ နှစ်နိုင်ငံ ပြည်သူချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲနေမှုများ၊ ဒီမိုကရေစီစနစ်ဖော်ဆောင်နေမှုများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

အရှေ့ပိုင်းဒေသများညအပူအချိန်လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မွန်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူအချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပို့ခဲ့ပြီး၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ မုဒုံမြို့တွင် ၀ ဒသမ ၁၂ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုစာလွှာတစ်ရပ်လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်အစိုးရနှင့် အမေရိကန် ပြည်ထောင်စုအစိုးရတို့ အကြား မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် တားဆီးနှိမ်နင်းရေးအတွက် ဘိန်းခင်းတိုင်းတာရေးနှင့် အခြားကိစ္စရပ်များအား မူးယစ်ဆေးဝါးဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုစာလွှာတစ်ရပ်လက်မှတ်ရေးထိုးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပသည်။

လက်မှတ်ရေးထိုးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး မစ္စတာဒဲရစ်မစ်ချယ်တို့က သက်ဆိုင်ရာအစိုးရများ ကိုယ်စား လက်မှတ်ရေးထိုးကြသည်။

(အောက်ပုံ)

သဘောတူညီမှု စာလွှာအရ မြန်မာနိုင်ငံအစိုးရနှင့် အမေရိကန်အစိုးရတို့သည် ဘိန်းထွက်ရှိမှု စစ်တမ်းတစ်ခုကို ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြုလုပ်ရန် လည်းကောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စရပ်များတွင် ပါဝင်သည့် ဘိန်းထွက်ရှိမှုနှင့် ဘိန်းကူးသန်းရောင်းဝယ်မှု၊ နိုင်ငံဖြတ်ကျော်မှုခင်းများစသည်တို့ကို ဥပဒေကြောင်းအရ အရေးယူ ဆောင်ရွက်သည့် မြန်မာနိုင်ငံမှ သက်ဆိုင်ရာဌာနများအား ကူညီထောက်ပံ့ပေးရန်အတွက် ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများ ပြန်လည်ထူထောင်ရန်ကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Dr. V.S Seshadri လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Dr.V.S Seshadri သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Col-Rajesh Kumar လည်း တက်ရောက်သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Dr. V.S Seshadri အား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လာမယ့်သီတင်းပတ်ထဲမှာ မူးယစ်ဆေးဝါး တိုင်းတာလေ့လာမှုကိုစတင်နိုင်မယ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန် သံအမတ်ကြီး မစ္စတာ ဒဲရက်ဂျေ မစ်ချယ်လ်နှင့် မြန်မာ့အလင်းသတင်းအဖွဲ့မှ တွေ့ဆုံမေးမြန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အမေရိကန်အစိုးရတို့အကြား ဘိန်းအထွက်တိုင်းတာလေ့လာရေး မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အေဂျင်စီ ထူထောင်ခြင်းနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီမှု လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန် သံအမတ်ကြီး မစ္စတာ ဒဲရက်ဂျေ မစ်ချယ်လ်နှင့် မြန်မာ့အလင်း သတင်းအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး - ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားလူမျိုးစုများနဲ့ ငြိမ်းချမ်းရေး သဘောတူညီမှု ထူထောင်နိုင်ခဲ့ခြင်းဟာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အကျိုးသက်ရောက်မှု ရှိတယ်လို့ ထင်ပါသလားခင်ဗျာ။

ဖြေ - ကျွန်တော်တို့အနေနဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုကို နှစ်ပေါင်းများစွာ မလုပ်ခဲ့ဘဲနေခဲ့ပြီးနောက် ယခုတစ်ဖန် အတူတကွလက်တွဲပူးပေါင်းဆောင်ရွက်သွားနိုင်မယ်လို့ ထင်ပါတယ်။ ဒါဟာ ဆက်ဆံရေးအားလုံးရဲ့ နောက်ထပ်ခြေတစ်လှမ်းဖြစ်ပါတယ်။ ဒီအတွက် အလွန်ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို ဒီနေရာရောက်အောင် ကူညီပေးခဲ့တဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ အခြားသောသူများကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါဟာ ကျွန်ုပ်တို့အတွက် စေ့စပ်ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှ ပေါ်ထွက်လာတဲ့ နောက်ထပ် အောင်မြင်သောနေ့တစ်နေ့ ဖြစ်သလို အောင်မြင်သော ခြေလှမ်းတစ်ရပ်လည်း ဖြစ်ပါတယ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အမေရိကန် သံအမတ်ကြီး မစ္စတာ ဒဲရက်ဂျေ မစ်ချယ်လ်။

မေး - ဒါကို တိုးတက်အောင် ဘယ်လို အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်ဆိုတာနဲ့ ပတ်သက်ပြီး လူကြီးမင်းရဲ့ အနာဂတ်အစီအစဉ်ကို သိပါရစေ။

ဖြေ - ဒီကိစ္စကအချိန်ယူ ဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ လာမယ့်သီတင်းပတ်ထဲမှာ မူးယစ်ဆေးဝါးတိုင်းတာ လေ့လာမှုကို စတင်နိုင်မယ်လို့ ထင်ပါတယ်။ ပြီးတော့ နောက်တစ်ဆင့် လုပ်နိုင်ဖို့အတွက် အပြန်အလှန် အချင်းချင်းညှိနှိုင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ဆင့်ကို ယခုသို့မဟုတ် နောက်နှစ်ထဲမှာ ဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်မှုဟာ ဆက်ဆံရေးတိုးတက်အရှိန်အဟုန်ကောင်း လာဖို့အတွက် အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်ပါတယ်။

မေး- ဒီနေ့ အခမ်းအနားဟာဖြင့် မင်္ဂလာရှိတဲ့နေ့တစ်နေ့လို့ ထင်မြင်မိပါသလားခင်ဗျာ။

ဖြေ - အလွန်မင်္ဂလာရှိတဲ့နေ့ပါပဲ။ မြန်မာနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ရဲ့ ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် မင်္ဂလာရှိတဲ့နေ့တစ်နေ့လို့ ထင်ပါတယ်။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

အိန္ဒိယ-မြန်မာ အိမ်တွင်းမှု အနုပညာပြပွဲဖွင့်

မန္တလေး ဖေဖော်ဝါရီ ၂၁

အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် မဏိပူရအိမ်တွင်းမှုနှင့် လက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းမှ ကြီးမှူးကျင်းပသော "THE MATIC EXHIBITION MANDALAY "အိန္ဒိယ-မြန်မာအိမ်တွင်းမှု အနုပညာပြပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီခွဲက မန္တလေးမြို့ ကျုံးအရှေ့ဘက်(၆၆)လမ်းရှိ အမျိုးသားဇာတ်ရုံ(မန္တလေး)ဝင်းအတွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ အိန္ဒိယကောင်စစ်ဝန်ချုပ် ဒေါက်တာ မဒမ်မိုဟန်ဆပ်သီးနှင့် အိန္ဒိယနိုင်ငံ မဏိပူရအိမ်တွင်းမှုနှင့် လက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း၏ အမှုဆောင်ဒါရိုက်တာ မစ္စတာနီလာမာနီဆင်းတို့က အိန္ဒိယ-မြန်မာအိမ်တွင်းမှု အနုပညာပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အိန္ဒိယ ကောင်စစ်ဝန်ချုပ်၊ ဝန်ကြီးတို့က အမှာစကားပြောကြားကြသည်။ ထို့နောက်အခမ်းအနား တက်ရောက်လာကြသည့် တိုင်းဒေသကြီးဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ တရုတ်ကောင်စစ်ဝန်ချုပ် ဧည့်သည်တော်ကြီးများအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြပြီး မဏိပူရ အဖွဲ့မှ ရိုးရာအကဖြင့် တင်ဆက်ကာ အမှုဆောင်ဒါရိုက်တာက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက ဇာတ်ရုံဝင်းအတွင်း ခင်းကျင်းပြသထားသည့် မြန်မာ- အိန္ဒိယ အိမ်တွင်းမှုလက်ရက်ထည်နှင့် လက်မှု အနုပညာပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ဝ၄ဝ)

ရေအားနည်းရပ်ကွက်များသို့ မန်းစည်ပင်ကရေပေးဝေ

မန္တလေး ဖေဖော်ဝါရီ ၂၁

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ မြို့နယ်အတွင်း စီမံကိန်းပိုက်လိုင်းရှိ ရေအားနည်းရပ်ကွက်များအား သောက်သုံးရေပေးဝေခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်က အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် အကွက်(၁၁၁) တွင် ရေဂါလန် ၁၂၀၀ ကို အခမဲ့ပေးဝေခဲ့သည်။

ယင်းကဲ့သို့ ရေပေးဝေရာတွင် ဖေဖော်ဝါရီ ၁၈ ရက်က ရေဂါလန် ၄၈၀၀၊ ဖေဖော်ဝါရီ ၁၉ ရက်က ရေဂါလန် ၆၀၀၀၊ ဖေဖော်ဝါရီ ၂၀ ရက်က ရေဂါလန် ၃၆၀၀ တို့ကို ပေးဝေခဲ့ပြီး ရေလိုအပ်သော ရပ်ကွက်များသို့ ဆက်လက်ပေးဝေဖြန့်ဖြူးရန် အစီအစဉ်ရှိကြောင်း သိရသည်။

(ကျော်ထူး)

နွေကျောင်းပိတ်ရက် ဘောလုံးသင်တန်းများဖွင့်လှစ်မည်

မန္တလေး ဖေဖော်ဝါရီ ၂၁

Super Star Professional Football Training Centre မှ ကြီးမှူး၍ ခြေစွမ်းခြေစအသင့်အတင့် ရှိပြီးသော မျိုးဆက်သစ်ရွက်ပုန်းသီး ပါရမီရှင် အသက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်ဘောလုံးသမားများကို အရည်အသွေး ပိုမိုတောက်ပြောင်လာအောင် လေ့ကျင့်ပေးပြီး မြန်မာနေရှင်နယ်လိဂ် လူငယ်အသင်းများသို့ သွားရောက် ရွေးချယ်ခံနိုင်ရန်အတွက် လူငယ်ဘောလုံးသင်တန်းနှင့် နွေရာသီကျောင်းပိတ်ရက်အတွင်း အသက် ၁၀ နှစ်မှ အသက် ၁၅ နှစ်အတွင်းရှိ သက်ငယ် ဘောလုံးဝါသနာရှင်များအတွက် အခြေခံ ဘောလုံးသင်တန်းများကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဘောလုံး အားကစားကွင်း၌ Super Star ပုဂ္ဂလိက ဘောလုံးသင်တန်းက မတ် ၅ ရက် (အင်္ဂါနေ့) မှစတင်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ အဆိုပါ ဘောလုံးသင်တန်း တက်ရောက်လိုသူများသည် ဖေဖော်ဝါရီ ၂၃ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ စတင်၍ သင်တန်းသားစာရင်းကို ချမ်းမြသာစည်မြို့နယ် ဘောလုံးအားကစားကွင်းသို့ လာရောက် ဆက်သွယ်စာရင်းပေးသွင်း အပ်နှံနိုင်ပါကြောင်း၊ ရန်ကုန်မြို့တွင်လည်း ပထမအကြိမ်သင်တန်းကို အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီးဖြစ်၍ Super Star ပုဂ္ဂလိက ဘောလုံးသင်တန်းမှ ဒုတိယအကြိမ်သင်တန်းအဖြစ် မတ်လ ၁၀ ရက်တွင် ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ အမှတ် (၂၁၁) ဗိုလ်တထောင်ဘုရားလမ်း (အလယ်) ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၄၀၂၇၀၄၀၁၅ သို့ လာရောက် ဆက်သွယ်စာရင်းပေးသွင်း အပ်နှံ နိုင်ပြီဖြစ်ကြောင်းနှင့် အသက် ၁၀ နှစ် မှ ၁၅ နှစ်အတွင်း ဘောလုံးဝါသနာရှင် ကလေးငယ်များအတွက်လည်း နွေရာသီဘောလုံးအခြေခံ သင်တန်းကို တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည် ဖြစ်ကြောင်းသိရသည်။ (ဝ၄ဝ)

ထိုင်းဘုရင်ဟောင်း၏ ရုပ်ကြွင်းများ တူးဖော်မည့်လုပ်ငန်းအစီအစဉ်များရှင်းလင်းဆွေးနွေး

မန္တလေး ဖေဖော်ဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်စွယ်ပွတ်တန်း ရပ်ကွက်အတွင်းရှိ လင်းဇင်းကုန်းသုသာန်၌ ထိုင်းဘုရင်ဟောင်း King Kyao Bwa Htauk ၏ အုတ်ဂူဟုဆိုသော အုတ်ဂူတစ်ခုအတွင်းရှိ အရိုးပြာအား တူးဖော်စိစစ်နိုင်ရန်အတွက် ကွင်းဆင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမရပူရမြို့နယ် စွန်ပျံခန်းမ၌ကျင်းပရာ မန္တလေးမြို့တော်၌ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်းက ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံမှ ကွင်းဆင်းဆောင်ရွက်မည့် အဖွဲ့ခေါင်းဆောင် Dr. Viehit Chinalai နှင့် Micky Heart တို့က လင်းဇင်းကုန်းသုသာန်ရှိ ထိုင်းဘုရင်ဟောင်းအုတ်ဂူဟု ယူဆရသော အုတ်ဂူအတွင်းမှ တွေ့ရှိနိုင်မည့်ပြာသို့မဟုတ် အရိုးအကြွင်းအကျန်များတူးဖော်၍ မှန်ကန်မှုရှိမရှိ အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် ပညာရှင်အဖွဲ့များဖြင့် ယမန်နေ့မှ စတင်ကာ ရက် ၄၀ ခန့်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို လည်းကောင်း၊ သုသာန်အတွင်း မူလတည်ရှိသော ရှေးဟောင်းအရာများ ထိခိုက်မှုမရှိအောင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပေါင်းစပ်၍ အလေးထားဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း မြေပုံကားချပ်နှင့်တကွ အသေးစိတ် ရှင်းလင်းတင်ပြဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ရပ်မိရပ်ဖပြည်သူများ၊ သတင်းနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၏ မေးမြန်းချက်များကို အသေးစိတ် ပြန်လည်ဖြေကြား ရှင်းလင်းခဲ့ကြသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မန္တလေးမြို့တော်ဝန်၊ မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ အမရပူရမြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံဗန်ကောက်မြို့ရှိ The Association of Siamese Architects Under the Royal Patronage of His Majesty of King မှ အဖွဲ့ခေါင်းဆောင်နှင့် ကွင်းဆင်းဆောင်ရွက်ကြမည့် ဗိသုကာပညာရှင်နှင့် သမိုင်းပညာရှင် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ သတင်းနှင့်စာနယ်ဇင်းဆိုင်ရာ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(တင်မောင်-မန်းကိုယ်ပွား)

လင်းဇင်းကုန်းသုသာန်၌ ထိုင်းဘုရင်ဟောင်း King Kyao Bwa Htauk ၏အုတ်ဂူဟုဆိုသော အုတ်ဂူတစ်ခုကို တွေ့ရစဉ်။

ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်

ရွှေကူ ဖေဖော်ဝါရီ ၂၁

ကချင်ပြည်နယ် ရွှေကူမြို့နယ် မိုးစစ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက အဆိုပါဆေးခန်းရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ဆေးခန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ အဆောက်အအုံသစ်ကို ကျေးလက်နေစေတနာရှင်ပြည်သူများ၏ ထည့်ဝင်ငွေကျပ်သိန်း ၆၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျားပေ ၃၀၊ အနံပေ ၃၀၊ အမြင့် ၁၅ပေ၊ အုတ်ညှပ်၊ သွပ်မိုး၊ သမံတလင်းခင်းဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

(၆၆) ကြိမ်မြောက် မွန်အမျိုးသားနေ့ ရန်ပုံငွေအနုပညာ ဂီတပွဲတော်နှင့် ဈေးရောင်းပွဲတော်
(၂၃-၂-၂၀၁၃ မှ ၂၆-၂-၂၀၁၃ အထိဈေးရောင်းပွဲတော်)

၂၃-၂-၂၀၁၃ မွန်အမျိုးသားနေ့ အကြိုဂီတပွဲတော် — ချစ်ကောင်း၊ အဲလက်(စ်) ဖြိုးကြီး၊ လင်းလင်း၊ Smile Chan အဖွဲ့
ကော်နီ၊ ထွန်းအိန္ဒြာဗိုလ်၊ ရှင်ပုန်း၊ ဖြူဖြူကျော်သိန်း၊ နီနီခင်ဇော်၊ Primo Voice Art
Bands - Puls Three/ The Trees/ Heroz/ Ugly/ Primonale/ Power Music
Announcer - K Nyi, Mr.Bean
လက်မှတ်ဈေးနှုန်း – (20000ks, 15000ks, 10000ks, 7000ks, Stand-5000ks)

၂၄-၂-၂၀၁၃ မွန်အမျိုးသားနေ့ အထိမ်းအမှတ်အငြိမ့် — မေဗညာရွှေစင်အငြိမ့်အဖွဲ့ – မေဗညာ၊ ချစ်ဓရာ၊ ကူသိုင်း၊ ချစ်ဈေး၊ ဖွံ့ဖွံ့၊ ငွေမိုး၊ လှမော်
မင်းသမီး – မေပန်းချီ (ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်)နှင့် ကျားလေးစိန်
ဧည့်သည့်သရုပ်ဆောင် – ဓမင် ၊ ဧည့်သည်အဆိုရှင်များ – မင်းဇော်ကွန်း၊ မျိုးမြင့်လေး၊
ထန်းမြတ်စိုး၊ ဗညားဟန်၊ ကိုအေးထွန်း၊ အာကာဟိန်း၊ စိုးအောင်၊
တင်စခန်းလှိုင်၊ လား (ဧည့်သည့်) – ချိုပုံး၊ ချစ်စနိုးဦး၊ ဆုပန်ထွာ၊ မိစန္ဒီ၊ ဆွေဆွေဝင်း၊ မီးငယ်၊ နဒီထိုက်
လက်မှတ်ဈေးနှုန်း – (15000ks, 10000ks, 7000ks, 5000ks)

လက်မှတ်များကို Ko Ko beauty saloon၊ မန်းသီရိဈေးသိသွင်း၊ Morning star cafe ဆိုင်ခွဲအားလုံးတွင် ရောင်းချပေးနေပါပြီ
"၂၄-၂-၂၀၁၃ မွန်အမျိုးသားနေ့အထိမ်းအမှတ် အငြိမ့်နှင့် ၂၆-၂-၂၀၁၃ မွန်အမျိုးသားနေ့ အခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲများ" ကို Sky Net ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားပါမည်။"
ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများ ဆက်သွယ်ရန် ၀၉-၄၂၀၁၁၀၉၂၂၊ ၀၉-၄၂၀၁၆၂၅၀၅၊ ၀၉-၄၄၈၀၀၄၄၄၄၊ ၀၉-၅၃၀၈၉၁၀၉၉

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မူးမြစ်ချောင်းရိုးတစ်လျှောက် ရွှေရှာဖွေတူးဖော်မှုများကြောင့် ရေထုညစ်ညမ်း

ပင်လည်ဘူး ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် မူးမြစ်ချောင်းရိုးတစ်လျှောက် အင်ဂျင်စက်များ အသုံးပြုကာ ရွှေရှာဖွေတူးဖော်နေမှုများကြောင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာပြီး ရေလမ်းကြောင်းများ ပြောင်းလဲလာကာ မြေနုကျွန်းများ ပျက်စီးဆုံးရှုံးလာသဖြင့် မြေနုကျွန်းကို အမှီပြုနေကြရသည့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်လာနေကြောင်း သိရသည်။ မူးမြစ်ချောင်းရိုး တစ်လျှောက် ရွှေရှာဖွေတူးဖော်သူများ လာကြောင်း၊ မူးမြစ်ရေကို အားကိုးပြီး လူများ၊ တိရစ္ဆာန်များ သုံးစွဲနေကြရသော်လည်း ယခု မသုံးရဲတော့ကြောင်း၊ ရေအရင်းအမြစ်များလည်း ပိုမိုပျက်စီးပြီး ရေလမ်းကြောင်းလည်း ပြောင်းလဲလာကြောင်း၊ စိုက်ပျိုးရေးလုပ်ကိုင်သည့် မြေနုကျွန်းများလည်း ပိုမိုပျက်စီးလာကြောင်း၊ မူးမြစ်ချောင်းရိုးတစ်လျှောက်လုံး ညစ်ညမ်းသည့် ရွှံ့နွံရေများ ဖြစ်လာခြင်းကြောင့် မူးမြစ်ချောင်းရိုးကို မှီတင်းနေထိုင်ကြသူများက စိုးရိမ်လျက်ရှိကြောင်း ဒေသခံများနှင့် သဘာဝပတ်ဝန်းကျင်မြတ်နိုးသူများက ပြောကြားသည်။ **လှမျိုး(ပင်လည်ဘူး)**

ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီးရုံးဖွင့်ပွဲကျင်းပ

ကလေး ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီးရုံး ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈ နာရီခွဲက ကလေးမြို့ တောင်ဇလပ်ရပ်ကွက်ဗန္ဓုလလမ်း အိမ်အမှတ် ၁၉၀/၃၅ ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ပြီးနောက် ရုံးတံခါးများကို ဖွင့်လှစ်ပေးသည်။ အခမ်းအနားတွင် ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးနိုထန်ကပ်က အမှာစကား ပြောကြားပြီး ခရစ်ယာန်ဘုန်းကြီးများက ဆုတောင်းကြကာ ခရစ်ယာန်ဘာသာ ထုံးတမ်းစဉ်လာနှင့်အညီ ဝန်ကြီးရုံး ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပသည်။ ထို့နောက် ဝန်ကြီးရုံး ဖွင့်ပွဲသို့ တက်ရောက်လာကြသော ဧည့်ပရိသတ်များအား နံနက်စာဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးကြသည်။ ဆက်လက်၍ ည ၇ နာရီတွင်လည်း ကလေးမြို့ စတောမ်ရပ်ကွက် စတောမ်အားကစားကွင်း၌ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးရုံးဖွင့်ပွဲ ဂုဏ်ပြုပွဲအခမ်းအနားကိုကျင်းပရာ သဘာပတိ ဒေါက်တာ ထန်ဘီလ်လွယ်က အမှာစကား ပြောကြားသည်။ ထို့နောက် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးနိုထန်ကပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် ချင်းရိုးရာ အကမျိုးစုံဖြင့် ပျော်ရွှင်စွာ ကပြဖျော်ဖြေကြကြောင်း သိရသည်။ **(ဂျူနိုင်း)**

မန္တလေးပြည်သူ့ဆေးရုံကြီး၌ (၁၀၅)ကြိမ်မြောက် သွေးလှူ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခကျောင်း ခတ်တော်တိုက် အမှတ်(၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပဓာန နာယက (သက်လွတ်)ဆရာတော် (လူမှုထူးချွန် ပထမဆင့်) ဘဒ္ဒန္တဝိစိတ္တာလင်္ကာရ **(အပေါ်ပုံ)**သည် ဖေဖော်ဝါရီ ၈ ရက်က မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ခွဲတွင်(၁၀၅)ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။ **(ဝ၄၅)**

မီးဘေးရှောင် မလောင်ခင်တား ညီနောင်သွေးချင်းများ

ချင်းအမျိုးသားနေ့ အခမ်းအနား မန္တလေးတွင် ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၁

(၆၅)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ စွမ်းဟိုတယ်၌ ကျင်းပရာ ရှေးဦးစွာ ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက ဦးငွန်ခွဲက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းမောင်လှက အမှာစကားပြောကြားသည်။

ထို့နောက် ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဒေါ်ဆွေနွယ်မွှေးက ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီးနောက် အခမ်းအနား တက်ရောက်လာကြသော တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တိုင်းရင်းသားညီအစ်ကိုများအား ချင်းအမျိုးသားနေ့ အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ချင်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ(တက္ကသိုလ်များမန္တလေး)နှင့် ချင်းလူမှုရေးအသင်း(မန္တလေး)တို့မှ တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ကြသူများ၊ မဟာဘွဲ့ရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြပြီး ချင်းတိုင်းရင်းသား တိုင်းရင်းသူများက ချင်းရိုးရာ ဝါးညှပ် အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် ချင်းတိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီအတွင်းရေးမှူး ဆလိုင်း ဗေနေဇာဘွဲ့လျှန်ဆန်းက ကျေးဇူးတင်စကားပြောကြားပြီး ချင်းပြည်နယ်အတွင်းရှိဟားခါး၊ထန်တလန်ဆပ်ကော်မတီ၊ ဖလမ်းဆပ်ကော်မတီ၊ မင်းတပ်၊မတူပီ၊ကန်ပက်လက်၊ ပလက်ဝဆပ်ကော်မတီနှင့် တီးတိန်-တွန်းဇံဆပ်ကော်မတီတို့မှ ချင်းတိုင်းရင်းသားတိုင်းရင်းသူများက အဆိုအက ပဒေသာတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။ **(ဝ၄၀)**

ပြည်တွင်းသတင်း

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ဗြိတိန်နိုင်ငံ International Bar Association ဥက္ကဋ္ဌတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ဗြိတိန်နိုင်ငံ၌ ရုံးစိုက်သော အပြည်ပြည်ဆိုင်ရာရှေ့နေများအသင်း (International Bar Association-IBA) ဥက္ကဋ္ဌ Mr. Michael Reynolds သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံးမှ တာဝန်ရှိသူတစ်ဦးနှင့်အတူ ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုရှေ့နေချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး International Bar Association ဥက္ကဋ္ဌက မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးပြောင်းလဲမှုများ ဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကရှေ့နေများအတွက်လည်း စီးပွားရေးဥပဒေဆိုင်ရာ အကူအညီများပေးလိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုရှေ့နေချုပ်က မိမိသည် မြန်မာနိုင်ငံရှေ့နေများ ကောင်စီ၏ ဥက္ကဋ္ဌဖြစ်ကြောင်းနှင့် မိမိတို့နိုင်ငံရှိ ပုဂ္ဂလိကရှေ့နေများအား ကုန်သွယ်ရောင်းဝယ်ရေးဆိုင်ရာ ဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခြင်းဖြင့် အသိပညာပေးမှုများ ဆောင်ရွက်ပေးလိုခြင်းကို ကြိုဆိုပါကြောင်း ပြောကြားပြီး ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံ အသေးစားစီမံကိန်းများထောက်ပံ့ရေး အစီအစဉ်အရ ကျောင်းဆောင်သစ်နှင့် ကျေးရွာချင်းဆက်လမ်း လွှဲပြောင်းပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဝင်းကကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် အမေရိကန်ဒေါ်လာ ၈၇၆၁၃ ဒေါ်လာနှင့် ကျိုက်မရောမြို့နယ် မုဆိုးကျွန်းနှင့် တကူဂလုံကျေးရွာချင်းဆက်လမ်းအတွက် အမေရိကန်ဒေါ်လာ ၁၀၅၁၉၁ ဒေါ်လာတို့ကို အသီးသီး ဆောက်လုပ်ရန် ပေးအပ်ခဲ့ရာ ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်များတွင် ကျောင်းဆောင်သစ်နှင့် လမ်းတို့ကို လွှဲပြောင်းပေးအပ် ဖွင့်လှစ်ခဲ့သည်။

ဝင်းကကျေးရွာ အခြေခံပညာမူလတန်းကျောင်းသည် လက်ရှိအချိန်တွင် တစ်ခုတည်းသော ကျောင်းဆောင်၌ ကျောင်းသား ၁၃၆ ဦးကို ဆရာ ဆရာမ လေးဦးဖြင့် ပညာသင်ကြားပေးလျက်ရှိရာ ကျောင်း၏ ဥပဓိရုပ်မကောင်းခြင်း၊ စာသင်ခုံများလည်း လုံလောက်မှု မရှိခြင်း စသည့်အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ကျိုက်မရောမြို့နယ် မုဆိုးကျွန်းကျေးရွာသည် မော်လမြိုင်မြို့သို့ ရာသီမရွေးသွားလာနိုင်သောလမ်းမရှိသည့်အတွက် ဒေသထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချခြင်း၊ အရေးပေါ်လူနာများကို အချိန်မီဆေးရုံဆေးခန်းများသို့ ပို့ဆောင်ပေးခြင်း၊ မူလတန်းပညာပြီးဆုံးသော ကျောင်းသူ ကျောင်းသားများ အလယ်တန်း၊ အထက်တန်းပညာကို ဆက်လက်သင်ယူနိုင်ရေး အစရှိသည်တို့တွင် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်။

ဤသို့သော အခြေအနေများအရ ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ဝင်းကကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် စာသင်ခန်း ငါးခန်းပါ သံကူကွန်ကရစ်ကျောင်းဆောင်၊ အိမ်သာများတည်ဆောက်ခြင်းနှင့် ကျောင်းသုံးပရိဘောဂများကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး မုဆိုးကျွန်းနှင့် တကူဂလုံကျေးရွာချင်းဆက် ဂဝံလမ်းဖောက်ခြင်းကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

(မြန်မာ့အလင်း)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မွန်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ကျိုက်မရောမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြူ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၂၀ တက်ရောက်ကြသည်။

အသိပညာပေး ဟောပြောပွဲတွင် မွန်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး (၂)ဦးမျိုးအောင်လင်း **(အပေါ်ပုံ)** က မော်တော်ယာဉ်ဥပဒေများနှင့် ယာဉ်မောင်းလိုင်စင်ပြုလုပ်သူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအုပ်လှိုင်ကျော်မြင့်က လမ်းဖြတ်ကူးသူများ လိုက်နာရမည့် စည်းကမ်းများနှင့် မွန်ပြည်နယ် ယာဉ်ထိန်းတပ်ခွဲမှ ဒုတိယရဲအုပ်အောင်နိုင်က ဆိုင်ကယ်စီးသူများ လိုက်နာရန်အချက်များ၊ လမ်းဆုံ/လမ်းခွများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေးအတွက် လက်အချက်ပြစနစ်များကို ပညာပေးရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်က စေတီတော် ဓာတ်လှေကားဆောင်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ပွဲတော်ကို ရန်ကုန်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအေးမြင့်ကြည်၊ သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦးနှင့် စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမြတ်စိုး(ငြိမ်း)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

သန်လျင်မြို့ သမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၆ ရက်အထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ဆီမီးပူဇော်ပွဲ၊ ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲ၊ ထမနဲထိုးပွဲ၊ မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲ၊ ဇာတ်သဘင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဝ၄၉)

စာပေဟောပြောပွဲ ကျင်းပမည်

သန်လျင် ဖေဖော်ဝါရီ ၂၁

သန်လျင်မြို့နယ် စာရေးဆရာအသင်းကကြီးမှူး၍ ၁၃၇၄ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ၂၀၁၃ ခုနှစ် မတ် ၃ ရက် ညနေ ၆ နာရီတွင် ရက်မြတ်မင်္ဂလာခန်းမ၌ ကျင်းပသွားမည်ဖြစ်ရာ ဆရာချစ်စံဝင်း၊ ဆရာဖိုးစော(သန်လျင်)၊ ဆရာမ မနှင်းဖွေးတို့က စာပေရေးရာများကို ဟောပြောကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မောင်မောင်ကျော့(ပလက်ဝ)

နိုင်ငံတကာအားကစားသတင်း

မန်စီးတီးကွင်းမှာ စီးချင်းထိုးမယ့် ချယ်လ်ဆီး

ပွဲတွေဆက်တိုက်ဖြစ်နေတာမို့ သီတင်းတစ်ပတ်ရပ်နားခဲ့ရတဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေ ဖေဖော်ဝါရီ ၂၃ ရက်နဲ့ ၂၄ ရက်မှာ ပြန်လည်အသက်ဝင်ပါတော့မယ်။ ပရီမီယာလိဂ်ညချမ်းတွေကို ဆက်တိုက်ပျော်မွေ့နေချင်တဲ့ပရိသတ်တွေအတွက် ဒီတစ်ပတ်ပွဲစဉ်တွေမှာ ပွဲကောင်းတွေက စောင့်ကြိုနေပြန်ပါတယ်။

မန်စီးတီးနှင့် ချယ်လ်ဆီး

ဖိအားတွေအောက်မှာ မွန်းကျပ်နေတဲ့ နည်းပြနှစ်ဦးတို့အတွက် မှတ်ကျောက်တင်ရမယ့်ပွဲဖြစ်နေပါတယ်။ မန်ချီနီရော ဘင်နီတက်ဇ်ပါ ပွဲရလဒ်တွေမကောင်းလို့ အနာဂတ်ပျောက်ရမလို ဖြစ်နေချိန်မှာ မန်စီးတီးကွင်းမှာ စီးချင်းထိုးပွဲဖြစ်လာခဲ့ပြန်ပါတယ်။ ပထမအကျော့ပွဲစဉ်မှာ ဂိုးမရှိသရေပွဲဖြစ်ထားမို့ အခုပွဲမှာတော့ ပြတ်သားတဲ့ရလဒ်ကို ရဲရဲဝံ့ဝံ့ ပုံဖော်ပြပါလိမ့်မယ်။ မန်စီးတီးကွင်းမှာ ချယ်လ်ဆီးတို့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ မှတ်တမ်းက လှန်လှောကြည့်စရာ မကောင်းအောင် ရှုံးပွဲချည်းဖြစ်နေပါတယ်။ လက်ရှိအနေအထားနဲ့ ခြေစွမ်းပိုင်းကလည်း အိမ်ရှင်မန်စီးတီးကိုပဲ မှီခိုအားထားရမလိုဖြစ်နေတာတော့အမှန်ပါပဲ။

ကျူပီအာနှင့် မန်ယူ

တန်းစီဇယားအောက်ဆုံးရောက်နေတဲ့ ကျူပီအာရဲ့ ရှန်းကန်လိုတဲ့စိတ်ဓာတ်၊ ပွဲဆက်များနေလို့ စိတ်ပန်းလူပန်းဖြစ်နေတဲ့ မန်ယူတို့ရဲ့ အနေအထားက ပရိသတ်တွေရဲ့ စိတ်အာရုံကို သိပ်မနှိုးဆွနိုင်ဘူး ဖြစ်နေပါတယ်။ တန်းစီဇယား ဒုတိယနေရာက မန်စီးတီးနဲ့အမှတ်ကွာဟနေတာမို့ မန်ယူဟာ ဒီပွဲကို အရန်လူတွေနဲ့ ပွဲထွက်လာဖွယ်ရှိနေပြီး ပွဲရလဒ်ကို အာရုံစိုက်ပုံမလားဆိုတာ တွေးပူစရာပါ။ မန်ယူတို့ အခြားအဝေးကွင်းမှာ စိုးရိမ်စိတ်တွေ တဝေဝေနဲ့ ကစားမှာတော့ မဟုတ်ပါဘူး။

အာဆင်နယ်နှင့် ဗီလာ

ပထမအကျော့မှာ ဂိုးမရှိသရေကျထားတာမို့ ဒီပွဲမှာတော့ အာဆင်နယ်တို့ အိမ်ကွင်းမှာ ဗီလာကို ချေမှုန်းဖို့ ပြင်ဆင်ပါလိမ့်မယ်။ နောက်ဆုံး အခွင့်အရေးအဖြစ် ချန်ပီယံလိဂ်ဝင်ခွင့်နေရာအတွက် တိုက်ပွဲဝင်ရမယ့်အခြေအနေမို့ အာဆင်နယ်ဟာ အနိုင်ဆိုတဲ့ရလဒ်က လွဲပြီး အခြားရလဒ်ကို စိတ်ကူးမှာ မဟုတ်ပါဘူး။ တန်းဆင်းဇုန်နဲ့ ဝေးအောင်အားထုတ်မယ့် ဗီလာကလည်း အာဆင်နယ်ကို အပြင်းအထန် ခုခံမှာဖြစ်တာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိမယ့်ပွဲ ဖြစ်လာပါလိမ့်မယ်။

ရက်ဒင်းနှင့် ဝီဂန်

ရက်ဒင်းကွင်းမှာ ဝီဂန်တို့နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ မှတ်တမ်းမှာတော့ ဝီဂန်တို့တစ်ပွဲမှ မနိုင်ခဲ့ပါဘူး။ ရက်ဒင်းဟာချယ်လ်ဆီးကို အိမ်ကွင်းမှာ သရေကစားနိုင်ခဲ့တဲ့ပွဲ အပါအဝင် အိမ်ကွင်းငါးပွဲ နောက်ဆုံးကစားခဲ့တာမှာ တစ်ပွဲပဲ ရှုံးထားပါတယ်။ နှစ်သင်းစလုံးရဲ့ရှန်းအား တိုက်အားတွေအပေါ် ချိန်ဆကြည့်ရင်တော့ အိမ်ရှင်ကို အကြိုက်အဖြစ် ရွေးချယ်အားပေးရမှာ ဖြစ်ပါတယ်။

ဖူလ်ဟမ်နှင့် စတုတ်

ပထမအကျော့ စတုတ်စီးတီးကွင်းမှာ ကစားတဲ့အခါ စတုတ်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူထားတာမို့ အခုပွဲမှာ ဖူလ်ဟမ်တို့ အရှုံးရလဒ်ကို အနိုင်နဲ့ ချေဖျက်ပါလိမ့်မယ်။ ဖူလ်ဟမ်ကွင်းမှာ စတုတ်တို့ အသာစီးမရတာများတဲ့အပြင် ဖူလ်ဟမ်ရဲ့အိမ်ကွင်းခြေစွမ်းမာကျောမှုနှုန်းကို စတုတ်တို့ ခက်ခက်ခဲခဲဖြတ်သန်းရမှာပါ။

မိုးမြင့်လင်းလက် ရေးသားသည်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- မန်ယူအသင်းသည် အသက် ၂၅ နှစ်အရွယ်ရှိ ရီးရဲမက်ဒရစ်တောင်ပံကစားသမား မာရီရာအား ခေါ်ယူရန် ကြိုးစားနေရာ ပဲရစ်စိန့်ဂျာမိန်းအသင်းကလည်း ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- လိုင်ယွန်နောက်ခံလူ ဗန်အား ချယ်လ်ဆီးနှင့် အဲဗာတန်တို့က လာမည့်နွေရာသီတွင် ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- ဟမ်းဘတ်အသင်းမှ တောင်ကိုရီးယားတိုက်စစ်မှူး အသက် ၂၀ အရွယ်ရှိ မင်ဆန်ဟန်အား ချယ်လ်ဆီးအသင်းကခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။
- မန်ယူကွင်းလယ်ကစားသမား အန်ဒါဆန်က မိမိသည် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ကြိုးစားရုန်းကန်နေရကြောင်း၊ အသင်းမှထွက်ခွာရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားသည်။
- ဆန်းဒါးလန်းအသင်းမှအသက် ၂၄ နှစ်အရွယ် ဘယ်လ်ဂျီယံ ဂိုးသမား ဆီမွန်မင်နိုလက်အား မန်ယူအသင်းက ခေါ်ယူရန် ကြိုးစားနေရာ အာဆင်နယ်ကလည်း စိတ်ဝင်စားလျက်ရှိသည်။
- မန်ယူအသင်းမှ အသက် ၂၂ နှစ်အရွယ်ရှိ စပိန်ဂိုးသမား ဒီဂီရာအား ချယ်လ်ဆီးအသင်းက ခေါ်ယူရန် ကြိုးစားနေသည်။
- အေစီမီလန်အသင်း၏ ခြေစွမ်းသည် အံ့သြဖွယ်ရာကောင်းကြောင်း၊ အေစီမီလန်၌ ကစားလိုသောဆန္ဒပင်ဖြစ်ပေါ်မိကြောင်း၊ သို့သော် မိမိသည် အသက် ၃၄ နှစ်ရှိပြီဖြစ်၍ ဘာစီလိုနာ၌ပင် ဆက်လက်ကစားပြီး အနားယူမည်ဖြစ်ကြောင်း နောက်ခံလူ ပူယိုးလ်က ပြောကြားသည်။
- ဒေးဗစ်ဘက်ဟမ်း၏ ၁၃ နှစ် အရွယ်သားကြီး ဘရွတ်ကင်းသည် ပဲရစ်စိန့်ဂျာမိန်းအသင်း၌ ဖခင်ဖြစ်သူနှင့် အတူလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း ယင်းအသင်းက သတင်းထုတ်ပြန်သည်။

ဒေးဗစ်ဂေးလ် မန်ယူအရာရှိချုပ်မှ နားမည်

ဒေးဗစ်ဂေးလ်သည် လာမည့် ဇွန် ၃၀ ရက်တွင် မန်ယူအမှုဆောင်အရာရှိချုပ်အဖြစ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း မန်ယူက ကြေညာသည်။ အသက် ၅၅နှစ်ရှိ ဂေးလ်သည် ၁၉၉၇ခုနှစ်က မန်ယူသို့ ရောက်ရှိလာသည်။ ၂၀၀၃ ခုနှစ်က အမှုဆောင်အရာရှိချုပ်မဖြစ်မီ ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၎င်းသည်အမှုဆောင်အရာရှိချုပ်ရာထူးမှ ဆင်းပေးမည်ဖြစ်သော်လည်း မန်ယူညွှန်ကြားရေးမှူးအဖြစ် ဆက်လက်ရှိနေမည်ဖြစ်သည်။

ဘာစီလိုနာသို့ နေမာပြောင်းသင့်ဟု ပီလီဆို

ဘရာဇီးဂန္ထဝင်ဘောလုံးသမားကြီးပီလီက နေမာအား ဆန်တို့စ်ကလပ်မှ ထွက်ခွာလျှင် ဘာစီလိုနာသို့ ပြောင်းရွှေ့ကစားသင့်ကြောင်း တိုက်တွန်းလိုက်သည်။ **(အောက်ပုံ)**

ဘာစီလိုနာ သို့မဟုတ် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ကစားရန် အသက် ၂၁ နှစ်ရှိ တိုက်စစ်မှူးနေမာအား ပီလီက တိုက်တွန်းလိုက်သည်။ ဘာစီလိုနာအသင်းသည် နေမာအတွက် အကောင်းဆုံးဘောလုံးသမားဖြစ်လာစေရန် နေရာကောင်းဖြစ်လာနိုင်ကြောင်း ပီလီကပြောကြားသည်။ သို့သော်လည်း တိုက်စစ်မှူး နေမာအား မန်ယူ၊ မန်စီးတီးနှင့် ချယ်လ်ဆီးတို့က ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။

ထိပ်ဆုံးလေးသင်းဝင်နိုင်ရန် အာဆင်နယ်ကြိုးစားမည်

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်တွင် ဘိုင်ယန်မြူးနစ်ကို သုံးဂိုး-တစ်ဂိုးဖြင့်ရှုံးပြီးနောက် အမှတ်ပေးဇယားထိပ်ဆုံးလေးသင်းဝင် အသင်းဖြစ်ရန် ကြိုးစားမည်ဖြစ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ပြောကြားသည်။ အာဆင်နယ်အသင်းသည် ၂၀၀၅ ခုနှစ်က အက်ဖ်အေဖလားဆွတ်ခူးခဲ့ပြီးနောက် ပထမဆုံးဖလားဆွတ်ခူးရန် မျှော်လင့်ချက်အဆုံးသတ်ခဲ့ပြီဖြစ်သည်။

မြင့်မောင်စိုး - ရေးသားသည်

သားသန့် (၅)နှစ်ပြည့်မွေးနေ့

ဖေမေ့ရင်နှစ်၊ သားချစ်ရတနာ
အမည်မှာ **သန့်**၊ ခန့်ထည်ရုပ်သွင်
စိတ်လျှင် **အာကာ**၊ မိုးဝဋ္ဋာထက်
ဖြန့်ကြက်ပညာ၊ ဉာဏ်ဝါထိန်လင်း
ဇော် ကြိုးရှင်းသည့်၊ အတိဇာတ
သားလှရွှေသွေး၊ မွေးသည့်ရက်မြတ်
(၅)နှစ်ပတ်လည်၊ ရှိခဲ့ပြီ။

နိုင်မြင့်ဇော် (ကန့်ဘလူ)

၂၂-၂-၂၀၁၃ရက်တွင် ကျရောက်သော သားသား မောင်သန့်အာကာဇော်၏ (၅)နှစ်ပြည့်မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ဉာဏ်ပညာထက်မြက်ပြီး ရွှင်လန်းချမ်းမြေ့စွာဖြင့် တိုင်းပြည်တာဝန်များကို ထမ်းဆောင်နိုင်သော အမျိုးကောင်းသား ဖြစ်ပါစေကြောင်း ဆုမွန်ခြွေလျက်

ချစ်ဖေဖေ- ဒုတိယဗိုလ်မှူးကြီး နိုင်မြင့်ဇော်
ချစ်မေမေ- ဒေါ်ထားထားအောင်
ကန့်ဘလူမြို့မှ ဘိုးဘိုး၊ ဘွားဘွားနှင့် ဦးဦး၊ ဒေါ်ဒေါ်များ
မိတ္ထီလာမြို့မှ ဘွားဘွား၊ ဦးဦး၊ ဒေါ်ဒေါ်နှင့် ကိုကို၊ မမများ

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉-ဘီ[၃]၊ မြေကွက်အမှတ် ၅၆၊ မြေကွက်တည်နေရာအမှတ် ၃၆၊ သုခလမ်း၊ စမ်းချောင်းမြို့နယ် ဦးညွန့်ဖေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးညွန့်ဖေနှင့်ဇနီး ဒေါ်မြကျင်တို့ ကွယ်လွန်သဖြင့် ၁။ ဦးစံလှမြင့် ၁၂/စခန(နိုင်)၀၄၃၂၁၉၊ ၂။ ဦးကြည်စိုးဝင်း ၁၂/စခန(နိုင်)၀၄၃၁၉၇နှင့် ဦးအောင်ကျော်ငြိမ်း ၁၂/စခန(နိုင်)၀၄၃၃၉၅တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

FULLY LIGHT Travels & Tours Co., Ltd
သင်္ကြန်အထူးခရီးစဉ်များ
ကိုရီးယားခရီးစဉ် 12-19.April.2013
ရှမ်းခရီးစဉ် 13-21.April.2013
ဟောင်ကောင်ခရီးစဉ် 12-19.April.2013
ဘာရှုတ်ပြည်ခရီးစဉ် (၁) 11-18.April.2013
ဘာရှုတ်ပြည်ခရီးစဉ် (၂) 13-23.April.2013
ဂျပန်ခရီးစဉ် 14-21.April.2013
01-503815 01-516932 01-516964 01-516985

ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၉/က)၊ ဇမ္ဗူရာဇ်လမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဦးဇော်ထက် ၁၂/ရကန(နိုင်)၀၅၀၈၃၀၏ မူပိုင်ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားသည် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄/၆၂၉၄-၂၀၁၂)အရ တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင် သုံးစွဲနိုင်ရန်အတွက် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ တံဆိပ်အမှတ်အသားဖြင့် အဆိပ်ရှိ၊ အဆိပ်မဲ့မြွေနှိမ်နင်းရေး အမှုန့်များကို ထုတ်လုပ်ဖြန့်ချိရောင်းချရာ၌ အသုံးပြုသည့် စာရွက်စာတမ်းများ၊ စက္ကူအိတ်အမျိုးမျိုး၊ ပလတ်စတစ်အိတ်အမျိုးမျိုး၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်း၊ ရောင်ပြန်စတေကာတို့အပေါ်တွင်လည်းကောင်း၊ ဖော်ပြပါ ဖြန့်ချိရေးတံဆိပ်အမှတ်အသားကို အရောင်အမျိုးမျိုး၊ ပုံစံအရွယ်အစားအမျိုးမျိုးဖြင့် ရိုက်နှိပ်ထုတ်လုပ်ဖြန့်ချိရောင်းချ သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားနှင့်ပတ်သက်၍ မည်သူမဆို ခွင့်ပြုချက်မရရှိဘဲ တံဆိပ်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကူးယူအသုံးပြုခြင်း၊ အတုအပထုတ်လုပ်ဖြန့်ချိခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

မိန်ဝင်းနှင့်ရောင်းရင်းများ
249871, 256553, 389611, 09-5137245

Ph:09 73143249
09 73252241

အိမ်ရောင်းမည်

ပေ၂၀×ပေ၆၀ နှစ်ထပ်အုတ်ညှပ်၊ အရှုပ်အရှင်းကင်း၊ အိမ်သန့်၊ အသင့်နေနိုင် အိပ်ခန်း(လေး)ခန်းပါ။ နှစ် ၆၀ ဂရန်၊ ရေမီးအစုံ။ (ညို့နှိုင်းဈေး)

ဖုန်း-၀၁-၅၆၁၈၇၇၊ ၀၉-၈၆၁၉၆၉၅၊
တောင်ဥက္ကလာပ၊ (၇)ရပ်ကွက်၊
ရန်ကုန်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၂၈၂၊ မြေကွက်တည်နေရာအမှတ် ၂၈၂၊ သိရီနန္ဒာ ၂၉လမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးဝမ်းလှိုင် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဦးဝမ်းလှိုင်ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၆၀၇ (၂၂-၇-၁၂)အထူးကိုယ်စားလှယ် ဦးစိုင်းသီဟအောင် ၁၂/ပဇတ (နိုင်) ၀၁၂၁၂၅က (၂၀၀၇) ခုနှစ်တွင်ကူးယူခဲ့သောအပိုင်ပေးမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃ ဘီ)၊ လူနေရပ်ကွက်အမှတ် (ဈေးကုန်း)၊ မြေကွက်အမှတ် (၄၀)၊ အကျယ်အဝန်း ပေ(၆၀×၈၂)ရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၇၅၊ မာဃလမ်း၊ ဈေးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးကို မြို့မြေစာရင်းတွင် အမည်ပေါက်တည်ရှိပြီး လက်ရှိပိုင်ဆိုင်စီမံရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ပို ၁၂/ပဘတ(နိုင်)၀၁၆၃၂၈ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ပိုင်း ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B
(စဉ်-၂၃၂၉၉)
အထက်တန်းရှေ့နေ

ဒေါ်အိမ့်ဖြူနိုင် LL.B, DBL, DML
(စဉ်-၂၉၇၄၆)
အထက်တန်းရှေ့နေ

အာရှမြေ အိမ်-ခြံ-မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃

ဈေးကွက်နှင့်စီးပွားရေးသတင်း

တစ်နေ့တခြား လူကြိုက်များလာနေသည့် ငါးမြစ်ချင်းခြစ်

ဈေးကွက်သတင်းနှင့် ဓာတ်ပုံ
သတင်းထောက်အောင်သန်း

ပြီးခဲ့သည့် ဇန်နဝါရီလက တစ်ဆိုင်နှစ်ဆိုင်လောက်သာ တွေ့ခဲ့ရသော ငါးမြစ်ချင်းခြစ်ဆိုင်များကို ငါးဈေးကြီးဝန်းကျင်တွင် ယခုတော့ အိမ်ဆိုင်ငယ်လေးများအဖြစ် လေးငါးဆိုင်မက တွေ့မြင်နေရပေပြီ။ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးအတွင်း ဝင်ရောက်လာသည့် ငါးပုစွန်များအနက် ယခုအခါ ရေချိုငါး၊ ငါးမြစ်ချင်းမှာ ပိဿာချိန်အများဆုံးဝင်ရောက်နေသည်။ ဖေဖော်ဝါရီ ၁၅ ရက်က ဈေးကြီးသို့ ငါးပုစွန်အမျိုးပေါင်း ၂၀ ကျော်၊ ပိဿာချိန် တစ်သိန်းလေးသောင်းကျော် ဝင်ရောက်လာသည့်အနက် ငါးမြစ်ချင်းငါးက ပိဿာချိန် ၄၉၀၄၀ ပါဝင်နေသည်။ ၆၀ ကျပ်သားနှင့်အထက် ငါးမြစ်ချင်းအကောင်ကြီးများကို တစ်ပိဿာ ငွေကျပ် ၁၇၀၀ မှ ၂၂၀၀ ဈေးနှုန်းများဖြင့် မကွေး၊ တောင်တွင်းကြီး၊ တောင်ကြီး၊ လားရှိုးမြို့များသို့ ကား၊ ရထားတို့ဖြင့် တင်ပို့ပေးနေရသည်။ ငါးမြစ်ချင်း ၄၀ ကျပ်သား၊ ၅၀ ကျပ်သား အကောင်ငယ်အရွယ်ကို ခြစ်ငါးဟုခေါ်သည်။

ဈေးမြင့်

ငါးမြစ်ချင်းခြစ် ပြုလုပ်သည့်အတွက် ခြစ်ငါးဟု ခေါ်ခြင်းဖြစ်သည်။ ငါးအကောင်ကြီးလျှင် ခေါင်းကြီးပြီး ဗိုက်အိုးကျယ်၊ အရေခွံထူ၊ အရိုးကြီးသဖြင့် အသားခြစ်အရနည်းသဖြင့် ငါးအကောင်ငယ်ကို ရွေးချယ်ဝယ်ယူခြင်းဖြစ်သည်ဟု ငါးမြစ်ချင်းခြစ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။ ဖေဖော်ဝါရီ ၁၈ ရက်က ငါးပေါက်ဈေးမှာ တစ်ပိဿာငွေကျပ် ၁၄၀၀ ဖြစ်သည်။ ပုံမှန်ဈေးတော့မဟုတ်၊ အတက်အကျရှိသည်။ တစ်ခါတစ်ရံငွေကျပ် ၁၈၀၀ အထိ ဈေးမြင့်သွားတတ်သည်ဟု သိရသည်။

သုံးခွမြို့၌ ပဲတီစိမ်းဈေးကွက် အနည်းငယ် ပြောင်းလဲ

သုံးခွ ဖေဖော်ဝါရီ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ဈေးကွက်အတွင်းသို့ ပဲတီစိမ်းအသစ်များ ဝင်ရောက်လျက်ရှိရာ တစ်တင်း (ပိဿာ ၂၀) လျှင် ဖေဖော်ဝါရီ ၅ ရက်တွင် ငွေကျပ် ၂၅၅၀၀၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ငွေကျပ် ၂၄၄၀၀၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ငွေကျပ် ၂၅၀၀၀ ဖြစ်သောကြောင့် ဈေးနှုန်းအနည်းငယ် ပြောင်းလဲကြောင်း သိရှိရသည်။ ပဲတီစိမ်းသည် ဖေဖော်ဝါရီလကုန်နှင့် မတ်လဆန်းတွင် ဖြိုင်ဖြိုင်ပေါ်မည်ဖြစ်ရာ ဈေးနှုန်းအနေအထားပြောင်းလဲနိုင်ကြောင်း သိရှိရသည်။ ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးပုံနှင့် တစ်ဧကကုန်ကျစရိတ်ကို သရောတောကျေးရွာမှ ဦးဖိုးစု၏ ပြောပြချက်အရ သိရသည်။

ပဲတီစိမ်းကို မိုးစပါးရိတ်သိမ်းပြီး နိုဝင်ဘာလမှစ၍ စိုက်ပျိုးရကြောင်း၊ မြေကို လေးလွှာထွန်ရကြောင်း၊ ယခုနှစ်မှာ အချိန်အခါမဲ့ မိုးကြောင့် စိုက်ပျိုးချိန်တစ်လနောက်ကျကြောင်း သိရသည်။ တစ်ဧကလျှင် လေးလွှာအတွက် လယ်ထွန်ယက်ခငွေကျပ် ၄၀၀၀၀ ကုန်ကျကြောင်း၊ မျိုးပဲခငွေကျပ် ၂၇၀၀၀၊ မြေဆီခ ငွေကျပ် ၁၃၀၀၀ ၊ ပိုးသတ်ဆေးဖိုးနှင့် ပက်ဖျန်းခငွေကျပ် ၅၀၀၀၀၊ ပဲတောင့်ခူးခ ငွေကျပ် ၂၀၀၀၀ ၊ ပဲတောင့်ခြွေခ ငွေကျပ် ၂၀၀၀ စုစုပေါင်း ငွေကျပ် ၁၅၂၀၀၀ ကုန်ကျကြောင်း သိရှိရသည်။ ၎င်းတို့၏လယ်မှ ပျမ်းမျှတစ်ဧကရှစ်တင်းမှ ၁၀ တင်းနှုန်းအထိ ထွက်မည်ဟု ခန့်မှန်းထားကြောင်း၊ ယခုပေါက်ဈေးနှင့် တစ်ဧက ၁၀ တင်းနှုန်းထွက်လျှင် ငွေကျပ် ၂၅၀၀၀၀ ရသဖြင့် တစ်သိန်းနီးပါး အမြတ်ကျန်ကြောင်း သိရှိရသည်။ ပဲအထွက်များ၍ ဈေးနှုန်းပိုပါက တောင်သူများပို၍ တွက်ခြေကိုက်ကြောင်း သိရှိရသည်။ တစ်နေရာနှင့် တစ်နေရာ အထွက်နှုန်းကွာခြားမှုရှိနိုင်ပြီး လယ်ယာမြေအမျိုးအစား၊ ရာသီဥတုအခြေအနေ၊ ပြုစုပျိုးထောင်ပုံ နည်းစနစ်ကောင်းမွန်ပါက တစ်ဧက ၁၅ တင်းမှတင်း ၂၀ အထိ ထွက်နိုင်ကြောင်း သိရှိရသည်။

ကိုကျော်(သုံးခွ)

နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးရေး အိန္ဒိယအဖွဲ့နှင့် ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ နို့စားနွားနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးသည် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အိန္ဒိယနိုင်ငံ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန တွဲဖက်အတွင်းဝန် Ms. RAJNI SEKHRI SIBAL I.A.S ဦးစီးသည့်အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍နို့စားနွားမွေးမြူမှုနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် အိန္ဒိယနိုင်ငံအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ ကူညီထောက်ပံ့မည့် အမေရိကန်ဒေါ်လာ နှစ်သန်းနှင့်ပတ်သက်၍ နို့စားနွားနှင့် နို့စားကျွဲမျိုးမြှင့်တင်ရေး၊ မေထုန်မဲ့သားစပ်စခန်းများ ထူထောင်ရေး၊ မျိုးရည်ထုတ်စခန်းများ ထူထောင်ရေး၊ နိုက်ထရိုဂျင်အရည် ထုတ်လုပ်စက်ထူထောင်ရေး၊ နို့ထွက်ပစ္စည်းစက်ရုံများ တည်ဆောက်ရေး၊ နို့ကောက်စခန်း သမဝါယမအသင်းများ ထူထောင်ရေးနှင့် မွေးမြူရေးသမားများနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ သင်တန်းဖွင့် လေ့ကျင့်ပြုစုပျိုးထောင်ရေးဆိုင်ရာကိစ္စရပ်များ ပါဝင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တောင်ငူတွင် ပြောင်းကို အဓိကထားစိုက်ပျိုးလာ

တောင်ငူ ဖေဖော်ဝါရီ ၂၁

တောင်ငူခရိုင်တွင် ယမန်နှစ် မိုးစပါးစိုက်ရာသီတွင် စစ်တောင်းမြစ်ရေကြီးရေလျှံမှုကြောင့် စပါးကို နှစ်ကြိမ်ထက်မနည်း ပြန်လည်စိုက်ပျိုးခဲ့ရပြီး ထွက်ရှိချိန်တွင် စပါးဈေးကျဆင်းခဲ့မှုကြောင့် ပြောင်းကို အဓိကထားစိုက်ပျိုးလာကြသည်။

တောင်ငူခရိုင်အတွင်းရှိ ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်မြို့နယ်များတွင် စပါးစိုက်တောင်သူများသည် ဈေးကွက်ဝင်ပြောင်း (စားပြောင်း)ကို ပိုမိုစိုက်ပျိုးလာကြပြီး စစ်တောင်းမြစ်ကမ်းပါးကိုင်းမြေများနှင့် လယ်မြေများတွင် ယခုနှစ်ပိုင်းမှစတင်ကာ စပါးအစား ပြောင်းကို အဓိကစိုက်ပျိုးလာကြသည်။ တစ်ဧကလျှင် အပင်ရေသောင်းချီစိုက်ပျိုးနိုင်၍ တစ်ပင်လျှင် ခေါင်ဖူးတစ်ဖူးထားပြီး ကျန်အဖူးများကိုနွားစာကျွေးနိုင်ခြင်းကြောင့် ကျွဲနွားတိရစ္ဆာန်အစာဖြစ်ပါ အသုံးဝင်ကြောင်း သိရသည်။

"မိုးစပါးနှင့် နွေစပါးအရှုံးကို ပြောင်းကဖာမိတယ်။ တစ်ဧက အဖူး ၁၅၀၀၀ တင်ရင် တစ်ဖူးကို ငွေကျပ် ၈၀၊ ၉၀ ရတော့ အနိမ့်ဆုံးအသားတင် ရှစ်သိန်းလောက်ကျန်တယ်"ဟု အုတ်တွင်းမြို့နယ် ဇီးဖြူသောင်ကျေးရွာ အုပ်စုရှိ ပြောင်းစိုက်တောင်သူတစ်ဦးက ပြောကြားသည်။

(၁၂၃)

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း (TTC - ၁၉၉၀) အာစရိယပူဇော်ပွဲ

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းတွင် ၁၉၇၈ခုနှစ် သူငယ်တန်းမှ ၁၉၉၀ခုနှစ် ဒသမတန်းအထိ တက်ရောက်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို ၂၀၁၃ခုနှစ် ဩဂုတ်လအတွင်းတွင်ကျင်းပရန် စီစဉ်နေပါသဖြင့် အောက်ပါ ကျောင်းသား ကျောင်းသူဟောင်းများထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် သိလိုသည့်အချက်အလက်များကို စုံစမ်းမေးမြန်းနိုင်ပါသည်။

အောင်မြတ်မောင် ဖုန်း-၀၉-၅၁၁၀၁၁၈
ခင်မြတ်ချို ဖုန်း-၀၉-၇၃၃၃၃၈၇၈၊ ၀၉-၄၃၃၃၃၈၇၈
မြမျက်ချယ် ဖုန်း-၀၉-၅၄၁၁၉၆၂
သန့်စင်ထွန်း ဖုန်း-၀၉-၄၂၁၁၄၇၉၈၀
မေမီဦး ဖုန်း-၀၉-၅၀၂၀၂၈၃
ခင်နီလာထွန်း ဖုန်း-၀၉-၅၀၁၂၄၈၀

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း(TTC ၁၉၉၀) အာစရိယပူဇော်ပွဲနှင့် ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲဖြစ်မြောက်ရေးကော်မတီ

အထူးကျေးဇူးတင်ရှိခြင်း

၂၀-၂-၂၀၁၃ရက်တွင် ကျရောက်သော (၆၅)နှစ်မြောက် ချင်းအမျိုးသားနေ့ပွဲကို Myanmar International Convention Center (MICC) နေပြည်တော်တွင် ကျင်းပခဲ့ရာ တက်ရောက်ချီးမြှင့်ကြပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အနယ်နယ်အရပ်ရပ်မှ ကြွရောက်ကြသော ဧည့်သည်တော်များ၊ ချင်းရိုးရာအကများဖြင့် ကူညီပါဝင်ဧည့်ခံပေးကြသော ချင်းတိုင်းရင်းသူ၊ တိုင်းရင်းသားများအားလည်းကောင်း၊ ချင်းရိုးရာတေးသီချင်းများကို မေတ္တာဖြင့် ကူညီသီဆိုဖျော်ဖြေကြသော တေးသံရှင် ဗန်သောဒ်ကျင်းနှင့်အဖွဲ့အားလည်းကောင်း၊ အခမ်းအနားတွင် ပါဝင်ကူညီပေးသော ဒေါ်လိန်းမောင်းပန်နှင့် မြန်မာ့အသံရုပ်မြင်သံကြားအဖွဲ့အားလည်းကောင်း၊ မေတ္တာဖြင့် ပါဝင်ကူညီပေးသော Straight Line တေးဂီတကိုလည်းကောင်း၊ MICC (Naypyitaw) မှ တာဝန်ရှိ ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းအသီးသီးအားလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် မူလကျင်းပရန်စီစဉ်ထားသော အမျိုးသားအထိမ်းအမှတ်ဥယျာဉ်မှ MICC(Naypyitaw) သို့ ပြောင်းရွှေ့ကျင်းပပြုလုပ်ခဲ့ရခြင်းအတွက် အချိန်မီ အကြောင်းကြားနိုင်ခြင်းမရှိ၍ တက်ရောက်ခြင်းမရှိနိုင်သော မိတ်ဆွေများအားလည်း အနူးအညွတ် တောင်းပန်အပ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

ချင်းအမျိုးသားနေ့ကျင်းပရေးကော်မတီ
နေပြည်တော်

အမည်ပြောင်း

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၊ စတုတ္ထတန်း၊ Grade-5(C) တွင် ပညာသင်ကြားနေသော ဦးနိုင်ကိုကို၏သား မောင်ညဏ်လင်းဦးအား မောင်ဘုန်းမြတ်မင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုန်းမြတ်မင်း**

ပျောက်ဆုံးခြင်း

ကျွန်တော် စောခိုထွေး ၁၂/ကမတ(နိုင်)၀၄၂၆၁၇ကိုင်ဆောင်သော သင်္ဘောသားအရာရှိလက်မှတ် COC - ၇၀၀၅၁၂ D ၃၃၂၁၆၀၅ လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၂၀၀၈၄၂**



အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းရူပါ ၁၃/တကန(နိုင်)၂၅၂၉၈၂ တိုက်(၂၄)၊ အခန်း (၃၀၁)၊ (၁၀)လမ်း၊ B ဘလောက်၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ မိဘများဖြစ်သော ဦးလှဝင်း(ကွယ်လွန်)နှင့် ဒေါ်ပွင့်ဥမ္မာခိုင်တို့မှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းရူပါ အပါအဝင် မောင်စွမ်းပြည့်ဝင်း၊ မသိမ့်နန္ဒာတို့ကို မွေးဖွားခဲ့ပါသည်။

ဖခင်ကွယ်လွန်ပြီးနောက် (၁)တောင်ကြီးမြို့၊ ပါးမိုးနဲရပ်ကွက်၊ ဂလိုဏ်ရွေးရှိ ဒေါ်ပွင့်ဥမ္မာခိုင်ဝယ်ယူထားသော မြေကွက်၊ (၂) အကွက်-၃၄၊ မြေကွက်အမှတ် (၁၀၀)၊ (၅)ရပ်ကွက်၊ အေးသာယာမြို့သစ်၊ တောင်ကြီးမြို့ဟုခေါ်တွင်သည့် မြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (၃) တိုက် (၂၄)၊ အခန်း(၃၀၁)၊ (၁၀) လမ်း-B၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော တိုက်ခန်းတို့ ကျန်ရစ်ခဲ့ပါသည်။

သို့ဖြစ်ပါသောကြောင့် အထက်ဖော်ပြပါပစ္စည်းများအား အမွေဆက်ခံခွင့်ရှိသည့် ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချခြင်းမပြုရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဌေး(တရားလွှတ်တော်ရှေ့နေ)
တိုက်-၉/၁၁၊ အခန်း(၂၀၄-ဒီ)၊ ၃၆လမ်း(လမ်းတို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်မ ဒေါ်ခင်နန်းဝေ ၁၄/မအပ(နိုင်)၂၀၃၀၇၁က ဦးဝင်းသန်းဦး ၉/မနမ(နိုင်)၀၄၅၈၈၂သို့ လွှဲအပ်ပေးထားသော ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၄-၃-၂၀၀၉ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၁၀/၂၀၀၉နှင့် ၄-၃-၂၀၁၀ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၆၂/၂၀၁၀တို့ကို ၂၀-၂-၂၀၁၃ရက်မှစတင်ပြီး ရုပ်သိမ်းပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်နန်းဝေ ၁၄/မအပ(နိုင်)၂၀၃၀၇၁

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အိမ်အမှတ်(၃၉၇)နေ ကျွန်မ၏သား မောင်အောင်စိုးနိုင် ၁၀/မလမ(နိုင်)၁၉၉၁၅၂သည် မိဘများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် မိသားစုခွင့်မလွှတ်နိုင်သည့် ကိစ္စမျိုးပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါ သဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းကိစ္စနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာလိုက်ပါသည်။

မိခင်-ဒေါ်ရင်သိန်း ၁၀/သဖရ(နိုင်)၀၁၂၀၈၅

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြန်မာအမျိုးသမီးငယ်များ၏ဝတ်စားဆင်ယင်မှု

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ယနေ့ခေတ် လူငယ်လေးများ၏ ဝတ်စားဆင်ယင်မှုကြည့်ရင် အမြင်မတော် ကိုးရိုးကားရား အတိုအရှည်၊ အကွဲမျိုးစုံဝတ်ဆင်လို့ ရန်ကုန်မြို့ကြီးရဲ့နေရာအနှံ့မှာ တွေ့မြင်နေရပါတယ်။

ဒါကြောင့် မြန်မာ့အလင်းသတင်းအဖွဲ့အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင် ဒေါ်အေးမာဦးနှင့် အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မြန်မာစာဌာန လက်ထောက်ကထိက ဒေါက်တာသွယ်သွယ်နွဲ့တို့နှင့် တွေ့ဆုံ ဆွေးနွေးဖြစ်ခဲ့ပါတယ်။

မြန်မာ့အလင်း။ မြန်မာ အမျိုးသမီးတစ်ဦးရဲ့ ဘဝမှာ အရေးကြီးဆုံးက ဘာပါလဲခင်ဗျာ။

ဒေါ်အေးမာဦး။ မြန်မာ အမျိုးသမီးတစ်ဦး အနေနဲ့ "ဟီရိဩတ္တပ္ပတရား နှစ်ပါးက အရေးကြီးဆုံးပါပဲ။ ဘဝရဲ့ အဆီးအတား၊ အကာအရံဖြစ်သလို၊ ဘဝရဲ့လုံခြုံမှု တံတိုင်းကြီးပါပဲ။ ဒါ့ကြောင့် မြန်မာ့ယဉ်ကျေးမှုတန်ဖိုးထားမှုစံဖြစ်တဲ့ ဟီရိဩတ္တပ္ပတရားကို မြန်မာအမျိုးသမီးတို့ရဲ့ ယဉ်ကျေးမှုတန်ဖိုးထားအမြင့်ဆုံး စံနှုန်းအဖြစ် သတ်မှတ်ရပါတယ်. . .။

မြန်မာ့အလင်း။ ယနေ့ခေတ် မြန်မာ အမျိုးသမီးငယ်လေးများရဲ့ ဝတ်စားဆင်ယင်မှုအပေါ် ဆွေးနွေးမှု ပြုပေးစေချင်ပါတယ်။

ဒေါက်တာသွယ်သွယ်နွဲ့။ ယနေ့ အမျိုးသမီးငယ်များက အခုဆို ထဘီနေရာမှာ စကပ်၊ ဘောင်းဘီ၊ ဂါဝန်တွေ အစားထိုးဝတ်လာကြပါတယ်။ ဝတ်တဲ့နေရာမှာ ရှည်ရာကတိုလာကြတယ်။ ပိုပြီး အကွဲတွေဝတ်လာကြတယ်။ ပထမ ဒူးအောက်ကနေ ဒူးအထက်၊ ဒူးအထက်ကနေ ပေါင်အလယ်၊ ပေါင်အလယ်ကနေ ပေါင်ရင်းအထိ ရောက်လာကြပါပြီ။ အင်္ကျီဆိုလည်း အင်္ကျီလည်ပင်းကို ပိုဟိုက်လာတယ်။ ပိုပြီး ဘေးကိုချဲ့လာကြတယ်။ နောက်ဆုံး ပခုံးပေါ်မှာ ကြိုးသာသာလေး တစ်ချောင်းစီသာ ကျန်ပါတော့တယ်။ နောက် အဲဒီကြိုးက ဝတ်ရတာရှုပ်တယ်ဆိုပြီး ရင်ညွန့်အထက် ဗလာဖြစ်လာကြတယ်။

မြန်မာ့အလင်း။ အဲဒီလို ဘာကြောင့်ဖြစ် လာ ရ တာ ပါလဲ. . .။

ဒေါ်အေးမာဦး။ အခုခေတ်က နည်းပညာတွေ တိုးတက်လာတဲ့ IT ခေတ်လို့တောင် ပြောလို့ရနေတော့ အခြားတိုင်းတစ်ပါးရဲ့ ယဉ်ကျေးမှုတွေကလည်း လျင်မြန်စွာကူးစက်လာပါတယ်။ လက်နက်ကိုင်နယ်ချဲ့လာတာက ထင်သာမြင်သာရှိလို့ တားဆီးနိုင်ပေမယ့် ယဉ်ကျေးမှုနယ်ချဲ့လာတာက ထင်သာမြင်သာ မရှိနိုင်လို့ ကာကွယ်တားဆီးဖို့ခက်ပါတယ်၊ ယဉ်ကျေးမှုပျက်ရင် လူမျိုးပျက်တယ်၊ လူမျိုးပျက်ရင် နိုင်ငံပါ ပျက်နိုင်တာမို့ ယဉ်ကျေးမှုကို ထိန်းသိမ်းဖို့ နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။

"မြန်မာအမျိုးသမီးတစ်ဦး အနေနဲ့ "ဟီရိဩတ္တပ္ပတရား နှစ်ပါး"က အရေးကြီးဆုံးပါပဲ"

ဒေါ်အေးမာဦး
လူမှု/ယဉ်ကျေးမှုအဖွဲ့
ခေါင်းဆောင်

မြန်မာ့အလင်း။ ယနေ့ လူငယ်အကြားမှာ ခေတ်စားလာတဲ့ "Valentine's Day"နဲ့ ပတ်သက်ပြီး ဆရာမတို့ အမြင်ကို ပြောပြပေးပါဦး။

ဒေါက်တာသွယ်သွယ်နွဲ့။ "Valentine's Day" ကျင်းပတယ် ဆိုတဲ့ ယဉ်ကျေးမှုက မြန်မာတို့ရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့မဟုတ်ပါဘူး၊ ဒါပေမယ့် မြန်မာလူငယ်များအကြားမှာ လွှမ်းမိုးလာတဲ့ ချစ်သူများနေ့မှာ မိမိချစ်ရတဲ့ မိဘဆွေမျိုး မိတ်ဆွေမောင်နှမ သူငယ်ချင်း၊ ချစ်သူချင်း အမှတ်တရအဖြစ် ပန်း၊ ချောကလက်စတဲ့ လက်ဆောင်တွေ ပေးတာမျိုးကြတော့ လက်ခံလို့ရပါတယ်. . . .။

တွေ့ဆုံမေးမြန်းသူ-
တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ဘော်ဂါသွေး

တင်ဝင်းလေး

ဒေါ်အေးမာဦး။ အချို့ မိန်းကလေးငယ်တွေက မိမိရဲ့ အပျိုစင်ဘဝကို အလေးမထားဘဲ ပေါ့ဆစွာ ရေစုန်မျောနေကြတယ်လို့ သိရပါတယ်၊ အခုခေတ် ဆေးဝါးတွေကလည်း လမ်းဘေးဆိုင်တွေမှာ အလွယ်တကူ ဝယ်ယူလို့ ရနေပါတယ်. . .။ ဒါကြောင့် တစ်ဦးချင်း တစ်ယောက်ချင်းရဲ့ ချစ်မှုရေးရာကိစ္စဆိုပြီး လျစ်လျူရှုလို့ မရတော့ပါဘူး. . .။ မိမိရဲ့အပျိုစင်ဘဝကို စောင့်ရှောက်လေ့ရှိတဲ့ မြန်မာအမျိုးသမီးတွေရဲ့ ဂုဏ်ရည်ကိုပါထိပါးလာတယ်လို့ မြင်ပါတယ်။

မြန်မာ့အလင်း။ ဟုတ်ကဲ့. . .။ အခုလို ပျက်ပြားလာတဲ့ ယဉ်ကျေးမှုကို ဘယ်လိုများ ထိန်းသင့်ပါသလဲ. . . .။

ဒေါက်တာသွယ်သွယ်နွဲ့။ အဓိက ကတော့ မိဘပါပဲ. . .၊ မိန်းကလေး ငယ် များ အတွက် မိခင်က ပိုပြီး နီးစပ်ပါတယ်. . .။ မိခင်ကိုယ်တိုင်ကလည်း ကလေးရဲ့ စံပြဖြစ်ဖို့လိုပါတယ်။ မိခင်က ယဉ်ကျေးမှုနဲ့မညီတဲ့ ဝတ်စားဆင်ယင်မှုတွေကို ရှေ့ကဝတ်ပြနေမယ်ဆိုကိုယ့်သားသမီးကို ဆုံးမဖို့ ခက်ပါတယ်။ ဖခင်ဖြစ်တဲ့ အိမ်ထောင်ရှင် အမျိုးသားများကလည်း မိမိတို့ရဲ့ဇနီးမယားနဲ့ သားသမီးများကို မြန်မာ့ယဉ်ကျေးမှုနဲ့မကိုက်ညီတဲ့ ဝတ်စားဆင်ယင်မှုမျိုးနဲ့ အခြားအမျိုးသားတွေရှေ့မှာ အမြင်မတင့်တယ်တဲ့ အသွင်အပြင်မဖြစ်စေဖို့ ထိန်းသိမ်းရမှာ ဖြစ်တယ်။

နောက် မိခင်တစ်ယောက်အနေနဲ့ ကိုယ့်သားသမီးကို ငယ်ငယ်ကတည်းက အိပ်ရာဝင် ပုံပြင်တွေနဲ့ နုငယ်တဲ့ စိတ်သဏ္ဌာန်မှာ ကောင်းတဲ့ အသိတွေ၊ အတုယူ အားကျသင့်တာတွေကို အချိန်ပေးပြောနေဖို့ လိုသလို၊ မိန်းကလေးတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ ကိုယ်ကျင့်တရား၊ ထိန်းသိမ်းသင့်တဲ့ ယဉ်ကျေးမှုနီတိတွေကို နှလုံးသားမှာ စိမ့်ဝင်နေအောင် အစဉ်ပြောပေးနေဖို့ လိုအပ်ပါတယ်။

နောက်. . . ဆရာ ဆရာမများရဲ့ ကဏ္ဍပါ။ ကျောင်းနေအရွယ်ကလေးတစ်ယောက်က မိဘစကားထက် ဆရာ့စကားကို ပိုအလေးထားလေ့ရှိပါတယ်။ ဒါ့ကြောင့် အိမ်မှာမိဘ၊ ကျောင်းမှာ ဆရာ ဆရာမတွေ ဖြစ်တာကြောင့် ယဉ်ကျေးမှုနီတိများနဲ့ ထိန်းကျောင်းပေးဖို့ လိုပါတယ်။

မြန်မာ့အလင်း။ မြန်မာ အမျိုးသမီးငယ် လေး များ အတွက် နောက်ဆုံးအနေနဲ့ ဘာများပြောချင်ပါသေးလဲခင်ဗျာ။

ဒေါ်အေးမာဦး။ ဘိုးဘေး စဉ်ဆက် ထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြတဲ့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကို မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ ဒါကြောင့် ပြည်ပနိုင်ငံများရဲ့ ယဉ်ကျေးမှုကို ပုံတူမကူးချဘဲ ဟီရိဩတ္တပ္ပတရားနဲ့အညီ ဝတ်စားဆင်ယင်ခြင်းနဲ့ မိမိတို့ရဲ့ တန်ဖိုးထားမှုစံနှုန်းကို မြှင့်တင်ပေးဖို့၊ မိမိတို့ရဲ့ မြန်မာအမျိုးသမီးယဉ်ကျေးမှု အသွင်အပြင်ကို ထိန်းသိမ်းကြဖို့၊ ယနေ့ မြန်မာက အမျိုးသမီးများနဲ့ မျိုးဆက်သစ် သမီးငယ်လေးများကို တိုက်တွန်း မှာကြားချင်ပါတယ်။

မြန်မာ့အလင်း။ ဟုတ်ကဲ့. . .။ ယခုလို ပြောကြား ဆွေးနွေးပေးတဲ့အတွက် မြန်မာ့အလင်း သတင်းအဖွဲ့က ကျေးဇူးတင်ပါတယ်. . .။ ။

"ချစ်သူများနေ့ ယဉ်ကျေးမှုက မြန်မာတို့ရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ မဟုတ်ပါဘူး"

ဒေါက်တာသွယ်သွယ်နွဲ့
လ/ထ ကထိက

သုံးခွမြို့၌ E-Pension ကတ်ဖြင့် လစာထုတ်ပေးမည်

သုံးခွ ဖေဖော်ဝါရီ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစား ပင်စင်ဝန်ထမ်းများကို E-Pension ကတ်စနစ်ဖြင့် ဖေဖော်ဝါရီ ၂၁ ရက်မှစ၍ ထုတ်ပေးမည်ဟု သိရှိရသည်။ E-Pension ကတ်စနစ်သည် ယခင်ကထက် အချိန်ကုန်သက်သာ၍ ပိုပြီးလွယ်ကူသောစနစ်ဖြစ်ကြောင်း သိရှိရသည်။ ကတ်ရရှိပြီးသူများ လစဉ် ၂၁ ရက်မှစ၍ ဘဏ်ဖွင့်ချိန်အတွင်း ထုတ်ယူနိုင်ကြောင်း သိရသည်။ လူကိုယ်တိုင် မလာရောက်နိုင်ပါက ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူနိုင်သည်။ E-Pension ကတ်တန်ဖိုးငွေကျပ် ၃၅၀၀ ပေးသွင်းရကြောင်း သိရသည်။ ပင်စင်မထုတ်ဖြစ်ခဲ့သည့်လများအတွက် နောက်လ ၁ ရက်မှ ၂၀ ရက်အတွင်း ဘဏ်ရုံးချိန်အတွင်းထုတ်ယူနိုင်ကြောင်း သိရှိရသည်။ ပင်စင်ပုံစံ တင်စရာမလိုကြောင်းနှင့် ရပ်ဝေးမှလာရောက်ထုတ်ယူသော အငြိမ်းစား ပင်စင်ဝန်ထမ်းများ အချိန်ကုန်သက်သာ လွယ်ကူသဖြင့် ကျေနပ်ဝမ်းသာကြမည် ဖြစ်ကြောင်း သိရှိရသည်။

ကိုကျော်(သုံးခွ)

ဖေဖော်ဝါရီလ တတိယ ၁၀ ရက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း (၁) ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် ၂ ရက်မှ ၃ ရက်ခန့် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

ညအပူချိန်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် အနည်းငယ်ပိုကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိမည်။

မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ၂ ရက်မှ ၄ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်) လက်ရှိ ရေမှတ်များ၏အထက်မြင့်တက်လာနိုင်ပြီးမန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်)လက်ရှိ ရေမှတ်များ၏အောက်ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့်မုံရွာမြို့တို့တွင် ၁၅ စင်တီမီတာ (ပေဝက်ခန့်) လက်ရှိ ရေမှတ်များ၏ အောက်ကျဆင်းနိုင်သည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်အရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Ø 12 mm, L-12m, G-40 Deformed Bar	324 Tons
2.	Ø 20 mm, L-12 m, G-40 Deformed Bar	760 Tons
	Total	1084 Tons

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် မွန်းတည့် ၁၂ နာရီဖြစ်ပြီး ၁၃း၀၀ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၂၃၁၊ ဖက်စ်-၄၁၁၀၈၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်း ဆောင်ရွက်မည့် ခုတင် (၁၀၀)ဆံ့ဆေးရုံ (၂)ရုံ၊ ခုတင် (၅၀)ဆံ့ဆေးရုံ(၂)ရုံ၊ (၂၅)ခုတင်ဆံ့ဆေးရုံ (၂၁)ရုံနှင့် (၁၆)ခုတင်ဆံ့ဆေးရုံ (၁)ရုံအတွက် စိတ်ဝင်စားသော ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်သွင်းရမည့်ဆေးဝါးများ အသေးစိတ်စာရင်းကို ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၁-၂၁၂၁၀၆၀သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါပိတ်ရက်** ၈-၃-၂၀၁၃ရက် (သောကြာနေ့)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ တောင်ကြီးမြို့

ကျန်းမာရေးဦးစီးဌာန
တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ လားရှိုးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လားရှိုးမြို့၊ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနအောက်ရှိ ခရိုင်နှင့် မြို့နယ်ဆေးရုံများတွင် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** -၂၂-၂-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၃-၂၀၁၃ရက်၊ညနေ(၄)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင်လာရောက်စုံစမ်းနိုင်ပါသည်။

တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး
လားရှိုးမြို့
ဖုန်း-၀၈၂-၂၃၀၁၃၊ ၀၈၂-၃၀၃၈၇

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၉၈၃၇၅ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဖေ ၈/နမန(နိုင်)၀၀၂၃၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၁၆၇၀၂ Honda Dream C 100 ယာဉ်လက်ဝယ်ရှိသူ ဦးမိုးသိန်းခိုင်၉/တကန(နိုင်)၀၀၄၃၈၂က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၅ယ/၉၇၄၄၉ Honda Dream C 100P ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်း ၉/မလန(နိုင်)၀၅၉၅၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ရွှေတောင်ရပ်၊ နယ်မြေ(၁)၊ ကျောက်ရေအိုးလမ်း၊ အမှတ်(ရ/၇၂၂)နေ ဦးတောက်ထိန်-ဒေါ်လှမြင့်တို့၏သား မောင်ထွန်းမြင့်အောင် ၁၃/တကန(နိုင်)၁၉၀၇၄၇သည် မိဘတို့၏ဆိုဆုံးမစကားကို မနာခံသဖြင့် သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။

ဦးတောက်ထိန်-ဒေါ်လှမြင့်

ကြော်ငြာ

သကြင်္န် မှာ ပျော်ပျော်ပါးပါး... တို့ ဒီ နဲ့ GO ပြီ!

- ဗုဒ္ဓဂယာ(ဂုဏ်အိပ်၊ ၈ရက်) 25-March
- မန္တလေး~ဗန်ကောက်~မန္တလေး(၅ညအိပ်၊ ၆ရက်) 12-April
- ဗန်ကောက်~အယုဒ္ဓယ~ပတ္တရား(၅ညအိပ်၊ ၆ရက်)23-Mar,12/13-April
- ဖူးခက်~ဖီဖီကျွန်း~ဂျိမ်း(စ်)ဘွန်းကျွန်း(၄ညအိပ်၊ ၅ရက်)23-Mar,12-April
- ဘာလီ(အင်ဒိုနီးရှား)(၄ညအိပ်၊ ၅ရက်) 12-April
- ဗန်ကောက်~စင်ကာပူ~မလေးရှား(၉ညအိပ်၊ ၁၀ရက်) 23-Mar,12-April
- ဂျပန်(၈ညအိပ်၊ ၉ရက်) 12-April
- ဒူဘိုင်း(၅ညအိပ်၊ ၆ရက်) 12-April
- ဩစတေးလျ(၉ညအိပ်၊ ၁၀ရက်) 12-April
- ကိုရီးယား(၈ညအိပ်၊ ၉ရက်) 12-April
- ပေကျင်း~ရှန်ဟိုင်း~ကူမင်း(ဂုဏ်အိပ်၊ ၈ရက်) 24-Mar, 12-April
- ဟောင်ကောင်~မကာအို~စန်းကျန်(ဂုဏ်အိပ်၊ ၈ရက်)23Mar,12Apr

ဖေဖော်ဝါရီလ အတွင်း ကြိုတင်စာရင်း ပေးသွင်းသူများအတွက် အထူး Discount!

အမှတ်(၁၀၉)၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၀ ၅၁၄၀၆၊ ၀၉-၇၃၀ ၅၁၄၀၇၊ ၀၉-၅၁၅ ၀၁၉၅၊ ၀၁-၃၇၈ ၅၀၃ မန္တလေးမြို့- ၀၂-၃၁၁၃၇

အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
အင်္ဂလိပ်ဘာသာစကားအမျိုးသားဗဟိုဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့၊ ပြည်လမ်းရှိ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန (ယခင်မာလာဆောင်) ဝင်းအတွင်းရှိ စားသောက်ဆိုင်ခန်းအား ငှားရမ်းရောင်းချခွင့် အိတ်ဖွင့်တင်ဒါခေါ်ယူရန်ရှိပါသည်။ အသေးစိတ်အချက်အလက်များကို သိလိုပါက အတွင်းရေးမှူး၊ ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ ထံတွင် စုံစမ်းနိုင်ပါသည်။တင်ဒါလျှောက်လွှာကို ၂၇-၂-၂၀၁၃ ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း အင်္ဂလိပ်ဘာသာစကားအမျိုးသားဗဟိုဌာနတွင် တင်သွင်းရပါမည်။ ဖုန်း-၅၀၁၅၄၇

အတွင်းရေးမှူး
ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ

ဖြောင့်စင်းလှပစိတ်တိုင်းကျရမည်...

ဒဏ္ဍာရီ
အထူးဆံပင်ဖြောင့်ဆိုင်
ဆံပင်လုံးဝမကျွတ်စေရ
Ph: 09-73048685

- ဆံပင်ဖြောင့် (30000/-Ks) တန် Discount(15000/-Ks)
- ဖယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂-နှစ်အာမခံ

ကာလာ၊ ပေါင်း၊ ပုလဲ၊ ညှပ်၊ မေတ္တာလက်ဆောင်

ရွှေတိဂုံဘုရားလမ်း(ဆောက်လုပ်ရေးမှတ်တိုင်အနီး)ဒဂုံပန်းခြံအတွင်း၊ဒဂုံမြို့နယ်၊ရန်ကုန်မြို့။

ESTATE MYANMAR CO.,LTD.မှ ရောင်းရန်/ငှားရန်

1.	(၇)မိုင်၊ကုန်းမြင့်ရိပ်သာအနီး(15000sqft)1RC,Hall [ဘိုးဘွားပိုင်]	20000L
2.	(၉)မိုင်၊A1လမ်း(4600sqft)2RC,4MBR,BR [ဘိုးဘွားပိုင်]	9000L
3.	မရမ်းကုန်း၊ပါရမီလမ်းမ (3000sqft) မြေ(ရေမီးစုံ)[ဂရံ၆၀]	4500L
4.	ကန်ပတ်လမ်း၊ShineCondo(2200sqft) Lift,1MBR,2BR	3800L
5.	ကမာရွတ်၊HighwayComplex(12½'x50')GF+ထပ်ခိုး	1400L
6.	(၆)မိုင်ခွဲ၊ပြည်လမ်းမဂုတ်ခြံ (7000sqft)1RC,1MBR(RCခန်း)	50L
7.	(၇)မိုင်၊ကုန်းမြင့်ရိပ်သာလမ်း(18000sqft)1RC,3MBR(လုပ်ငန်းကောင်း)	50L
8.	(၇)မိုင်ခွဲ၊အင်းလေးရိပ်သာလမ်း၊(8000sqft)2RC,4MBR(အသင့်နေ)	45L
9.	လှိုင်၊အေးရိပ်မွန်အိမ်ရာ (90'x100') 2RC,4MBR,2BR,Ph	13L

မြို့နယ်စုံရှိ လုံးချင်း၊ မြေကွက်၊ တိုက်ခန်း၊ Condo၊ စက်မှုဇုန်၊ သန်လျင်၊ မင်္ဂလာဒုံ၊ ထောက်ကြံ့၊ မှော်ဘီ၊ ပဲခူးရှိ မြေကွက်များ ရောင်းဝယ်ငှားရမ်းရန်ရှိပါသည်။

Ph > 01-512029, 01-701062, 01-704942, 01-704661

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာ ခန့်ထားရန်)

Diesel King Co.,Ltdတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသောဝန်ထမ်း အလိုရှိသည်။

၁။ **Driver**(အမြန်) (၂၀)ဦး ကျား

ယာဉ်မောင်းလိုင်စင်သက်တမ်းအနည်းဆုံး(၁)နှစ် ရှိရမည်။ အော်တိုဂီယာနှင့် Manual ဂီယာ နှစ်မျိုးလုံးကျွမ်းကျင်စွာ မောင်းနှင်နိုင်သူ ဦးစားပေးမည်။ Canter/Dyna/Town Ace ယာဉ်များကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။ တစ်လဝင်ငွေ (၁၃၀,၀၀၀)မှ (၁၈၀,၀၀၀) ကျပ်အထိ လုပ်ငန်းအခြေအနေပေါ်မူတည်ပြီး ရရှိပါမည်။ကျန်းမာရေးကောင်းမွန်ရမည်။

(စိတ်ပါဝင်စားသူများ အလုပ်လျှောက်လွှာနှင့်အတူ သုံးလအတွင်းရိုက်ထားသော ဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်နှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူ ပူးတွဲ၍ ၀၂.၀၃.၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး အမှတ်(၅၇၆/၆၁၂) အထက်ပုဇွန်တောင်လမ်း၊(ရုံးလေးမှတ်တိုင်)ကတိုးဆိပ်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် သို့ပေးပို့ လျှောက်ထားနိုင်ပါသည်။)

တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်တက္ကသိုလ် နောက်ဆုံးနှစ်၊ ခုံအမှတ် ၃ရပ-၉၄ ရူပဗေဒအဓိကဖြင့် အောင်မြင်ခဲ့သော မသီသီဝင်း၏ဖခင်မှာ အိမ်ထောင်စုစာရင်းအရ စောရှီမို(ခ)ဦးကြည်ဝင်း ဖြစ်ပါကြောင်း။

စောရှီမို(ခ)ဦးကြည်ဝင်း
၆/မအရ(နိုင်)၀၄၀၈၅၇

Asian Diary Travels & Tours

- မကွေး၊ မန်းရွှေစက်တော်၊ 45000 , Mar 1/22/25
- မကွေး၊ မန်းရွှေစက်တော်၊ပုဂံ၊ပုပ္ပား 125000, Mar 23

Ph : 0973069568 , 095120546, 092201196, 01-394711

ဂျပန်နိုင်ငံတွင် ပညာသင်ပြီးအလုပ်ရရှိရေးအတွက် ဆောင်ရွက်ပေးမည့်အထူးအစီအစဉ်

- ဘွဲ့တစ်ခုခုရပြီးသူဖြစ်ရမည်၊
- NAT N2, N1 သို့မဟုတ် JLPT N2, N1 အောင်မြင်ပြီးသူဖြစ်ရမည်၊
- ဂျပန်နိုင်ငံတွင်(၁)နှစ်ပညာသင်ပြီးဆုံးပါက ဂျပန်နိုင်ငံရှိကျောင်းက အလုပ်ရရန် ရာနှုန်းပြည့်အာမခံဆောင်ရွက်ကူညီပေးပါမည်၊
- လူဦးရေကန့်သတ်ထားပါသဖြင့်အမြန်စာရင်းပေးသွင်းသူအားဦးစားပေးပါမည်၊

(အသေးစိတ်စုံစမ်းရန်လိပ်စာ) AUNG JAPANESE ACADEMY
No. A 66-68, 4 D, Insein Road, Sanyeiknyein, Kamayut Township
Ph: 095183872, 095363192, 0973060391

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်
(ကျောက်မျက်ပညာသင်တန်း/ဓာတ်ခွဲခန်းကော်မတီ)
အခြေခံကျောက်မျက်ပညာသင်တန်း(အပတ်စဉ်-၁၅)
အဆင့်မြင့်ကျောက်မျက်ပညာသင်တန်း(အပတ်စဉ်-၅)

- * စိန်၊ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ ပုလဲနှင့် အခြားကျောက်မျက်များ
- * ကျောက်မျက်တို့၏ အမျိုးအစားခွဲခြားခြင်း၊ အတုအစစ်ခွဲခြားခြင်း
- * စာတွေ့၊ လက်တွေ့၊ သင်ထောက်ကူပစ္စည်းများဖြင့် သင်ကြားမည်။
- * (O-Level၊ အပတ်စဉ်-၁၅) ၂၅-၂-၂၀၁၃ရက်တွင် စတင်မည်။
- * (A- Level၊ အပတ်စဉ်-၅) ၂၆-၂-၂၀၁၃ရက်တွင် စတင်မည်။
  သင်တန်းချိန် - နံနက် ၇း၃၀ နာရီမှ နံနက် ၉း၃၀ နာရီအထိ
- * **သင်တန်းကာလ(၁၀)ပတ်ခန့်၊**
  အပတ်စဉ် (တနင်္လာနေ့မှ စနေနေ့အထိ)
- * ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊
  မြေညီထပ်၊ အခန်း(၇)၊ အမှတ်(၂၉)၊မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
  ဖုန်း-၀၁-၂၃၀၀၁၆၁၊ ၀၁-၂၃၀၀၁၅၉

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

The Traveller ခရီးသွားသတင်းဂျာနယ်မှ အမြန်အလိုရှိပါသည်။

(၁) **EDITOR** - ကျား/မ (၃)ဦး
- အယ်ဒီတာအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။ တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ပြီး အသက်(၄၅)နှစ်အောက်ဖြစ်ရမည်။ အင်္ဂလိပ်စာ အရေး အဖတ်၊ အပြောအနည်းငယ်ရရမည်။

(၂) **REPORTER** - ကျား/မ (၄)ဦး
- ဘွဲ့ရပြီးသူဖြစ်ပြီး အသက်(၂၇)နှစ်အောက်ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။ (လုပ်ငန်းအတွေ့အကြုံမရှိသော်လည်း သတင်းထောက်အလုပ်အပေါ် အထူးစိတ်ဝင်စားပြီးရေရှည်နှစ်မြှုပ်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

(၃) **TRANSLATOR** - ကျား/မ (၂)ဦး
- သတင်း၊ဆောင်းပါးများကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားနိုင်သူဖြစ်ရပါမည်။ စာပေရေးသားခြင်းအတွေ့အကြုံရှိရပါမည်။ (အချိန်ပိုင်းအနေဖြင့်လည်းလုပ်နိုင်ပါသည်)

(၄) **MAKETING EXECUTIVE** - မ (၂)ဦး
- အသက်(၂၇)နှစ်အောက်၊ ဘွဲ့ရရှိပြီးသူဖြစ်ပြီးရုပ်ရည်သန့်ပြန့်ကာ ဆက်ဆံရေးပြေပြစ်ရမည်။ ကြော်ငြာကောက်ခံဖူးသည့်အတွေ့အကြုံရှိရမည်။ (လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုအပေါ်မူတည်ပြီး အသက်နှင့်ပညာအရည်အချင်းကို လျှော့ပေါ့စဉ်းစားပေးမည်။

(၅) **MARKETING ASSISTANT** - မ (၅)ဦး
- အသက်(၂၃)နှစ်အောက်၊ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ပြီး ရုပ်ရည်သန့်ပြန့်ကာဆက်ဆံရေးအထူးပြေပြစ်ရမည်။ ရန်ကုန်မြို့အတွင်း ကျွမ်းကျင်စွာသွားလာနိုင်သူဖြစ်ရမည်။ (လုပ်ငန်းအတွေ့အကြုံ ရှိရန်မလိုပါ။ သင်ယူလိုစိတ်အပြည့်ရှိရန်သာ လိုအပ်ပါသည်။)

(၆) **COMPUTER DTP** - ကျား/မ (၅)ဦး
- အသက်(၂၅)နှစ်အောက် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ စာစီစာရိုက်အတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီး PageMaker ကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။

(၇) **ACCOUNTANT** - မ (၁)ဦး
- အသက်(၃၀)နှစ်အောက်၊ LCCI level 3 အောင်မြင်ပြီးသူ၊ B.Com ဘွဲ့ရ(သို့မဟုတ်) DA လက်မှတ်ရဖြစ်ရမည်။ Accounting အတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိပြီး ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။

(၈) **DRIVER** - ကျား (၂)ဦး
- ယာဉ်မောင်းလိုင်စင်သက်တမ်းအနည်းဆုံး(၅)နှစ်ရှိပြီး လုပ်ငန်းအတွေ့အကြုံရှိရမည်။ အသက်(၃၀)နှစ်အောက်ဖြစ်ရမည်။

မှတ်ချက်။ ။ လုပ်ငန်းအတွေ့အကြုံနှင့်ကျွမ်းကျင်မှု အပေါ်မူတည်၍ လစာကိုညှိနှိုင်းပေးမည်။ လစာ+ခရီးစရိတ်+အချိန်ပိုကြေး ပေးမည်။ Marketing များအနေဖြင့် ကောက်ခံရရှိသော ကြော်ငြာအပေါ် ကော်မရှင်ရမည်။

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအကျဉ်း၊ ပညာအရည်အချင်း အထောက်အထားအလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသော ပတ်စပို့ဓာတ်ပုံ(၁)ပုံ၊ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ တစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ်(၁၃)၊ ဒုတိယထပ်၊ရေကျော်လမ်းမ၊(၉)ရပ်ကွက်၊ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၉၇၂၅၉၊ ၀၉ ၄၂၀၁၃၂၃၄၄

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄ မင်္ဂလာ၊ ဦးပိုင်အမှတ် ၃၀ᵍ၊ ဧရိယာ ၀ ဒသမ ၀၁၂ ဧကရှိ ဒေါ်လှခင်အမည်ဖြင့် ပိုင်ဆိုင်သော ဘိုးဘွားပိုင်မြေကွက်အား ဦးလှထွန်း ၉/ပမန(နိုင်)၀၇၄၉၇၆ (ဘ) ဦးခင်မောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘွားပိုင်မြေကွက်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရွှေ အထူး
ph- 49201 566
4500 20002

မြေကွက်ရောင်းမည်

ဒဂုံတက္ကသိုလ်အနီး
ပေ ၄၀×၆၀ (ပွဲစားမလို)
ဖုန်း-၀၉၄၂၁၁၃၇၇၃၇

မြစပါယ် MYA SABEI
အဆေးနှင့်မုန့်မျိုးစုံ
ဆိုင်ဖွင့်ချိန် - နံနက် (၇) နာရီ မှ ည (၉) နာရီအထိ
နှစ်သစ်ကူး အထူးအစီအစဉ်
25% discount
၁၈.၂.၂၀၁၃ မှ ၂၆.၂.၂၀၁၃ အထိ [မြေနီကုန်းဆိုင်ခွဲတွင်သာ]
- အမှတ် (၇၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Tel : 249875, 256067
- အမှတ် (၁၆၆ – ဘီ)၊ အနောက်မြေနီကုန်းလမ်းနှင့်စမ်းချောင်းလမ်းဒေါင့်၊ City Mart အနီး၊ စမ်းချောင်းမြို့နယ်။ Tel : 508283, 09 5015506
- အမှတ် (၉၀)၊ ဗညားဒလလမ်း၊ သိမ်ဖြူယာဉ်မောင်းသင်ကွင်းအနီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Tel : 291926, 299004

အဆေး၊ မုန့်မျိုးစုံ၊ အသုပ်နှင့် အကြော်ပွဲများကိုလည်း သုံးဆောင်နိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/ဒက္ခိဏသီရိအနောက်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် ဒ-၃၂၆၅၂၊ ဧရိယာ ၀ဒသမ၁၄၆ဧကရှိ ဒေါ်နန်းနှင်းနှင်းဖြူ အမည်ဖြင့် ပိုင်ဆိုင်သော ပါမစ်မြေကွက်အား အမည်ပေါက် ဒေါ်အားဂူး ၁၃/တယန(နိုင်)၀၃၉၂၃၆(ဘ)ဦးလောက်ဖူးမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေကွက်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

Organized by ADMA Media Co.,Ltd

(၂၇)ကြိမ်မြောက်ဆီးဂိမ်းအကြိုလှုံ့ဆော်ရေး Iron Cross Tour ဖျော်ဖြေပွဲ

(၂၇)ကြိမ်မြောက်ဆီးဂိမ်းအားကစားအကြိုလှုံ့ဆော်ရေးပွဲများကို အားကစားဝန်ကြီးဌာနမှဦးစီး၍ ADMA Media မှတာဝန်ယူပြီး ကျင်းပလျက်ရှိရာ ၂၀၁၃၊ မတ်လ(၂၃)ရက်နေ့တွင် ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းတွင်လည်းကောင်း၊ ၂၀၁၃၊ ဧပြီလ(၆)ရက်နေ့တွင် မန္တလေးမြို့တွင်လည်းကောင်း Iron Cross Band (လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်း) တို့နှင့်တကွ အခြားသောအနုပညာရှင်များနှင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါသည်။

(၂၇)ကြိမ်မြောက်ဆီးဂိမ်းအားကစားပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အများပြည်သူအကြားပျံ့နှံ့နိုင်ရေးတို့အတွက် အကြိုလှုံ့ဆော်ပွဲများအား ADMA Media နှင့်အတူ Partner Sponsor ဖြစ်သည့် Daw Win Garment Center (Yuzana Plaza) မှ အင်အားဖြည့်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏အားကစားသမိုင်းတွင် နှစ်ပေါင်း(၄၀)ကျော် ကျင်းပနိုင်ခဲ့ခြင်းမရှိသော ဆီးဂိမ်းအားကစားပြိုင်ပွဲကြီးကို နိုင်ငံ့ဂုဏ်ဆောင်အောင်မြင်ဂုဏ်ယူစွာကျင်းပနိုင်ရေးအတွက် ဆီးဂိမ်းအကြိုလှုံ့ဆော်ပွဲများတွင် Official Partner ဖြစ်သည့် Daw Win Garment Center (Yuzana Plaza) မှထုတ်လုပ်သော ဆီးဂိမ်းအကြိုလှုံ့ဆော်ရေး အမှတ်အသားပါအဝတ်အထည်များကို တူညီစွာဝတ်ဆင်ပြီးဂုဏ်ယူစွာဖြင့် ပါဝင်ဆင်နွှဲနိုင်ပြီဖြစ်ပါကြောင်းနှင့် နီးစပ်ရာလက်မှတ်အရောင်းဌာနများတွင် လက်မှတ်များဝယ်ယူ အားပေးနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လက်မှတ်အရောင်းဌာန - Daw Win Garment Center (Yuzana Centre), Nobody, Cafe SS (ဆရာစံလမ်း)၊ City Mart အရောင်းဆိုင်များ

March 23 Iron Cross (လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်း)

April 6 Iron Cross (လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်း)

27th SEA GAMES MYANMAR 2013 NAY PYI TAW

အိတ်ဖွင့်တင်ဒါကြေညာချက်

၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွက် ဒဂုံတက္ကသိုလ်ဝင်းအတွင်းရှိ စားသောက်ဆိုင်ခန်းများ၊ ဓာတ်ပုံဆိုင်(ဒဂုံတက္ကသိုလ်ပရဝဏ်အတွင်းဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း)(ဘွဲ့နှင်းသဘင်ခန်းမတွင်းမပါ)၊ စတိုးဆိုင်နှင့်မိတ္တူဆိုင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသောပြင်ပပုဂ္ဂိုလ်များသည် အိတ်ဖွင့်တင်ဒါတင်သွင်းပုံစံများကို တစ်စုံလျှင် ၁၀၀၀ိ/-ဖြင့် ငွေစာရင်းဌာနတွင်ငွေပေးသွင်းပြီး ငွေသွင်းချလန်ဖြင့် အင်ဂျင်နီယာဌာနတွင် လျှောက်လွှာပုံစံရယူ၍ တင်ဒါတင်သွင်းကြပါရန် ကြေညာအပ်ပါသည်-

၁။ **အိတ်ဖွင့်တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** ၆-၃-၂၀၁၃ ရက် မွန်းတည့် ၁၂း၀၀နာရီ လူကိုယ်တိုင်တစ်ပါတည်းတင်သွင်းရမည်။

၂။ **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်** ၆-၃-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီ

အသေးစိတ်အချက်အလက်များကို ဒဂုံတက္ကသိုလ်အင်ဂျင်နီယာဌာန ဖုန်း- ၅၈၅၀၁၀ တွင်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဒဂုံတက္ကသိုလ်

သည်းခြေအိတ်ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါနှင့် ကျောက်ကပ်ကျောက်တည်ရောဂါ။ ပျောက်ဆေးနည်းအခမဲ့ပေးမည်-

၁။ သည်းခြေအိတ်ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါအတွက် တစ်ရက်လျှင် ပန်းသီး(၅)လုံးစီ၊ (၅)ရက်စားပြီးနောက်(၆) ရက်မြောက်နေ့တွင် ဆောင်ရွက်ရန်ရှိသည်များကိုတိကျစွာဆောင်ရွက်ခြင်းဖြင့်(၇)ရက်မြောက်နေ့၌ သည်းခြေအိတ်ထဲမှကျောက်များ၊ အသည်းမှာဖုံးနေသော အဆီဖတ်များဝမ်းနှင့်အတူထွက်ကျလာသည်ကို မိမိကိုယ်တိုင်မြင်တွေ့ရပါမည်။ ကိုယ်တွေ့ဖြစ်ပြီး သည်းခြေအိတ်ကို လုံး၀(လုံး၀)ခွဲစိတ်ထုတ်စရာ မလိုပါ။

၂။ ကျောက်ကပ်ကျောက်တည်ရောဂါအတွက် တစ်ရက်အတွင်းရေ(၃)ပုလင်းသောက်၍ ဆောင်ရွက်ရန်ရှိသည်များကိုတိကျစွာဆောင်ရွက်ခြင်းဖြင့် (၁)ပတ်အတွင်း ကျောက်ကပ်ကျောက်များ ပျော့ကြေ၍အရည်ပျော်ပြီး ဆီးနှင့်အတူထွက်ကျလာပါမည်။ ကျောက်ကပ်ကျောက်များ လုံး၀(လုံး၀)ခွဲစိတ်ထုတ်စရာ မလိုပါ။

ဆေးနည်းအပြည့်အစုံသိရှိလိုပါက - **ဦးသန်းဝင်း။ အာဆီယံအင်ဂျင်နီယား အင်ဂျင်နီယာမှူးကြီး (ငြိမ်း) Ph : 095070157**ကိုဆက်သွယ်ပါ။

ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရုံးအသုံးဆောင်စက္ကူနှင့် စာရေးကိရိယာပစ္စည်း ၁၄မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရက်မှာ ၁-၃-၂၀၁၃ရက် ၁၀း၀၀နာရီထိ ဖြစ်ပါသည်။

၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ၂၀-၂-၂၀၁၃ရက်မှ ၂၇-၂-၂၀၁၃ရက်အထိ ၉း၃၀ နာရီမှ ၁၆း၀၀နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက် အလက်များ သိရှိလိုပါက ပစ္စည်းများဈေးပြိုင်ဝယ်ယူရေးအဖွဲ့၊ ရန်ကုန်တိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၀၁-၂၁၇၅၁၀၊ ၀၁-၂၁၇၅၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်ဝယ်ယူရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ်၊ ပေါက်တော-မင်းပြားလမ်းပေါ်ရှိ စွန်ရဲတံတားတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော 600 mm × 200 mm H-Beam (38.2) မက်ထရစ်တန်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၂-၂၀၁၃

၃။ **တင်ဒါပိတ်မည့်ရက်** - ၄-၃-၂၀၁၃

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၃၀ နာရီ

၅။ တင်ဒါပုံစံကို တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ၂၅-၂-၂၀၁၃ရက်မှစ၍ အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တံတားတည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဦးစီး၊ ရုံးအမှတ် ၁၁၊
နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၀၈၂၊ ၄၀၇၂၇၆၊ ၄၀၇၆၀၂

ပြည်ထဲရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရဲတပ်ဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန် လိုအပ်သော ရုံးသုံး/စခန်းသုံးပုံစံ (၅၆)မျိုးကိုမြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရက်မှာ ၁-၃-၂၀၁၃ ရက် နံနက် ၁၀း၀၀ နာရီထိဖြစ်ပါသည်။

၃။ ပေးသွင်းလိုသူများအနေဖြင့် တင်ဒါပုံစံတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ၂၀-၂-၂၀၁၃ ရက်မှ ၂၇-၂-၂၀၁၃ ရက်အထိ နံနက် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပစ္စည်းများဈေးပြိုင်ဝယ်ယူရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ဖုန်း-၀၁-၂၁၇၅၁၀၊ ၀၁-၂၁၇၅၂၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်ဝယ်ယူရေးအဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့

မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြေကွက်များ

စဉ်	ရပ်ကွက်	မြေကွက်အမှတ်	အကျယ်အဝန်း	မြေအမျိုးအစား	မြေအမည်ပေါက်	ရောင်းချပိုင်ခွင့်ရှိသူ	မြေကွက်လိပ်စာ
၁။	၆၁(ဆိပ်ကမ်း)	၃၀၇၃+၃၀၇၄	ပေ(၈၀×၆၀)	ပါမစ်မြေ	ဦးဖုန်းမြင့်	ဒေါ်မွေး	
၂။	၈၅(ဆိပ်ကမ်း)	၈၆၃	ပေ(၄၀×၆၀)	ပါမစ်မြေ		ဦးမျိုးလွင်	မြန်နန္ဒာလမ်း
၃။	၆၆(တောင်ဒဂုံ)	၂၂၉	ပေ(၄၀×၆၀)	ပါမစ်မြေ	ဦးစိန်မြင့်	ဦးအောင်လွင်	
၄။	၆၆(တောင်ဒဂုံ)	၂၃၂+၂၃၃	ပေ(၈၀×၆၀)	ပါမစ်မြေ	ဦးကျော်ဘော	ဦးအောင်လွင်	
၅။	၁၄၁/၂(တောင်ဒဂုံ)	၁၈၅	ပေ(၄၀×၆၀)	ဂရန်မြေ	ဦးတင်တင်ဟန်		
၆။	၁၄၁/၂(တောင်ဒဂုံ)	၄၈၈(၃)	ပေ(၄၀×၆၀)	ပါမစ်မြေ	ဒေါ်သန်းနု	ဦးအောင်လွင်	မဟာဗန္ဓုလလမ်း
၇။	၁၄၁/၂(တောင်ဒဂုံ)	၄၈၈(၄)	ပေ(၄၀×၆၀)	ပါမစ်မြေ	ဦးအောင်ကျော်စိုး	ဦးအောင်လွင်	မဟာဗန္ဓုလလမ်း
၈။	၁၄၇(တောင်ဒဂုံ)	၈၀၅	ပေ(၄၀×၆၀)	ပါမစ်မြေ	ဒေါ်ဌွေးဌွေး	ဒေါ်သက်သက်ဝေ	အောင်မြင့်မိုရ်လမ်း

ထိုမြေကွက်များကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူများထံမှ ဝယ်ယူရန် ကျွန်ုပ်က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်များနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စုံလင်စွာဖြင့် ကျွန်ုပ်ထံတွင် (ခုနစ်ရက်)အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်မင်းသန်း (၅/မရန(နိုင်)၀၀၉၅၀၀) ဖုန်း - (၀၉-၅၁၃၉၆၁၀၀)၊ (၀၉-၇၃၀၉၈၉၀၀)
အမှတ် - ၈၉၈(က)၊ သူရသသတီလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၇/စီ)၊ လူနေရပ်ကွက်အမှတ် ရတနာအိမ်ရာ၊ မြေကွက်အမှတ် ၇၄၊ ဧရိယာ (၈၅ပေ×၁၂၅ပေ/၁၅၅ပေ)၊ စတုရန်းပေ ၁၀၀၀၀အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဦးကျော်ဝင်း ၁၃/လရန(နိုင်)၀၀၉၅၈၂မှ အမည်ပေါက်ပါသည်။ အထက်ပါမြေကွက်ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဦးမင်းသူ ၁၂/စခန(နိုင်)၀၄၆၁၇၁က ဝယ်ယူပိုင်ဆိုင်ထားသောပစ္စည်းဖြစ်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအရှေ့ကူးမား ၁၂/ဒလန(နိုင်)၀၃၄၃၂၀က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှိုင် LL.B ဒေါ်ခင်မာနွယ် LL.B ဒေါ်ဌွေးဌွေးဝင်း LL.B
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ကားရောင်းမည်

နှစ်စီး

ယာဉ်အမျိုးအမည် - Toyota Hiace LH 125
ယာဉ်အမျိုးအစား - Micro Bus (4x2)R
မော်ဒယ် - 1990/3L
အရောင် အဖြူ (၁၀/၇ထောင်ကျော်)

ယာဉ်အမျိုးအမည် - Toyata Hiace LH 112
ယာဉ်အမျိုးအစား - Micro Bus (4x2)R
မော်ဒယ် - 1995/2L
အရောင် - အဖြူ(၃၀/၄ထောင်ကျော်)

ဆက်သွယ်ရန်ဖုန်း(ရုံးချိန်အတွင်း)
၅၂၄၃၇၆၊ ၅၃၄၆၇၆၊ ၅၂၅၉၃၅

“အခွင့်ကောင်း”

အိပ်မက်တွေ၊ လိုအင်ဆန္ဒတွေ ပြည့်ဝလာစေဖို့၊
သားသမီးရတနာလိမ္မာထူးချွန်စေဖို့
(၁၀.၃.၂၀၁၃) နေ့သိဒ္ဓိနက္ခတ် နဝင်းချိန်တွင်စီမံပြုလုပ်မည့်
“ဣဋ္ဌပဋ္ဌါန်းနဝရတ်ကိုးပါး” နှင့် “နေလနှစ်ပါးသိဒ္ဓိလက်စွပ်”
ကို ဝတ်ဆင်ကြပါစို့ (မွေးသက္ကရာဇ်ဖြင့်သာ)
မိုးကုတ်ဦးသန်းမောင် **နေလနှစ်ပါး သိဒ္ဓိရတနာဆိုင်**
ဆိုင်(၁)အမှတ်-(15)၊ဝေဖယန္တာရှော့ပင်းစင်တာ(ပ)ထပ်(ဲ)573600 Ext-115
Ph- 09-513-0974, 09-73205028 www.mgktm.com.
ဆိုင်(၂) ယုဇနပလာဇာ (ပ)ထပ် Ph: 705070, 200747 Ext 2100

Business Capacity Building (BCB) Centre မှ Confidence Building Program သင်တန်း ဖွင့်မည်။

လူငယ်များ စိတ်ဓာတ်နှင့် ကိုယ်ရည်ကိုယ်သွေး တည်ဆောက်မြှင့်တင်ရေးအတွက် ဖော်ပြပါ Special Guidance Areas များ ပို့ချပါမည်။

- Personal Grooming ♦ Ethics For Youth ♦ Leadership For Youth
- Health & Hygiene ♦ Conversational English ♦ Emotional Intelligence
- Human Trafficking Prevention ♦ Self Development Skills
- Communication Skills ♦ Internet & Email ♦ PowerPoint Presentation

❖ သင်တန်းချိန် - နံနက် ၉း၀၀ မှ ၁၂း၀၀ နာရီထိ (တနင်္လာ မှ သောကြာနေ့ထိ)
❖ သင်တန်းကာလ -(၁)လ၊ နာရီ(၆၀) ♦ သင်တန်းစမည့်ရက် -မတ်လ (၄)ရက်
Ph: 01 538531, 01 505972, E-mail: bcbcentre009@gmail.com

အဆုတ်တစ်ခု ဖွံ့ဖြိုးဖို့ လေကောင်းလေသန့်လိုအပ်ပါတယ်။ နလုံးသားတစ်ခု ဖွံ့ဖြိုးဖို့အတွက်လည်း စာကောင်းစာသန့်လိုအပ်ပါတယ်။ စာကောင်းစာသန့်များကို စုစည်းထုတ်ဝေထားတဲ့သရုပ်မဂ္ဂဇင်းထွက်ရှိပါပြီ။ အယ်ဒီတာချုပ်ကတော့ မင်းအုပ်စိုးပါပဲ။

ကြော်ငြာ

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၉၅)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် (၁၃၇၄-၁၃၇၅) (၂၀၁၃)

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ယခုလာမည့် (၁၃၇၄-၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၀ရက်) ၂၀-၄-၂၀၁၃ရက်(စနေနေ့)မှ (တန်ခူးလပြည့်ကျော် ၄ ရက်) ၂၉-၄-၂၀၁၃ရက် (တနင်္လာနေ့)အထိ ၁၀ရက်တိုင်တိုင် ကျင်းပပါမည်။

ပျော်ပွဲရွှင်ပွဲအတွက် မြေနေရာများကို ၁၆-၃-၂၀၁၃ ရက် (စနေနေ့) တွင်လည်းကောင်း၊ ဈေးဆိုင်ခန်းမြေနေရာများကို ၃-၄-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင်လည်းကောင်း နံနက် ၁၀ နာရီတွင် ဂေါပကအဖွဲ့ရုံး၌ လေလံတင်ရောင်းချပါမည်။

အသေးစိတ်အချက်အလက်များသိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး
ဖုန်း-၀၅၂-၂၁၀၆၈၊ ၀၅၂-၂၄၂၅၅

ရတနာစိန်ဖူးတော်တင်လှူပွဲနှင့် ရွှေသင်္ကန်းအလှူတော် ရေစက်ချမင်္ဂလာ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပညာဝတီရိပ်သာကျောင်းတိုက်အတွင်းရှိ ကုဿာသယဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း အောင်မြင်ပြီးမြောက်သည့်အထိမ်းအမှတ်အဖြစ် စိန်ဖူးတော်တင်လှူပွဲနှင့် ရွှေသင်္ကန်းလှူဒါန်းပူဇော်ကြသူကုသိုလ်ရှင်များ ရေစက်သွန်းချအမျှပေးဝေခြင်းမင်္ဂလာ ပြုလုပ်မည်ဖြစ်ပါသောကြောင့် ကုသိုလ်ယူ သာဓုအနုမောဒနာခေါ်ဆိုနိုင်ရန်အတွက် ကြွရောက်ပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

[၁၃၇၄ ခုနှစ် တပို့တွဲလဆန်း (၁၄)ရက်] ၂၄-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၅ နာရီ စိန်ဖူးတော်တင်မင်္ဂလာကျင်းပခြင်း၊ (ဧည့်ပရိသတ်များအား ထမနဲဖြင့် ကျွေးမွေးဧည့်ခံပါမည်။)

(၁၃၇၄ ခုနှစ် တပို့တွဲလပြည့်နေ့) ၂၅-၂-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၄ နာရီတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာကျင်းပခြင်း၊ ညနေ ၃ နာရီတွင် ရွှေသင်္ကန်းကပ်လှူသောအလှူရှင်များ၊ ဆွမ်းဆန်စိမ်းအလှူရှင်များမှ ရေစက်ချအမျှဝေခြင်း၊ ၅ နာရီတွင် ဘုရားအမှူးရှိသော ပင့်သံဃာတော် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး အမိန့်-၅၊ နည်းဥပဒေ-၂၀)
မုဒုံမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃

၁။ ဦးထွန်းမောင်	**နှင့်**	၁။ ဦးစံအောင်
၂။ ဒေါ်ရင်		၂။ ဒေါ်သောင်းရှင်
တရားလိုများ		**တရားပြိုင်များ**

မုဒုံမြို့နယ်၊ ကွမ်လှာကျေးရွာ၊ ရွာသစ်ပိုင်း၊ ဝတ်ကျောင်းလမ်း၊ အမှတ် ၄၅၁နေ ဦးစံအောင်နှင့် ဒေါ်သောင်းရှင် (ယခုနေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၅၇သိန်းရလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ၊ သို့မဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါတရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ဦးနေမျိုး)
မြို့နယ်တရားသူကြီး
မုဒုံမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၈၆၇/က၊ ဧရိယာ ပေ(၆၀×၂၀)၊ စတုရန်းပေ ၁၂၀၀ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၈၆၇/ကဟု ခေါ်တွင်သည့်မြေကွက်နှင့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်သိန်းမြင့်ဌေး ၁၂/ဥကတ(နိုင်) ၀၈၀၆၄၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, D.B.L, D.M.L, D.I.L, D.L.P, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon (IC), H.G.P, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ယဉ်ကြည် (သံဖြူဇရပ်)

အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ ဦးနေလင်း(စီမံကိန်းဒါရိုက်တာ)၏ ကျေးဇူးရှင် မိခင်ကြီး ဒေါ်ယဉ်ကြည်သည် သံဖြူဇရပ်မြို့နေအိမ်၌ ၁၃-၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိုးညွန့်
ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၈)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(၁၀ယ/၆၇၃၂၄) yinxiang 110 ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝင်း ၈/တတက(နိုင်)၀၂၂၆၃၃ က (ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၄၉၉၁၊ တိုယိုတာ ကိုရိုလာ၊ စတေရှင်ဝက်ဂွန်(၄×၂) R ယာဉ်လက်ဝယ်ရှိသူ ဦးဖာရွတ်အာမက် ၁၃/လရန(ဧည့်)၀၀၀၄၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (လားရှိုး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ၃၅-လမ်း၊ အမှတ် (၁၇၈)၊ ပထမထပ် (ယာ)ဘက်အခန်းအား လက်ရှိတိုက်ခန်းပိုင်ရှင် ဦးလှလေး (၁၂/ကတတ(နိုင်) ၀၁၅၈၈၉)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ယင်းတိုက်ခန်းနှင့် ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင်စိုး
LL.B, D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ
အမှတ်-၉/၁၁၊ အခန်း (၁၀၂-F)၊ ပထပ်၊ ၃၆-လမ်း(အောက်)၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁၃၀၉၁၆, ၀၁-၂၉၉၀၃၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (၆ရပ်ကွက်)၊ လူနေရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် (၈၂၉/က)၊ ပေ (၂၀×၆၀)၊ အင်းဝ (၇)လမ်း၊ တရားဝင်မြေယာဌာန အမည်ပေါက်သူ [ဒေါ်ခင်ငြိမ်း ၁၂/ဥကတ(နိုင်)၀၅၂၈၅၉] ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၉၃/၉၈၊ ဒေါ်အေးအေးနိုင် ၁၂/ဥကတ(နိုင်)၀၀၀၅၀၇က ဦးဆန်နီချစ် ၁၂/မဂတ(နိုင်)၀၁၂၈၃၈ကို ရောင်းချထားပါသည်။ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်သူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဆန်နီချစ်ထံမှ ကျွန်မဒေါ်ကြည်ကြည်သိန်း ၁၂/ဒဂန(နိုင်)၀၁၂၆၇၃က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်ကြည်ကြည်သိန်း
ဖုန်း ၀၉-၄၉၃၀၈၀၈၀

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်၊ နံ့သာမြိုင်လမ်း၊ အမှတ် ၃၈၁ နေ ဦးသန်းမြင့်အောင် (အဖ)ဦးမြင့်ဦး ၁၁/ဆတန(နိုင်)၀၄၈၄၄၁၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ အိမ်နှင့်ခြံမြေကို တရားဝင်အမည်ပေါက် လက်ဝယ်ပိုင်ဆိုင်သူ ဦးမြင့်ဦးကွယ်လွန်သဖြင့် ၎င်း၏သြရသသားဖြစ်သူ ဦးသန်းမြင့်အောင်မှ ၎င်းနှင့် အိမ်နှင့်ခြံမြေအား ရောင်းချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းအိမ်ခြံမြေနှင့်ပတ်သက်၍ ရောင်းချမည်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိက စာချုပ်စာတမ်းမှတ်ပုံတင်များဖြင့် ဥပဒေနှင့်အညီ ရောင်းချသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကြည်နိုင် LL.B	**ဒေါ်သက်မာလှိုင် LL.B**
အထက်တန်းရှေ့နေ၊ စဉ်-၃၆၂၉၅	**စဉ်-၃၆၂၄၉**
တောင်ကုတ်မြို့	**အထက်တန်းရှေ့နေ**

အမှတ် ၇၂၀၊ ဆေးရုံကွက်သစ် ၄ လမ်း၊ ဂူတာရပ်ကွက်၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သိန်းနီမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ ၃၊ ပုလဲလမ်း၊ အိမ်အမှတ် ၁၀၃ နေ ဦးဘမောင်၏သား ဦးမြမောင်(ခ)အိုက်မောင် HWI-၀၄၄၂၉၄ သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ လုံးဝအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်အရှုပ်အရှင်းများ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဖခင်-ဦးဘမောင် ၁၃/သနန(နိုင်)၀၀၃၀၈၄

လုံးဝမသက်ဆိုင်တော့ပါကြောင်း

ကျွန်မဒေါ်တင်တင်ဝင်း ၁၂/လမန(နိုင်)၀၂၈၇၄၄သည် ဦးသီဟ ၁၀/မလမ(နိုင်)၀၂၀၂၀၆ ကို ယနေ့မှစ၍ ၎င်းအား လုံးဝစွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဒေါ်တင်တင်ဝင်း ၁၂/လမန(နိုင်)၀၂၈၇၄၄

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး ဒေါ်ကျုံ(ခ)ဒေါ်သန်းကျုံ (သုံးခွမြို့)

အသက်(၉၀)

ရန်ကုန်မြို့၊အမှတ်(၄၂)၊၉၁လမ်း၊ကန်တော်ကလေး၊မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးသန်းမောင်)၏ဇနီး၊သုံးခွမြို့နေ (ဦးဘိုးဝင်း-ဒေါ်လှ)တို့၏သမီးကြီး၊ဦးဉာဏ်ခင်-ဒေါ်ခင်လေး၊ ဦးကျော်အောင်-ဒေါ်အုံးတင်၊(ဦးတင်အေး)-ဒေါ်အုံးကြည်တို့၏ အစ်မကြီး၊ (ဦးဝင်းသိန်း-ဒေါ်လှမြင့်)၊ဦးအုန်းမြ-ဒေါ်စီစီမြင့်၊ ဒေါ်စန်းစန်းမြင့် (U.S.A)၊ ဒေါက်တာဒေါ်ငွေးငွေးမြင့်(ရူပဗေဒဌာန၊တပ်မတော်နည်းပညာတက္ကသိုလ်)၊ ဦးသန်းဆွေ-ဒေါ်သန်းသန်းဝင်းတို့၏ မိခင်၊ဦးထွေးနိုင်(Value Healthcare)-ဒေါ်ချယ်ရီဝင်း၊Mr.Akihiro Kaneko-ဒေါ်သီဂီဝင်း(Japan)၊ဦးမျိုးမြင့်ဝင်း (Singapore)-ဒေါ်သဇင်နွယ်၊မောင်ကျော်သူဝင်း (Singapore)၊ မခိုင်ညီဝင်း (Japan)၊မောင်နေလင်းထိုက်-မလင်းနန္ဒာထွန်း၊မောင်မင်းသူရိန်ထွန်း၊မသင်းနေခြည်ထွန်း၊မောင်ပြည့်ဘုန်းဆွေ၊ မဝင်းပပအေးတို့၏အဘွား၊မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည်၁၈-၂-၂၀၁၃ရက် နံနက်၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့)မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်းဒါယိကာမကြီး ဒေါ်ခင်အေးသန်း
အသက် (၈၉)နှစ်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်နှင့် ဇနီးဒေါက်တာတင်နွယ်ဝေတို့၏မိခင် ရဟန်းဒါယိကာမကြီး ဒေါ်ခင်အေးသန်း အသက် (၈၉)နှစ်သည် ၁၈-၂-၂၀၁၃ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျော်မြင့်(အထွေထွေမန်နေဂျာ)နှင့်ဇနီးဒေါ်လှလှဝေ

အထူးဝမ်းနည်းကြေကွဲခြင်း

ရဟန်းဒါယိကာမကြီး ဒေါ်ခင်အေးသန်း
အသက် (၈၉)နှစ်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်နှင့် ဇနီးဒေါက်တာတင်နွယ်ဝေတို့၏မိခင် ရဟန်းဒါယိကာမကြီး ဒေါ်ခင်အေးသန်း အသက် (၈၉)နှစ်သည် ၁၈-၂-၂၀၁၃ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဝန်ထမ်းမိသားစုများ

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

ဒေါ်စောအေး အထပြ (ငြိမ်း)၊ အထက (၅) ကြည့်မြင်တိုင်
(၂၂-၂-၂၀၁၂) - (၂၂-၂-၂၀၁၃)

အေးရေ-

မမျှော်လင့်ဘဲ ကိုယ်တို့ကို ခွဲခွာသွားတာ ဒီနေ့ (၁)နှစ်ပြည့်ခဲ့ပါပြီ ရက်တွေ၊ လတွေ၊ နှစ်တွေ၊ ဘယ်လိုပဲပြောင်းပါစေ အေးကို ကိုယ်တို့ ထာဝရလွမ်းဆွတ်သတိရနေဆဲပါ။ ကိုယ်တို့ ပြုခဲ့သမျှကုသိုလ်အစုစုကို အမျှပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ပါ-အေးရေ၊

ဦးထွန်းမြင့် မိသားစု
FMI မိသားစု၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးမင်းသိန်း (ငြိမ်း)
(ကညွတ်ကွင်း)
တေဇ-၁၁

သူငယ်ချင်း ဗိုလ်မှူးမင်းသိန်း(ငြိမ်း)သည် ကညွတ်ကွင်းမြို့၌ ၉-၁-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏မိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၁၁) သူငယ်ချင်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဦးလေးခင် (ခ) ဦးစံဝင်း
အသက် (၇၈)နှစ်
(ဝင်းရတနာအောင် သဘော်ဆေးဆိုင်)

ဦးလေးခင် (ခ) ဦးစံဝင်း (ဝင်းရတနာအောင်) သဘော်ဆေးဆိုင်သည် (၁၈.၂.၂၀၁၃) ရက်နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Board of Directors
United Paints Group Co.,Ltd. (UPG)

အထူးကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူ ဒေါ်တူးတူး(ခ)ဒေါ်နွယ်၏ ၁၈-၂-၂၀၁၃ ရက် နာရေးတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (Y.U.F.L)မှ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဌာနမှူးများနှင့်ဝန်ထမ်းများအားလည်းကောင်း၊ Capital Diamond Star Group မှ တာဝန်ရှိလူကြီးမင်းများနှင့်ဝန်ထမ်းများအားလည်းကောင်း၊ Export မှ ဝန်ထမ်းများအားလည်းကောင်း၊ မြစ်ကြီးနားအသင်းအဖွဲ့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအားလည်းကောင်း၊ ဦးစိုင်းအောင်ထွန်း (သမိုင်းဌာန-ငြိမ်း)-ဒေါ်နွမ်းနွန်(ကျောင်းအုပ်ကြီး-ငြိမ်း) မိသားစုအားလည်းကောင်း၊ ဦးမြင့်မောင်-ဒေါ်စိုးမြင့်မိသားစုအားလည်းကောင်း၊ ဦးတင်စိုး-ဒေါ်သန်းရီမိသားစု (လှည်းကူး) အားလည်းကောင်း၊ လှည်းကူးမှ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ လှည်းတန်းဈေးမှ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ ထိန်ပင်သုသာန်မှူးနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ထိန်ပင်သုသာန်သို့ လိုက်ပါပို့ဆောင်ပေးကြသော မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း
ရဟန်းဒါယိကာမကြီး

ဒေါ်ခင်အေးသန်း

အသက်(၈၉)နှစ်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်နှင့် ဇနီး ဒေါက်တာတင်နွယ်ဝေတို့၏မိခင်ဖြစ်သူ ရဟန်းဒါယိကာမကြီး ဒေါ်ခင်အေးသန်း အသက်(၈၉)နှစ်သည် ၁၈-၂-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Unique Marine Services Co., Ltd.
C.E.O နှင့် ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ရီ(မုံရွာ) အသက်(၈၇)နှစ်

အင်ဂျင်နီယာချုပ်(စက်မှု၊ ငြိမ်း) ဦးရွှေကျော်-ဒေါ်မြင့်မြင့်ထွန်းတို့၏မိခင် ဒေါ်ခင်ရီ(မုံရွာ) အသက်(၈၇)နှစ်သည် ၂၀-၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စက်မှုတိုင်း(၃)မိသားစု၊ ဆည်မြောင်းဦးစီးဌာန၊ မကွေးမြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ရီ(မုံရွာ) အသက်(၈၇)နှစ်

အင်ဂျင်နီယာချုပ်(စက်မှု၊ ငြိမ်း) ဦးရွှေကျော်-ဒေါ်မြင့်မြင့်ထွန်းတို့၏မိခင် ဒေါ်ခင်ရီ(မုံရွာ) အသက်(၈၇)နှစ်သည် ၂၀-၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စက်မှုတိုင်း(၄)မိသားစု၊ ဆည်မြောင်းဦးစီးဌာန၊ မန္တလေးမြို့

ဝမ်းနည်းကြေကွဲခြင်း

ပခုက္ကူမြို့၊ ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာချောကလျာဝင်း၊ လက်ထောက်ဆရာဝန်(ဓာတ်မှန်အထူးကု)၏ကျေးဇူးရှင်မိခင် ဒေါ်ရင်ကြည် အသက်(၈၀)သည် သံဖြူဇရပ်မြို့နေအိမ်၌ ၁၃-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ
ဆရာဝန်များ၊ သူနာပြုများနှင့်
ဝန်ထမ်းများမိသားစု
ပြည်သူ့ဆေးရုံကြီး၊ ပခုက္ကူမြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်နွဲ့ဝင်း

(မော်တင်လိန်းဂျပ်ဆင်ကျောင်းသူဟောင်း)
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အသက်(၇၆)နှစ်

စိတ်ဖြူ သဘောဖြူတဲ့ တို့သူငယ်ချင်းဟောင်းကြီး ၁၉-၂-၂၀၁၃ရက်က ကွယ်လွန်သွားတဲ့အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မော်လမြိုင် မော်တင်လိန်းဂျပ်ဆင်မှ
ကျောင်းသူဟောင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြင့်မြင့်ဝင်း(ခ)ဒေါ်ဂရေစီ

(ထားဝယ်)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရတနာမြိုင်လမ်း၊ အမှတ် ၉၂နေ ဒေါ်မြင့်မြင့်သောင်း (GM. Dagon International Ltd.)၏မိခင်ကြီး ဒေါ်မြင့်မြင့်ဝင်း(ခ) ဒေါ်ဂရေစီသည် ၂၀-၂-၂၀၁၃ရက် နံနက် ၆နာရီတွင် သုခကမ္ဘာအထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Dagon International Ltd
Dagon Timber Co., Ltd
Global Star Co., Ltd
ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ရဲမှူးကိုကိုတင် (ငြိမ်း)

(ကျောက်ဆည်)
အသက်(၇၁)နှစ်

ဗိုလ်ကြီးသက်တင်ဦး(ငြိမ်း)၏ဖခင် ရဲမှူးကိုကိုတင်(ငြိမ်း)သည် ၁၉-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၃၂)မှ
သူငယ်ချင်းများ

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟာမက်ရှဖီး(ခ)ဦးကျော်ဝင်း

(ကားစက်ပြင်ဆရာကြီး)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၇လမ်း၊ အမှတ် ၁၁၈နေ [မိုဟာမက်စလေမန်(ခ)ဦးမောင်စိန်-နူဘီ(ခ)ဒေါ်တီ]တို့၏သားကြီးသည် ၂၁-၂-၂၀၁၃ရက်(ကြာသပတေးနေ့) ည ၈း၄၂နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) ဂျုမာနမာစ်အပြီး ရေဝေးကဘာရ်စတန်တွင် ဒါဖနာမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင် ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

ဒေါ်ခင်မေ

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၁၂လမ်း၊ အမှတ် ၃(မြေညီ)နေ (ဦးဘရုံး-ဒေါ်အေးကြွယ်)တို့၏သမီး၊ (ဦးဘို၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ငြိမ်း)၏ဇနီး၊ ဦးသန်းအောင်၏အစ်မ၊ ဦးမောင်မောင်ဦး(မင်္ဂလာရွှေအုပ်)-ဒေါ်စန်းစန်းမြင့်၊ ဦးခင်မောင်အေး-ဒေါ်ယဉ်ယဉ်နွဲ့၊ ဒေါ်ခိုင်သစ္စာ(F.E.R.D ဝန်ထမ်းဟောင်း)၊ ဦးမျိုးမင်း(Chief Cook)-ဒေါ်နွယ်နွယ်အေး၊ဦးမျိုးတင့်(UNICEF)-ဒေါ်မေမိုးမြင့်စံ၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်သန့် (၂၀၅-အမြောက်တပ်ရင်း)-ဒေါ်အေးပွင့်ဖြူ(အလက-၁၊ ဒဂုံ)တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၁-၂-၂၀၁၃ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သန်းကြည် (ထရော်၊ သိုင်းချောင်း)

အသက်(၈၃)နှစ်

အမှတ် ၁၆၊ ၂လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးသောင်းညွန့်၏ဇနီး၊ ဦးဝင်းတင်-ဒေါ်ညွန့်၊ ဦးစိုး-ဒေါ်ကြည်ကြည်၊ ဒေါ်စန်းမြ၊ ဦးကျော်လွင်-ဒေါ်ခင်ထွေးမော်၊ ဦးအောင်သန်း-ဒေါ်ထွေးကြည်၊ ဦးမြင့်အောင်-ဒေါ်ခင်ယုဆွေ(ဃ၁၄-၁၅၊ စံပြငါးဈေး)၊ ဦးစံဌေး-ဒေါ်စိန်စိန်သန်း၊ ကိုကျော်လွင်ဦး-မစန်းထွေးတို့၏မိခင်၊ မြေး ၁၂ယောက်တို့၏အဘွားသည် ၂၀-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)ည ၈း၄၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ရက်(သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းကြည်

(ထရော်၊ သိုင်းချောင်း)
အသက်(၈၃)နှစ်

ဦးကျော်လွင်-ဒေါ်ခင်ထွေးမော်တို့၏မိခင် ဒေါ်သန်းကြည်သည် ၂၀-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဇော်ဝင်း-ဒေါ်ဌေးဌေးဝင်း
မောင်ခန့်ဇော်အောင်-မစုမွန်မွန်စိန်

ဒေါ်မြင့်မြင့်ဝင်း(ခ)ဒေါ်ဂရေစီ (ထားဝယ်)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်နေ ဦးဘရန်-ဒေါ်ဖြူတို့၏သမီး၊ ဦးအေးချစ်-ဒေါ်ရင်ရင်လှ၊ ဦးချစ်မြ-ဒေါ်စန်းစန်းမြင့်တို့၏အစ်မ၊ ထားဝယ်မြို့နေ (ဦးသောင်းရှိန် အမှတ်-၂၊ သတ္တုတွင်းဝန်ကြီးဌာန)၏ဇနီး၊ ထားဝယ်မြို့၊ အမှတ် ၂၉၈၊ မြသန္တာလမ်း၊ ဆင်ပုနစ်ရပ်နေ ကိုဝင်းရှိန်-မဘီဘီသိန်း(သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၊ မဝင်းဝင်းသောင်း(အမှတ်-၂၊သတ္တုတွင်းဝန်ကြီးဌာန)၊ ကိုမြင့်ရှိန်-မဝါဝါမြင့်(အောင်ဟိန်းဗိုလ်ဝင်းကုမ္ပဏီ၊ထားဝယ်)၊ ရန်ကုန်မြို့၊ အမှတ် ၉၂၊ ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့နယ်နေ မမြင့်မြင့်သောင်း (ဒဂုန်အင်တာနေရှင်နယ်လီမိတက်)တို့၏မိခင်၊ မောင်ကျော်မင်းသောင်း၊ မောင်ပြည့်ဖြိုးအောင်၊ မခိုင်နွယ်လင်း၊ မောင်မင်းခန့်နိုင်တို့၏အဘွားသည် ၂၀-၂-၂၀၁၃ရက် နံနက် ၆နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၉၂၊ ရတနာမြိုင်လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြည်ကြည် (သ/မဦးစီးမှူး၊ ငြိမ်း)

အသက်(၇၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေအနောက် ၆လမ်း၊ အမှတ် ၄၅၅နေ (ဦးဖိုးဖေ-ဒေါ်ဖွားရှင်)တို့၏သမီး၊ (ဦးသိန်းမောင်-ဒေါ်ခင်ထိုက်)တို့၏သမီးချွေးမ၊ ဆရာဦးအေးလှိုင် (ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း)၏ဇနီး၊ (မအိအိလှိုင်)၊ မောင်သန်းထွဋ်လှိုင်-မအေးနီလာ (လ/ထ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသန)၊ မောင်သိုက်ဇော်ဝင်း-မမိမိလှိုင်၊ မောင်အောင်စည်သူ၊ မသက်သက်လှိုင်တို့၏မိခင်၊မောင်သော်ဟိန်းနိုင်ဦး၊ မဖြူငြိမ်းသွယ်၊ မောင်အောင်သူရလှိုင်၊ မောင်စွမ်းရည်လင်း၊မမေသော်တာထွဋ်တို့၏အဘွားသည် ၂၀-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးလှမြင့်

(ဆေးပညာသင်ကြားရေးဗဟိုဌာန)
အသက်(၅၆)နှစ်

ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးပညာသင်ကြားရေးဗဟိုဌာနမှ ရုံးအုပ်(ပုံနှိပ်ကျွမ်းကျင်-၁) ဦးလှမြင့် အသက်(၅၆)နှစ်သည် ၂၁-၂-၂၀၁၃ရက်တွင်ကွယ်လွန်သွားပါကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများမိသားစု
ဆေးသိပ္ပံပညာဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ယုယုဝင်း

B.A (Eco)
အသက်(၃၂)နှစ်

ဒေါ်ယုယုဝင်း အသက်(၃၂)နှစ်သည် ၂၀-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂း၄၅နာရီတွင် ရန်ကုန်မြို့ ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းမိပါသည်။

ALPHA POWER ENGINEERING CO., LTD.

ဦးစိန်လှ

ဒု-တိုင်းတရားသူကြီး(ငြိမ်း)
အသက်(၇၅)နှစ်

မော်လမြိုင်မြို့၊ ဒိုင်းဝန်းကွင်း၊ မျှော်လင့်ရပ်နေ (ဦးစံအုန်း-ဒေါ်မရှိန်)တို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးသန်းဇင်) - ဒေါ်ခင်နွဲ့တို့၏ညီ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ၄လမ်း၊ အမှတ် ၇၀၀နေ ဒေါ်လှမြင့်၏ခင်ပွန်း၊ (တပ်ကြပ်ကြီးတင်အောင်ကျော်)-ဒေါ်ချိုချိုလွင်၊ ဦးမျိုးဝင်း-ဒေါ်ယုယုမော်၊ ဦးဖိုးဌေး-ဒေါ်သူဇာမော်၊ (ဗိုလ်မှူးကျော်ဆန်းထူး)-ဒေါ်လှမျိုးနွယ်၊ ဦးမင်းရဲထွေး-ဒေါ်စန်းစန်းမွန်တို့၏ဖခင်၊ တူ၊ တူမ ခြောက်ယောက်တို့၏ဦးလေး၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၁-၂-၂၀၁၃ရက် နံနက် ၃နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင်အမှတ်၇၀၀၊ ၄လမ်း၊ (၁)ရပ်ကွက်၊ သမိုင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးတင်သောင်း

တွဲဖက်ပါမောက္ခ(ငြိမ်း)
ရန်ကုန်စီးပွားရေးတက္ကသိုလ်
အသက်(၇၂)နှစ်

ဒေါက်တာအရှင်ဇနိတ(သြစတြေးလျ)နှင့်အရှင်ဝါယမာဘိဝံသ(စစ်ကိုင်း)တို့၏ခမည်းတော်၊ ပြည်မြို့နေ (ဦးမောင်မောင်-ဒေါ်မြကြူ)၊ ပြင်ဦးလွင်မြို့နေ (ဦးဘညို - ဒေါ်ညွန့်ဝေ)တို့၏သား၊ ရန်ကုန်မြို့နေ ဦးခင်မောင်ဗိုလ်-ဒေါ်သန်းနွယ်တို့၏ညီ၊ ပြည်မြို့နေ (ဒေါ်ခင်ညိုဝင်း)၊ ဒေါ်ခင်ချိုဝင်း၊ ဦးခင်မောင်အေး၊ (ဦးခင်မောင်ဆွေ)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီကွန်ဒို၊ တိုက် (၇+၁)ဒီ၊ အခန်း ၄၀၄နေ ဒေါ်ဌေးဌေးကြည်(မိစံ)၏ခင်ပွန်း၊ မနှင်းပွင့်ဖြူ(DKSH Services Ltd.)၊ မမိုးပွင့်ဖြူ၊ မနွေအေးငြိမ်း(Daewoo E & P)၊မောင်ပြည်အေးငြိမ်း၊ မဆုဝေမွန် (မြန်မာ့သြဘာလုပ်ငန်းစု)၊ မအိမ်ငြိမ်းစံတို့၏ဖခင်သည် ၂၀-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၃၅နာရီတွင်ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ရန်ကုန်ဆေးတက္ကသိုလ်(၁) ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးစမ်းမောင်

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ အမှတ် ၁၃၀၄(ပထမထပ်)နေ (ဦးဘသော်-ဒေါ်စောညွန့်)တို့၏သား၊(ဦးဘိုးမြ)၊(ဒေါ်မြကြည်)တို့၏သားသမက်၊ (ဦးလှကျော်-ဒေါ်ညွန့်ကြည်)၊(ဗိုလ်မှူးအုန်းမြင့်-ဒေါ်ညွန့်ရီ)၊ (ဦးလှစိန်-ဒေါ်သိန်းဟန်)၊ (ဦးဝင်းထိန်)-ဒေါ်ကျော့ကျော့တင်၊ ဒေါ်သန်းသန်းညွန့်တို့၏မောင်၊ ဗိုလ်ကြီးဒေါ်ခင်အေးမူ(ငြိမ်း)၏ခင်ပွန်း၊ မမြသီတာ(ဧရာဝတီဘဏ်)၊ မခမ်းဝေဟန်(Horizon Int. School)တို့၏ဖခင်သည် ၂၁-၂-၂၀၁၃ရက် နံနက် ၆း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၃-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးတင်မြင့်

(ဆွိုတီ အထက်တန်း ဟင်းမွှေးမဆလာ)
အသက်(၈၇)နှစ်

မုဒုံမြို့၊ မင်းတန်းရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၆၀နေ (ဦးသိန်း-ဒေါ်ခင်စိန်)တို့၏သားကြီး၊ (ဒေါ်ရင်စိန်)၏ခင်ပွန်း၊ ဒေါ်မြကြူ၊ ဒေါ်ခင်အေးမူ၊ ဦးမြင့်ဇော်၊ ဒေါ်နီနီဝင်း၊ ဒေါ်စိန်မမ၊ ဦးမြတ်ဇော်တို့၏ဖခင်၊ မြေး ၃၄ယောက်၊ မြစ် ၂၄ယောက်တို့၏အဘိုးသည် ၁၉-၂-၂၀၁၃ရက် (အင်္ဂါနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မုဒုံမြို့ မင်းတန်းရပ်နေအိမ်မှ ကန်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား ဒါယကာကြီး

ဦးလှရွှေ (ရွှေတလေးစာပေ)

(ဟင်္သာတအသင်း)
အသက်(၇၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ကရင်အင်းကျေးရွာနေ (ဦးသာမှျင်-ဒေါ်စိန်တင်)တို့၏သား၊ (ဦးမောင်ပု-ဒေါ်စန်းညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁)ရပ်ကွက်၊ ၃လမ်း၊ အမှတ် ၉၃နေ ဦးဝင်းမြင့်-ဒေါ်သော်တာဝင်း၊ ဦးတင်လတ်-ဒေါ်ချမ်းမြေ့ခင်၊ မနွဲ့နွဲ့ဝင်း၊ မောင်ခင်မောင်ကျော်တို့၏ဖခင်၊ မောင်မင်းခန့်ကျော်၊ မအိမ့်မှူးသွယ်တို့၏အဘိုး၊ ဒေါ်ဌေးမယ်၏ခင်ပွန်းသည် ၂၁-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၅း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် အမှတ် ၉၃၊ ၃လမ်း၊ သမိုင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးလူရှင်(ခ)ဦးမောင်မောင်ရှိန်

(လားရှိုးမြို့)
အသက်(၇၂)နှစ်

လားရှိုးမြို့နေ (ဦးတင်ဖုံး-ဒေါ်အိ)တို့၏သား၊ လားရှိုးမြို့၊ ရပ်ကွက်(၅)နေ ဒေါ်နန်းမြစိန်၏ခင်ပွန်း၊ ဒေါ်ကြင်ကြင်၊ (ဒေါ်ကြင်မေ)တို့၏မောင်၊ သန်လျင်နေ (ဒေါက်တာစိုင်းထွန်းအေး)-ဒေါ်အေးမီ၏အစ်ကို၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ N0-22 (A)၊ သင်္ဂဟလမ်းနေ ဦးကျော်ကျော်(MD-Myanmar Ocean Star Co., Ltd.)-ဒေါ်နန်းဆိုင်အုန်(CEO-New style Magazine)တို့၏ဖခင်၊ တူ၊တူမ ၁၇ယောက်တို့၏ဘကြီး၊ မြေး ၁၁ယောက်၏ဘိုးဘိုးကြီးသည် ၂၁-၂-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၇း၂၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်မြို့၊ ကျောက်မြောင်းနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးအောင်တင့်

(ဌာနစုမှူး၊ ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မအူကုန်းစည်ပင်ဝန်ထမ်းအိမ်ရာ၊ တိုက် ၁၀၊ အခန်း ၃နေ ဒေါ်ရင်ရင်နု၏ခင်ပွန်း၊ ဦးသန်းထွဋ်အောင်-ဒေါ်အိအိမွန်၊ ဦးသန်းတင့်အောင်၊ ကိုကျော်သူလတ်-မစောဥမ္မာအောင်၊ မချယ်ရီအောင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၁-၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကြည်တင်

ဓာတ်ခွဲမှူး(ငြိမ်း)
သွေးရောဂါရှာဖွေလေ့လာရေးဌာန
(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)
အသက်(၇၀)

ထားဝယ်မြို့၊ လောင်းလုံကျေးရွာနေ (ဦးကြည် - ဒေါ်အေးတင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးဉာဏ်လှိုင်-ဒေါ်လှအုန်း)တို့၏သားသမက်၊ အလုံမြို့နယ်နေ ဦးလှမြင့် - (ဒေါ်တင်အေး)တို့၏တူ၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ် ဓမ္မာရုံလမ်း၊ အမှတ် ၃၄၀ နေ(ဦးမြသိန်း)-ဒေါ်မြစိန်၊ဦးသိန်းလွင်-ဒေါ်ပြုံး၊ ဦးမင်းအောင်-ဒေါ်သန်းရီ၊ (ဦးမြင့်ဝင်း)-ဒေါ်မြင့်မြင့်မော်၊ ဦးမင်းလွင်-ဒေါ်ကျင်ယုံ၊ ဦးစိုးမြင့်-ဒေါ်လွင်လွင်မော်တို့၏အစ်ကို၊ ကိုအောင်ဇော်မင်း-မလွင်ကလျာထွဏ်း၊ ကိုလေးမောင်-မအေးသီတာထွဏ်း၊ ကိုသဲဇေယျာဦး - မဇာခြည်နွယ်တို့၏ဖခင်၊ ဒေါ်တင်ရည်၏ခင်ပွန်း၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၀-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

ဦးအောင်သိန်း (မင်းသုံးဝေဦး)

မြန်မာ့ကမ်းလွန်ရေနံ(ငြိမ်း)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊အမှတ်၇၃၊ခုနစ်လွှာ(A)၊ စမ်းချောင်းမြို့နယ်နေ (ဦးမောင်အုံ-ဒေါ်ညွန့်ညွန့်)တို့၏သား၊ (ဦးဖိုးချိန်-ဒေါ်နု)တို့၏သားသမက်၊ (ဒေါ်လှလှ)၏ခင်ပွန်း၊ ဦးဖေသန်း၊ ဒေါ်မေရီတို့၏အစ်ကို၊ ဦးတင်မောင်လတ်(ခ)ကိုကိုလတ်(Sport Times ဂျာနယ်)-ဒေါ်အေးငြိမ်းအောင်၊ ဦးတင်အောင်မိုး-ဒေါ်နီလာသန်း၊ဒေါ်နွယ်နွယ်အေး၊ ဦးနေဝင်းအောင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၀-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)ည ၉း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ပညာရေးကို နိုင်ငံတကာနှင့်ယှဉ်နိုင်အောင် နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကရင်ပြည်နယ် ဘားအံမြို့၌ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ဘားအံစက်မှုဇုန် တည်ဆောက်ရေး စီမံကိန်းကြီးကြပ်မှုကော်မတီရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်က စက်မှုဇုန်ဖော်ထုတ်တည်ဆောက်ရခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ကုမ္ပဏီမှ တွေ့ကြုံလျက်ရှိသော အခက်အခဲများကို ဖြေရှင်းရန် နည်းလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေး သတိပြုဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဘားအံစက်မှုဇုန်ရှိ UMH Company Limited ၏ အထည်ချုပ်စက်ရုံ၌ ဂျပန်နိုင်ငံမှ မှာယူသည့် အဝတ်အထည်များ ချုပ်လုပ်နေမှုကိုလည်းကောင်း၊ စက်မှုဇုန်လျှပ်စစ်ဓာတ်အား ဆက်သွယ်ပိုက်ဆက်ခံ တည်ဆောက်ထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စက်မှုဇုန်နယ်မြေအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဘားအံမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာ၍ မြဝတီမြို့နယ် သယ်နီးညီနောင်သို့ ရောက်ရှိကြသည်။

ဆက်လက်၍ မော်တော်ယာဉ်များဖြင့် မြဝတီကုန်သွယ်ရေးဇုန်သို့ ရောက်ရှိကြပြီး သွင်းကုန်ဌာန၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲ၌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်ရေးလမ်းကြောင်းများစွာရှိနေသဖြင့် တရားဝင်လုပ်ကိုင်နေသော ကုန်သည်ကြီးများအနေဖြင့် ထိခိုက်နစ်နာလျက်ရှိကြောင်း၊ တရားမဝင်လုပ်ငန်းများ ပပျောက်ရေးအတွက် နိုင်ငံတော်မှ Mobile Team ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အဖွဲ့တွင်ပါဝင်သည့် (၆) ဖွဲ့အပြင် မီဒီယာနှင့် ပြည်သူလူထုအားလုံး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်နိုင်ပါမှ ကုန်သွယ်မှုပမာဏမြင့်တက်လာမှာ ဖြစ်သည့်အပြင် ဝင်ငွေခွန်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း။

လူဝင်မှုကြီးကြပ်ရေးအပိုင်းအနေဖြင့် မိမိနိုင်ငံမှ ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူအရေအတွက်များနေသည်ကိုတွေ့ရပြီး ထိုင်းနိုင်ငံမှ မိမိတို့နိုင်ငံသို့ လာရောက်မှုအခြေအနေကို စိစစ်ကြည့်ပါက များစွာနည်းပါးနေကြောင်း။

နယ်စပ်ဒေသ စနစ်တကျဖွံ့ဖြိုးရေးအတွက် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တရားဝင်ဖြစ်အောင်၊

စာမျက် ၈ ကော်လံ ၁ ◆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘားအံတက္ကသိုလ်၌ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နွေနံနက်ခင်းကို ကျော်ဖြတ်နေရဆဲ စက်မှုဇုန်များ

သတင်းဆောင်းပါး-ခင်မောင်ထွေး
ဓာတ်ပုံ-တင်ထွန်းအောင်(သတင်းစဉ်)

မြန်မာ့လူ့ဘောင်လူမှုအဖွဲ့အစည်းအတွင်း လူနေမှုပုံစံပြောင်းလဲလာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲလာမှုကတစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံပီပီ ရေအားလျှပ်စစ်ဓာတ်အားပေးစနစ်ကိုသာ အလေးထားအားပြုနေရဆဲဖြစ်သည်ကတစ်ကြောင်း။ ထို့ကြောင့် မြန်မာနိုင်ငံတွင် နွေရာသီရောက်လေတိုင်း လျှပ်စစ်ဓာတ်အားလျှော့နည်းမှု အကျပ်အတည်းကို ရင်ဆိုင်ကြုံတွေ့ ရလေ့ရှိသည်။

၂၀၁၃ခုနှစ် မတ်၊ ဧပြီနှင့်မေလတို့တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်မဂ္ဂါဝပ်ပေါင်း ၂၀၆၀ ခန့်အထိရှိနိုင်မည်ဖြစ်သော်

“မီးအား ပြည့်ပြည့်ဝဝနဲ့ ဆက်တိုက်ပေးပါ။ ဒါမှသတ်သတ်မှတ်မှတ် အလုပ်လုပ်လို့ ရမှာပါ။”
ဦးမြတ်သင်းအောင်
(လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ)

လည်း ၂၀၁၂ခုနှစ်နွေရာသီကကြုံတွေ့ခဲ့ရသည့် လျှပ်စစ်ဓာတ်အားလျှော့နည်းမှု အကျပ်အတည်းမျိုးထပ်မံမပေါ်ပေါက်စေရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန်စက်ရုံများအား ၂၀၁၂ခုနှစ် နွေရာသီကာလကဲ့သို့ အုပ်စုနှစ်စုခွဲ၍ နေ့စဉ်တစ်အုပ်စုလျှင် အလှည့်ကျစနစ် ငါးနာရီနှုန်း ဓာတ်အားပေးခြင်းဖြင့် ပြည်သူလူထုအား လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်ကို ဖတ်ရှုရသည်။

သို့ဖြင့် လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စက်မှုဇုန်အတွင်း လက်ရှိလျှပ်စစ်ဓာတ်အား အချိုးအစားအလိုက်ရရှိမှုအပေါ် မူတည်ကာ ကုန်ထုတ်လုပ်နိုင်မှုနှင့် စက်မှုဇုန်များ ရေရှည်ရပ်တည်နိုင်ရေးအတွက် စိန်ခေါ်မှုများကို စကားဝိုင်းအသွင်ဖြင့် ဆွေးနွေးမေးမြန်းခဲ့ပါသည်။

ဦးမြတ်သင်းအောင်
(လှိုင်သာယာစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ)

လက်ရှိမှာတော့ ဇန်နဝါရီ ၁ရက်ကစပြီး စက်မှုဇုန်တွေမှာ မီးအားကို ညနေ ၄ နာရီကနေ ည ၁၁ နာရီအထိ သုံးစွဲခွင့်မရှိဘူး။ သုံးရင် စက်ရုံပိတ်မယ်။ ကျန်တဲ့အချိန်မှာပေးတယ်ဆိုပေမယ့် မမှန်ဘူးပေါ့။

ပြီးခဲ့တဲ့မိုးတွင်းမှာ ၂၄ နာရီရခဲ့လို့ အဆင်ပြေခဲ့ကြပါတယ်။ ဒါကလည်း ပြီးခဲ့တဲ့နှစ်ပေါင်းများစွာမှာ ၂၄ နာရီလုံးလုံးမီးရခဲ့တာ အဲဒီလေးလပဲ ရှိပါတယ်။ အဲဒီကနေ အခုရေနည်းလာတော့ လျှော့ပေးလာတာပေါ့။ ဒါကြောင့် လက်ရှိပုံမှန်အားဖြင့် ကုန်ထုတ်လုပ်မှုကိုမျှော်ပြီး အလုပ်သမားကိုထိန်းထားရတယ်။ ဈေးကွက်လိုအပ်မှ ဒီဇယ်သုံးပြီး Generator စက်မောင်းရတယ်။ ထုတ်လုပ်မှုစရိတ်တက်သွားတာပေါ့။

ကျွန်တော် အဓိကပြောချင်တာက နေ့ခင်းဘက် ကိုးနာရီလောက်ပဲပေးပါ။ ၂၄ နာရီမှာ ကိုးနာရီပေါ့။ ကျန်တဲ့ ၁၅ နာရီကို ပြည်သူလူထုကိုပေးပါ။ ၂၄ နာရီမတောင်းပါဘူး။ နေ့ခင်းဘက် ကိုးနာရီပဲ တစ်နှစ်ပတ်လုံးပေးပါ။ မီးအားပြည့်ပြည့်ဝဝနဲ့ ဆက်တိုက်ပေးပါ။ ဒါမှ သတ်သတ်မှတ်မှတ်အလုပ်လုပ်လို့ရမှာပါ။

လျှပ်စစ်ဓာတ်အားက ဘယ်လောက်ထိရောက်သလဲဆိုရင် ပြီးခဲ့တဲ့မိုးတွင်းမှာ အလုပ်သမားကိစ္စအရေးတွေပေါ်လာတယ်။ စက်ရုံအချို့က ပိတ်တော့မယ်ဆိုပြီး ယာယီပိတ်ထားကြတယ်။ အဲဒီအချိန်မှာ လျှပ်စစ်ဓာတ်အားစီမံကိန်းတစ်ခု တိုးလာပြီး မီး ၂၄ နာရီ အပြည့်ရလာတယ်။ စက်ရုံတွေက တိုးပြီးလုပ်တဲ့အတွက် အဆင်ပြေလာတယ်။ ကုန်ထုတ်လုပ်မှုစရိတ် သက်သာတဲ့အတွက် အလုပ်သမားတွေ လစာတိုးတောင်းတာကို အတိုင်းအတာတစ်ခုအထိ ပေးနိုင်ခဲ့ပါတယ်။ ဘယ်တုန်းကမျှ မရခဲ့ဖူးတဲ့ ဒီငါးနာရီနောက်ပိုင်းအချိန်ကို ရှစ်နာရီ ကိုးနာရီအထိ တိုးပြီးလုပ်နိုင်ခဲ့တယ်။ အချိန်ပိုဆင်းချင်တဲ့ အလုပ်သမားတွေလည်း အချိန်လေးနာရီလောက် ပိုလုပ်ရတဲ့အတွက် အချိန်ပိုကြေးပိုရတော့ ပျော်ကြတာပေါ့။ အလုပ်သမားတွေရဲ့ တောင်းဆိုမှုကလည်း အဆင်ပြေသွားခဲ့တယ်ပေါ့။

အခုလိုမီးဖြတ်ရင် အချိန်ပိုကို မပေးနိုင်တော့ဘူး။ ဒီဇယ်နဲ့လည်းပေါ့ ဆိုရင် ဒီဇယ်ခက လေးဆတက်သွားမယ်။ ကမ္ဘာနဲ့ယှဉ်ရင် ကုန်ထုတ်လုပ်မှုရဲ့စွမ်းအားသုံးစွဲမှုက များသွားတယ်ပေါ့လေ။ လျှပ်စစ်မီးရဲ့ အားသာချက်က ကုန်ထုတ်လုပ်မှုအပိုင်းမှာ သက်သာတဲ့အတွက် ဈေးကွက်မှာ လျှော့ရောင်းလို့ရတယ်။ ဒါကြောင့် လျှပ်စစ်ကိုလောလောဆယ် တစ်နေ့ကို ကိုးနာရီလောက်ပေးပါ။ ဒုတိယပေးနိုင်တဲ့ ရာသီမှာနံနက် ၇ နာရီကနေ ည ၁၀ နာရီလောက်အထိ ပေးပါ။ အလုပ်သမားတွေလည်း အချိန်ပိုရလို့ ပျော်သွားတာပေါ့။

နောက်တစ်ခုက ကျွန်တော်ကိုရီးယားကို လေ့လာကြည့်တော့ သူတို့ဆီမှာ လျှပ်စစ်တစ်ယူနစ်နှုန်းပေးတာ ငါးမျိုးလောက်ရှိပါတယ်။ ကျွန်တော်တို့ဆီမှာက နှစ်ခု၊ တစ်ခုက ပြည်သူလူထု၊ နောက်တစ်ခုက

စာမျက် ၅ ကော်လံ ၁ ○

မြန်မာအသင်းနည်းပြချုပ် ပတ်ဆောင်ဟွာ

မလေးရှားလက်ထောက်နည်းပြ ဆာဇာလီ

မြန်မာ-မလေးရှား ခြေစမ်းပွဲအတွက် စာနယ်ဇင်းရှင်းလင်း

သတင်းဓာတ်ပုံ - ဖိုးသော်ဇင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

AFC Challenge Cup ခြေစစ်ပွဲအကြို ခြေစမ်းကစားမည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် မလေးရှား ယူ-၂၃ အသင်းတို့၏ ခြေစမ်းပွဲနှင့်ပတ်သက်သည့် စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက MFF ရုံးတွင် ပြုလုပ်ခဲ့သည်။

အဆိုပါစာနယ်ဇင်းရှင်းလင်းပွဲကို မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ပတ်ဆောင်ဟွာ၊ မလေးရှား ယူ-၂၃အသင်းလက်ထောက်နည်းပြ ဆာဇာလီတို့ တက်ရောက်ခဲ့ကြသည်။ မြန်မာအသင်းနည်းပြချုပ် ပတ်ဆောင်ဟွာက “အသင်းမှာ လေ့ကျင့်ပြင်ဆင်ချိန်နည်းသေးကြောင်း၊ ယခုမလေးရှားနှင့်ပွဲကို အကောင်းဆုံးယှဉ်ပြိုင်သွားမည်ဖြစ်သော်လည်း အနိုင်၊ အရှုံးရလဒ်မှာ အဓိကမဟုတ်ပါကြောင်း၊ ယူ-၂၃ ကစားသမားအများစုဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ကစားသမားအသစ်များကိုလည်း စမ်းသပ်သွားရန်ဖြစ်ကြောင်း၊ မလေးရှား ယူ-၂၃ အသင်းက ဆီးဂိမ်းပြိုင်ပွဲအတွက် သေချာပြင်ဆင်နေချိန်တွင် မိမိတို့က ပြင်ဆင်နိုင်ခြင်းမရှိသေးကြောင်း၊ ကစားသမားအင်အားရှားပါးမှုကလည်း အခက်တွေ့စေကြောင်း၊ အခက်အခဲအများကြီးရှိသော်လည်း AFC Challenge Cup ခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ တိုက်စစ်မှူးဖြစ်သူ ကျော်ကိုကိုသည် နည်းပြ၏ လေ့ကျင့်မှုများကို ဝေဖန်ပြောကြားခြင်း၊ အုပ်ချုပ်သူနှင့်နည်းပြများကို ရိုင်းပျစွာပြုမူခဲ့ခြင်းကြောင့် အသင်းမှ ပြန်လည်စေလွှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

မလေးရှား ယူ-၂၃အသင်း လက်ထောက်နည်းပြဆာဇာလီက “ယခုခြေစမ်းပွဲမှာနှစ်သင်းစလုံးအတွက် အကျိုးရှိပြီး ပွဲကောင်းတစ်ပွဲ ဖြစ်မည်ဟုထင်ကြောင်း၊ မိမိတို့အသင်းမှာ လာမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် အဓိက ပြင်ဆင်နေပြီး ၂၀၁၁ ချန်ပီယံအသင်းမှ ခြောက်ဦးပြန်ပါလာကြောင်း၊ မြန်မာအသင်းမှာ အသင်းကောင်းဖြစ်ပြီး ခက်ခဲမည့်ပွဲဟုထင်ကြောင်း” ဟုပြောကြားခဲ့သည်။

မြန်မာအသင်းနှင့် မလေးရှား အသင်းတို့၏ ခြေစမ်းပွဲကို ဖေဖော်ဝါရီ ၂၂ရက် **(ယနေ့)**ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယနေ့ သတင်းအညွှန်း

နွေကျောင်းပိတ်ရက် ဘောလုံးသင်တန်းဖွင့်လှစ်မည် စာ - ၁၀

ထိပ်ဆုံးလေးသင်းဝင်နိုင်ရန် အာဆင်နယ်ကြိုးစားမည် စာ - ၁၃

တောင်ငူတွင် ပြောင်းကို အဓိကထားစိုက်ပျိုးလာ စာ - ၁၄

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို (၄) မျက်နှာ ပါရှိပါသည်။